



mgyoe.com

mgyoe.com

ရှုမဝထဲမှာပါတဲ့ ကျွန်မရဲ့ ဆောင်းပါး 'ဂမုန်းခွက်ပေါက်' ထဲမှာ
ကျွန်မ ဖွင့်ဟဝန်ခံထားသလိုပဲ 'ကြေးမုံရိပ်သွင်' မှာ ဆရာဦးမျိုးမင်း ရေးတဲ့
နိဒါန်းကို ဖတ်ပြီးမှ သြော်... ဝတ္ထုအတိုဆိုတာ ဒါပါလား၊ ဝတ္ထုအရှည်ဆိုတာ
ဒီလိုပါလားလို့ သိလာပါတယ်။ အစကဖြင့် ဘာမှ အဲဒီအင်္ဂါရပ်တွေကို မသိပါဘူး။

ဒါဖြင့် ခင်ဗျား ဘယ်လို စာရေးလဲလို့ မေးရင် ကျွန်မ ဖြေပါမယ်။
ကျွန်မ ဝတ္ထုများဟာ "ဝေဒနာမှ ပွင့်သောပန်းများ ပဲ"
ကျွန်မ အသည်းနှလုံးထဲမှာ ကျွန်မ တကယ် ခံစားလာရပြီ။ ပြင်းပြင်းပြပြကို
မနေနိုင် မထိုင်နိုင် ဖြစ်လာရပြီဆိုရင် ကျွန်မ စာရေးတော့တာပါပဲ။

ပဋိစ္စသမုပ္ပါဒ်လိုပဲ ဖဿပစ္စယာဝေဒနာပေါ့၊ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ
တွေ့ထိခံစားနေရတဲ့ ရုပ်ဝတ္ထုအာရုံနဲ့ ကျွန်မ မနောဝိညာဉ်နဲ့ သို့မဟုတ်
အသည်းနှလုံး ထိလိုက်တဲ့အခါ တွေ့လိုက်တဲ့အခါ ဝေဒနာပေါ်လာတာပါပဲ။
ဝေဒနာဆိုတာ ဝမ်းနည်းတာလည်း ဝေဒနာပဲ။ ဝမ်းသာတာလည်း ဝေဒနာပါပဲ။
နာကျင်တာလည်း ဝေဒနာပါပဲ။ နှစ်သိမ့်တာလည်း ဝေဒနာပဲ။
အဲဒီအခါမှာ ကျွန်မ အသည်းနှလုံးမှာ ခံစားရသလို တစ်ခါတည်း ကျွန်မရဲ့
စာဖတ်ပရိသတ်ရဲ့ အသည်းနှလုံးကို ပုံပြီး သွန်ပြီး ပို့ပေးလိုက်တာပါပဲ။

ရိုးရိုးစကားပြောရရင် လျှပ်စစ်ဓာတ်မီးလိုပါပဲ။
ဓာတ်ဖိုနဲ့ဓာတ်မ ဖျတ်ခနဲ တွေ့လိုက်ရင် မီးထပွင့်တာပဲ။
ကျွန်မ ဝတ္ထုတွေကလည်း ကျွန်မ အသည်းနှလုံးနဲ့ ပြင်ပအာရုံတွေနဲ့ တွေ့တဲ့အခါ
ပွင့်လာတဲ့ မီးပွင့်များပါပဲ။

အဲဒီ ပြင်ပအာရုံဆိုတဲ့ ပတ်ဝန်းကျင်ဟာ ယနေ့ ပြည်သူလူထု တွေကြုံနေတဲ့
ပတ်ဝန်းကျင်နဲ့ ထပ်တူ ထပ်မျှပါပဲ။ ဒါကြောင့် သူတို့ အသည်းနှလုံး ခံစားမှုနဲ့
ကျွန်မ အသည်းနှလုံး ခံစားမှုဟာ ထပ်တူထပ်မျှ ကျသွားတဲ့အတွက်
သူတို့ဟာ ကျွန်မကို ချစ်လာကြပြီး ကျွန်မဟာလည်း သူတို့ရဲ့
အချစ်တော် စာရေးဆရာ တစ်ယောက်အဖြစ်
စာရင်းပါဝင်လာခြင်း ဖြစ်ပါတယ်။

ကျွန်မဟာ သူတို့နဲ့ အတူရှိနေခြင်း ဖြစ်ပါတယ်။

# ခင်နှင်းယု

## ဝေဒနာမှ ပွင့်သောပန်း

ဆောင်းပါးစု

ISBN9789997119742
KHY32
9 789997 119742
4,000.00KS

mgyoe.com

mgyoe.com

ဝေဒနာမှုပွင့်သောပန်း ဆောင်းပါးစု၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၁၄+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ခင်နှင်းယု<br>[ မောင်ကျော်သာ ] | (က) |
| – | စုမေရေးခဲ့သော စာအုပ်များ<br>[ ကလျာမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ ] | (ည) |
| – | မမစုသို့<br>[ ကလျာ (ဝိဇ္ဇာ–သိပ္ပံ) ] | (တ) |
| ၁။ | နောက်ကိုပြန်မတွေးချင် | ၁ |
| ၂။ | ပန်းတိုင်းပွင့်သော တိုင်းပြည် | ၁၄ |
| ၃။ | လနှင့်တိမ်တိုက် | ၃၀ |
| ၄။ | ကမ္ပည်းမထိုးနိုင်သောစာ | ၃၄ |
| ၅။ | ဝေဒနာမှပွင့်သော ပန်း | ၄၁ |
| ၆။ | အပိုင်းနှင့် လေးထောင့် | ၅၈ |
| ၇။ | စာပေနှင့်ကုန်သည် | ၆၅ |
| ၈။ | အပယ်ခံပြဿနာ | ၇၄ |
| ၉။ | ရဲဘော်ဖနီး၏ ကဗျာကြမ်းကြီး | ၈၀ |
| ၁၀။ | ရွှေပုဆိန် | ၈၄ |
| ၁၁။ | ယခုတလော | ၁၀၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၂။ | ညီညီ | ၁၁၈ |
| ၁၃။ | သီဟာဗာဟုနှင့် ပင်ကီ | ၁၂၈ |
| ၁၄။ | ဖိုးရွှေလမင်း | ၁၃၈ |
| ၁၅။ | အောင်ပင်လယ် ရေညှိသန်းချိန်က | ၁၅၂ |
| ၁၆။ | တဒင်္ဂ | ၁၆၃ |
| ၁၇။ | ဖန်ဆင်းရှင် | ၁၇၀ |
| ၁၈။ | မုဒိတာ | ၁၇၉ |
| ၁၉။ | ကျေးဇူးတင်ပါသည်... သို့သော် | ၁၈၅ |
| ၂၀။ | ကျွန်မတို့ ဘာလုပ်ကြမလဲ | ၁၉၂ |
| ၂၁။ | မွေးဖွားခြင်း | ၂၀၉ |
| ၂၂။ | ၂၀ ရာစု ဗိမ္ဗိသာရနှင့် ကြိုးသိုင်းဖိနပ် အမှတ်တရ | ၂၁၉ |
| ၂၃။ | လွမ်းစရာလျှင် ဒီမှာရှိ၏ | ၂၂၆ |
| ၂၄။ | မဟာဇြပတ္တေ လျှာကုဋ္ဌေ | ၂၃၃ |
| ၂၅။ | ထန်းလက်နှင့်ကာခြင်း (၁) | ၂၄၀ |
| ၂၆။ | ထန်းလက်ကာခြင်း (၂) | ၂၄၈ |
| ၂၇။ | ပေးပေးနိုင်လွန်းတယ် | ၂၅၅ |
| ၂၈။ | တိုကျိုရောက်လျှင် | ၂၆၇ |
| ၂၉။ | ဘော်လီ ၁၀ ထည်နှင့် ဖိနပ်တစ်ရံ | ၂၈၁ |
| ၃၀။ | တိမ်စင်သာသည့် စန္ဒာမင်းလို | ၂၉၂ |
| ၃၁။ | စာပေစကားဝိုင်း | ၃၀၅ |


■

mgyoe.com

mgyoe.com



# ခင်နှင်းယု

ခင်နှင်းယုဆိုလျှင် နိုင်ငံတော် ဝန်ကြီးချုပ်၏ အတွင်းဝန်၊ စစ်ဗိုလ်ကတော် အစရှိသဖြင့် လူကိုယ်တိုင် မတွေ့ဖူးသော်လည်း သူ့ဝတ္ထုများကို ဖတ်ရှုကာ သိရှိနိုင်ပေသည်။

ဝန်ကြီးချုပ်၏ အတွင်းဝန်၊ စစ်ဗိုလ်ကတော် ဆိုပါက လူကုံထံအထက်တန်းစား အသိုင်းအဝိုင်းများတွင် တွေ့ရတတ်သည့် နှုတ်ခမ်းနီပါးနီ အမေရိကန်နိုင်လွန် သိုင်းကြိုးမပါသော ဇာဘော်လီနှင့် သုံးလေးရာတန် ပိုးဖဲဘရိုကိတ် အင်ဒိုနီးရှားပါတိတ်ထည်များကိုမှ ထည်လဲဝတ်ဆင်သူ၊ ကိုယ်လုံးကိုယ်ထည်အားဖြင့်လည်း မယ်တစ်ယောက်သော်လည်း ဖြစ်ရမည်။ သို့မဟုတ် မယ်တစ်ယောက်ကဲ့သို့ ဖွံ့ဖြိုးလှပသူ၊ သို့ ဖွံ့ဖြိုးခြင်းချို့တဲ့ခဲ့ပါလျှင်လည်း အဖုအထစ် အတုအပများကို တပ်ဆင်သူ၊ မမြင်မတွေ့ဖူးသော လူစိမ်းသူစိမ်းများ၊ မရင်းနှီးသော သူများရှေ့တွင် မင်းစိုးရာဇာအသွင်ကို ဆောင်သောအားဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့၍ တမင်ဟန်လုပ်ထားလေ့ရှိသော ဣန္ဒြေရှင်မများကဲ့သို့ပင် ထည်ထည်ဝါဝါနေတတ်သော ပညာတတ် အန္တယ်ဝင် တစ်ဦးလေလားဟု စိတ်ကူးထဲတွင် တွေးထင် တင်စား မြင်ယောင်မိခဲ့သည်။

လူကိုယ်တိုင် တွေ့ရသောအခါ၌ကား အံ့သြတွေဝေသွားမိသည်။

mgyoe.com

mgyoe.com



မြဝတီမဂ္ဂဇင်း တည်ထောင်စက ဖြစ်သည်။

ပုံနှိပ်စက် အခက်အခဲများကြောင့် လစဉ် ဖောင်ပိတ်ရက် ညများတွင် မဂ္ဂဇင်း သံယောဇဉ် ကြီးမားသော အယ်ဒီတာများ နေ့ရောညပါ အလုပ်ဆင်းကြ၏။ တစ်ညသ၌ ထိုစဉ်က မြဝတီ အမှုဆောင်အရာရှိ ဗိုလ်ကြီး ကျော်သောင်း၏ နောက်ပါးမှ ခပ်ယို့ယို့ကလေး လိုက်ပါလာသည့် ခင်နှင်းယုကို တွေ့မြင်ရသောအခါတွင်ကား စိတ်ကူးထဲမှ ရုပ်ပုံနှင့် ကွာခြားလွန်းမက ကွာခြားကာ ဖီလာဆန့်ကျင်လျက် ရှိလေသောကြောင့် တအံ့တသြ တွေဝေငေးမောကာ ကြည့်နေမိသည်။

ကိုယ်လုံးကိုယ်ထည် သွယ်သွယ်ပါးပါးတွင် ထူထဲသော ပင်နီရောင်ဖျင်စ ခပ်ဖားဖားကို ဝတ်ထား၏။ အဆင်ရင့်ရင့် သရက်ထည်လုံချည် အလတ်စားနှင့် အင်္ကျီခပ်ဖားဖားများကြောင့် မိန်းကလေး၏ မျက်နှာမှာ ရှိရင်းစွဲ အသက်ထက် အတန်ငယ် ရင့်ရော်လျက် ရှိလေသည်။ အသားမှာ ဝါဖျော့ဖျော့၊ အရပ်အမောင်းနှင့်စာသော် ဦးခေါင်း အနည်းငယ် ကြီးသယောင်ယောင်ရှိ၍ နဖူးကျယ်၏။ ခိုင်ခံ့သော မေးရိုးနှင့် မျက်နှာတွင် တောက်ပကြည်လင်၍ စူးရှရဲရင့်စွာ ကြည့်တတ်သော မျက်လုံးများကား မိန်းကလေး၏ အလှနှင့် ထူးခြားချက်များပင်တည်း။

စိတ်ကူးထဲမှ ဝန်ကြီးချုပ်၏ အတွင်းဝန်၊ စစ်ဗိုလ်ကတော်၏ ဟန်ပန် အသုံးအဆောင် နှုတ်ခမ်းနီပါးနီ နိုင်လွန် စသည်တို့မှာ ဤ မိန်းကလေးနှင့် ပတ်သက်စပ်ဆိုင်အပ်သော ပစ္စည်းများ မဟုတ်ပေ။

"တွေ့ရတာ ဝမ်းသာပါတယ်၊ မစုတို့ကလည်း အစ်ကိုကြီး (သူ၏ ခင်ပွန်းသည် ဗိုလ်ကြီးကျော်သောင်း) လိုပဲ ခင်တတ်ပါတယ်။ မစုတို့အိမ်လည်း လာလည်ပါနော်"

စကားသံမှာ လျှင်မြန်သလောက် ပြတ်သားကြည်လင်လှသည်။ မျက်လုံးအကြည့်မှာ စူးရှ၍ ရဲရင့်သည်။ ကိုယ်လုံးကိုယ်ထည် နွဲ့နှောင်း၍ အမူအရာအားဖြင့် ပျော့ပျောင်းမည် ထင်ရသော်လည်း အပြောအဆိုမှာ သွက်လက်လှသည်။

သည်လိုနှင့် ဗိုလ်ကြီးကျော်သောင်း၏ ခင်နှင်းယုနှင့် သိကျွမ်းခင်မင်ကာ သူတို့အိမ်သို့ အလည်အပတ် ရောက်လေ့ ရှိသည်။

mgyoe.com

mgyoe.com



ဧည့်သည်တို့၏ ထုံးစံအတိုင်း အပျင်းပြေ ဓာတ်ပုံစာအုပ်များကို လှန်လှောကြည့်မိသည်။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ ငယ်ရွယ်စဉ်အခါက ရိုက်ကူးထားသော ဓာတ်ပုံအတော်များများကို တွေ့ရသဖြင့် စကားစပ်မိကာ ခင်နှင်းယုမှာ ဇာတိ ဝါးခယ်မမြို့သူ ဖြစ်ကြောင်းနှင့် ဦးနု၏ ညီမငယ်ဖြစ်ကြောင်း သိရလေသည်။

"မစု ခုလို စာကလေး ပေကလေး ရေးနိုင်တာ မစုတို့ မေမေနဲ့ ကိုကိုကြီး (ဦးနုကို ဆိုလိုသည်)ရဲ့ ကျေးဇူးတွေ တော်တော်များများပဲ ပါပါတယ်။ မေမေကဆိုရင် ရှေးထုံးတမ်းစဉ်လာ ရိုးရာ ယဉ်ကျေးမှုတွေကို တော်တော် ရိုသေလေးစားတတ်တော့ သားသမီးတွေကိုလည်း သူ့လိုပဲ လိုက်နာစေချင်တယ်။ မစု စာဖတ်တဲ့ အလေ့အကျင့်လည်း မေမေ့ဆီက ရခဲ့ရတာပါပဲ။ မေမေက စာဖတ်ချိန်ဆိုရင် တစ်အိမ်လုံး တစ်ယောက် တစ်အုပ် ကိုင်ပြီး အဖတ်ခိုင်းလေ့ ရှိတယ်။ နိုင်ငံရေးဆိုရင်လည်း အိပ်ရာမဝင်ခင် သားအမိ အိမ်သားစုတွေ ဝိုင်းထိုင်ငြင်းခုံပြီးမှ အိပ်ရာဝင်ကြရတာ ပါပဲ"

သူသည် သူ့မိခင်၏ ကျေးဇူးတရားများကို စကားစပ်မိတိုင်း ပြောတတ်သည်။ ထိုအခါများ၌ သူ၏ တောက်ပကြည်လင်သော မျက်လုံးများတွင် မျက်ရည်စကလေးများ ဝေ့လည်နေတတ်ပေသည်။ မိခင်ကို ချစ်တတ်သူဖြစ်၍လည်း–

"ကျွန်မ မေမေနဲ့သာ ခုထိနေနေရရင် လောကကြီးမှာ ဘယ်ဘဝကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ မကြောက်ပါဘူး" ဟူ၍ သူ၏ ချစ်လှစွာသော ဗိုလ်ကြီးကို အနားမှာထားကာ ရက်ရက်စက်စက်ပင် ပြောတတ်ပေသည်။ သူသည် မိခင်ကို အစဉ်အားကိုးပိုဟန် ရှိပေသည်။

သည့်နောက် မခင်နှင်းယု အိမ်သို့ မရောက်ဖြစ်တော့။ ခရီးသွားရင်း လာရင်း လမ်းမများပေါ်တွင်ကား မကြာခဏ တွေ့ရတတ်ပေသည်။ မိုးအခါ သိမ်ကြီးဈေး ဘတ်စ်ကားဆိပ်ရှိ ရေပွက် ရေအိုင်များကို ထဘီကလေး တိုတိုပြင်ဝတ်ရင်း ကျော်လွှား ပြေးသွားနေသည်လည်း ရှိသည်။ ထိုအခါများဝယ် ပြည်တော်သာခေတ်အတွင်း ကားမစီးနိုင်သော ဝန်ကြီးချုပ်၏ အတွင်းဝန်မကလေးကို ကြည့်ကာ စိတ်မကောင်းသဖြင့် နှုတ်ဆက်ရင်း မေးမိသည်။

mgyoe.com

mgyoe.com



"ဒေါ်ခင်စုကို ရုံးက ကားမပေးဘူးလား"

"ပေးတော့ ပေးပါတယ်၊ ပေးတဲ့ ကားက ဆီစားလွန်းတော့ ရုံးက ပေးတဲ့ ဆီနဲ့ မလောက်ဘူး၊ အိတ်ထဲက စိုက်ရတယ်။ ကြာတော့ အိမ်သား များတဲ့အိမ်မို့ မတတ်နိုင်ဘူး"

သူ စိတ်ပါဝင်စားလျှင် လမ်းမများပေါ်တွင်ပင် စကားကို အလျဉ် မပြတ် ပြောတတ်သည်။

သူ့တွင် အမြဲတစေ ကြီးလေးသော မိသားစု တာဝန်ကြီး ရှိနေ ကြောင်းကိုလည်း သူ့စကားများတွင် အမြဲပါလာတတ်၍ သိရသည်။ သူ့ တွင် လျှို့ဝှက်ခြင်း၊ ဟန်ဆောင်ခြင်း ကင်း၍ အမြဲပင် ပွင့်ပွင့်လင်းလင်း ရှိသည်။ တစ်ခါကလည်း မဂ္ဂဇင်းတိုက် တစ်ခုမှ ငွေရေးကြေးရေး ကိစ္စနှင့် ပတ်သက်၍ သူ့အား မကောင်းပြောသည်ဟု ကြားရသောသူတစ်ဦးအား လူအများရှေ့တွင်ပင် ရဲရဲရင့်ရင့်နှင့် ဖြောင်းဖြင့်မေးလေသည်။ လမ်းမပေါ် တွင်ကား အမြဲတမ်း တစ်စုံတစ်ခု အရေးကြီးနေသောကြောင့် အချိန်ကို လု၍ အပြေးအလွှား သွားနေသော သူ့ကို တွေ့ရသည်။ တစ်ခါတစ်ရံ ရေးကြီးသုတ်ပျာနိုင်လှသော သူ့ကို ကြည့်ကာ မနေသာသဖြင့်–

"ဒေါ်ခင်စု ဘာတွေများ အရေးကြီးနေလို့ပါလဲ" ဟုပင် မေးမိတတ် သည်။

"မစု စာမေးပွဲဖြေဖို့ ကျောင်းကလည်း တက်နေရသေးတယ်။ ဒီဂရီ မရှိတော့ အလုပ်မှာ မျက်နှာငယ်တယ်"

အိမ်သားများသော မိသားစု တာဝန်ကြီး တစ်ဖက်နှင့် အလုပ်လုပ် ကာ ဝတ္ထုရှည်များကို အဆက်မပြတ် ရေးရင်း ကျောင်းတက် စာမေးပွဲ ဖြေနေသော သူ့ကို ကြည့်ကာ အမြဲတစေ အချိန်လု၍ ပြေးလွှားနေရသော ဘဝကို နားလည်လိုက်မိရသည်။ "ဒီဂရီ မရှိတော့ အလုပ်မှာ မျက်နှာငယ် တယ်" ဟု ပြောသွားပြီး မကြာမီ မြဝတီသို့ "အုတ်ကြားမြက်" ဝတ္ထု ရေး ပို့လိုက်လေသည်။ အုတ်ကြားမြက်မှာ ဒုတိယကမ္ဘာစစ် ခေတ်ပျက်များ အတွင်း ပညာရည်ချွန်သော်လည်း စာမသင်ရသောသူများအကြောင်း ဖြစ် လေသည်။

မင်းစိုးရာဇာ လူ့အထက်လွှာ အသိုက်အဝန်းအတွင်း ကားမစီးနိုင် သော အတွင်းဝန်မကလေးသည် ဒီဂရီ မရှိသေးသောကြောင့် အချိန်ပို

mgyoe.com

mgyoe.com



ကျောင်းတက်ကာ ခေတ်ကို အပြေးအလွှား လိုက်နေရစဉ်အတွင်း သူ ရေးလိုက်သော 'မစန္ဒာ' နှင့် 'နဂါးငွေ့တန်း' ဝတ္ထုတို့မှာ အထက်လွှာတို့၏ သစ္စာမဲ့မှုနှင့် လူတန်းစား ခွဲခြားမှု၊ ဟန်ဆောင်မှု၊ ယုတ်မာရက်စက်ခြင်းတို့ကို တင်ပြလာဟန် ရှိပေသည်။ ထို့နောက်ပိုင်း 'ပန်းများကို ပွင့်စေသူ' 'ပိုးခန်းဆီးနောက်မှ ငရဲခန်းများ' ဝတ္ထုများကား ဖဆပလ ဌာနချုပ်နှင့် ဝန်ကြီးချုပ် ပတ်ဝန်းကျင်မှ နိုင်ငံရေးနယ်ပယ်နှင့် အစိုးရ အရာရှိကြီးကြီးပိုင်းတို့ ရက်စက်ဖောက်ပြန်ပုံကို ခြယ်ရေးလာလေသည်။ ထိုအတွင်း ခင်နှင်းယုမှာ ဝန်ကြီးချုပ်၏ အတွင်းဝန် ဘဝဖြင့် ခရီးထွက်ခြင်းများကြောင့် မတွေ့ရတော့ပေ။

မမျှော်လင့်သော တစ်နေ့တွင် လမ်းမပေါ်မှာပင် ဆုံကြမိပြန်သည်။ သူသည် စာရေးသူအား အရေးတကြီး တွေ့လိုဟန် ရှိနေပေသည်။ စာရေးသူမှာ ထိုအချိန်က လမ်းဘေး အရက်ဆိုင် တစ်ဆိုင်မှ ဂေါ်ရင်ဂျီများကြားတိုးဝှေ့နေသည်။ ညနေပိုင်း ရုံးဆင်းချိန်လည်းဖြစ်၍ အဝတ်အစားကလည်း ခပ်စုတ်စုတ်မို့ သူ့ကို နှုတ်မဆက်လို။ သူသည် ဂေါ်ရင်ဂျီများကြားမှ စာရေးသူအား လှမ်းခေါ်နှုတ်ဆက်လိုက်လေသည်။ သူ့ဘေးမှ အဖော်ပါလာသော သားသားနားနား မိန်းမပျိုကား နားမလည်နိုင်သလို မျက်နှာကို ရှုံ့မဲ့နေပေသည်။ သူ တွေ့လိုသောအကြောင်းမှာ မြဝတီတွင် သူ ရေးခဲ့သည့် 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထုနှင့် ပတ်သက်၍ သူ့ဇာတ်လိုက် ပုဂံမြို့သားကြီး ကိုကြာယုံထံမှ စာတစ်စောင် စာရေးသူထံ ရောက်နေကြောင်း ကြားရသောကြောင့် ဖြစ်လေသည်။ သည်တော့မှ စာရေးသူမှာ သက်ပြင်းချမိသည်။ သူ့တွင် စာရေးသူနှင့် ဂေါ်ရင်ဂျီ ကုလားထက် ဆိုးဝါးသော ဘုရားကျွန် မိတ်ဆွေများလည်း ရှိသေးသကိုးဟု လိပ်ပြာသန့်စင်သွားမိသည်။ ထိုအခါက အဖြစ်အပျက်ကို စဉ်းစားမိလျှင် သူသည် စိတ်ဝင်စားမှုတွင် မဆင်မခြင် လုပ်တတ်သော သဘောရှိပုံကို ခန့်မှန်းမိသည်။

ထိုသို့ သူ လုပ်လိုလျှင် တဇွတ်ထိုးနိုင်လှသော စိတ်ကို စိုးရိမ်သောကြောင့်ပင် သူ ရေးသည့် ဝတ္ထုမှန်သမျှ ပုံမနှိပ်ခင် သူက အစ်ကိုကြီးဟု ခေါ်သည့် ခင်ပွန်းသည် ဗိုလ်ကြီးကျော်သောင်းကို တင်ပြရ၏။ သူ့ကို 'အချို' ဟု ခေါ်တတ်သည့် ဗိုလ်ကြီးက မျှမျှတတ မရှိမ ပဋိပဒါကျအောင်

mgyoe.com

mgyoe.com



ဝေဖန်ပြလေ့ ရှိ၏။ တစ်ခါတစ်ရံလည်း လောကကြီးကို အစိုးရိမ်လွန်သော ဗိုလ်ကြီးကြောင့် အယူအဆ ပြင်းပြင်းထန်ထန် သဘောကွဲလွဲကာ မျက်ရည် ပေါက်ပေါက်ကျပြီးမှ ထွက်ခဲ့ရသော ဝတ္ထုများလည်း ရှိခဲ့ပေသည်။

"Men are defeated by their own strength" ဟူသော ဝါဒကို ဗိုလ်ကြီးက လိုက်နာစေချင်ပေသည်။ ဗိုလ်ကြီး၏ အစိုးရိမ်လွန်ပုံနှင့် ပတ်သက်၍ ကျွန်တော်တို့တစ်တွေ ပြောမဆုံး ဝမ်းနည်းမဆုံးသော ဝတ္ထု တစ်ပုဒ် ရှိလေသည်။ ထိုဝတ္ထုမှာ ဒေါ်ခင်စုသည် ဦးနှောက်၊ အသည်းနှလုံး နှင့် လူကို စက်ရုပ်လို ပုံသွင်းလိုသူများအား ရည်စူးရေးထားသော **"ရွှေ ပြည်တော်"** ဝတ္ထု ဖြစ်ပေသည်။ ထိုဝတ္ထုကို ယခုမှ ထုတ်ဝေလျှင် မကောင်းတော့ပေ။ အဘယ်ကြောင့်ဆိုသော် ယူဂိုစလပ်မှ ခေါင်းဆောင် တစ်ဦးဖြစ်သော မိလိုဗန်ဂျီးလပ်စ်၏ ကမ္ဘာကျော်သွားသည့် **"လူတန်းစား သစ်"** စာအုပ် ထွက်ပေါ်ပြီး ဖြစ်သောကြောင့် ထိုစာအုပ်ကို မှီးရေးသည်ဟု အထင်ခံရပေမည်။

* * *

ဦးနု ဝန်ကြီးချုပ်အဖြစ်မှ အနားယူ၍ ဖဆပလတွင် ထိုင်စဉ်က ခင်နှင်းယုကို ဖဆပလ ဥက္ကဋ္ဌကြီး၏ အတွင်းရေးမှူးအဖြစ် တွေ့ရပြန် သည်။ ထိုအခါက သူသည် ရှုမဝတွင် 'ဩော်... ဖဆပလ' ဆောင်းပါးများ ရေးနေချိန် ဖြစ်ပေသည်။

"ကျွန်တော်တို့တော့ ကျွန်တော်တို့ရဲ့ စာရေးဆရာမ ခင်နှင်းယုကို ပါတီနိုင်ငံရေးတွေထဲ ရောထွေးပါမသွားစေချင်ဘူး။ ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ရတဲ့ လွတ်လပ်တဲ့ ကလောင်ရှင်တစ်ဦးအဖြစ်နဲ့ သူတို့ နိုင်ငံရေး သမားတွေရဲ့ ဘဝအရှုပ်အထွေးတွေကို ရာဇဝင် သင်ခန်းစာတွေ အဖြစ်သာ ရေးခြယ်စေချင်ပါတယ်"

ကျွန်တော်တို့က ဖဆပလအကွဲဂယက်နှင့် ဆက်စပ်ကာ ပါတီနိုင်ငံ ရေးများကို စိတ်ပျက်နေချိန်ဖြစ်၍ သူ ရေးသော ဆောင်းပါး အယူအဆများ နှင့် ပတ်သက်ပြီး စကားစမိကြသည်။

"အဲဒီနိုင်ငံရေးနဲ့ ပတ်သက်လို့ကတော့ မစုကို အထင်မလွဲစေချင် ဘူး၊ မစု နိုင်ငံရေးသမားလည်း မဟုတ်ပါဘူး"

mgyoe.com

mgyoe.com



နိုင်ငံရေးနှင့် ပတ်သက်၍ သူသည် တုန်လှုပ်စွာ ငြင်းကွယ်လေသည်။

"တစ်ခုတော့ ရှိပါတယ်၊ မစုမှာ နိုင်ငံရေး ရာဇဝင်တော့ ရှိခဲ့ပါတယ်။ ဒါကလည်း ဟိုအချိန်တုန်းက အမျိုးသား လွတ်လပ်ရေးက အရေးကြီးလို့ ၁၉၄၆ ခုမှာ ဖဆပလ ဌာနချုပ်၊ ဝါဒဖြန့်ချိရေးဌာန လက်ထောက် အတွင်းရေးမှူး လုပ်ခဲ့တာ တစ်ခုပါပဲ။ ဒါလည်း မစုနဲ့ မကိုက်ပါဘူး၊ ဝါဒဖြန့်တယ်ဆိုတာ သူတစ်ပါး အသိဉာဏ်ကို စော်ကားတာလို့ပဲ ထင်နေမိတယ်။ ဒါကြောင့်လည်း ခုတော့ ဖဆပလ ဝါဒဖြန့်ရမယ့်အစား ဖဆပလ ပြုပြင်ရေးတွေပဲ ရေးခဲ့တယ်"

သူသည် ဖဆပလ ပြုပြင်ရေးကို ဖဆပလ သတင်းစဉ်တွင် ပထမဆုံး ရေးသူ ဖြစ်၏။ ထိုဆောင်းပါးမှာ "ခြသေ့်ပိုး" ဖြစ်သည်။ ခြသေ့်သည် တောသုံးတောင်ကို အစိုးရသော်လည်း သူ့ကိုယ်တွင်းမှ သူ့အဆီအသားကို စုပ်မျိုနေသော ပိုးကို မနှိမ်နင်းနိုင်သလို ဖဆပလသည်လည်း လျှမ်းလျှမ်းတောက် တန်ခိုးထက်သော်လည်း ဖဆပလ သွေးကို စုပ်ကာ အခွင့်အရေးယူသော နိုင်ငံရေးသမားတို့ကို မနှိမ်နင်းနိုင်၍ ထိုအဖြစ်များ များပြားလာလျှင် ဖဆပလကြီး ကျဆုံးပြိုကွဲမည်ဟု ကြိုတင်နိမိတ်ဖတ်၍ ပြုပြင်နေခဲ့လေသည်။ ထိုဆောင်းပါးကို နောက်တစ်နေ့ထုတ် ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သော "ပြည်သူ့အာဏာ" ဂျာနယ်မှ ထောက်ခံကြောင်း ရေးသားလိုက်သောအခါမှ ဝါဒဖြန့်ရမည့်အစား ပြုပြင်ရေးကို ပြုမိသော သူ့ဆောင်းပါးအတွက် ခိုးလိုးခုလု ဖြစ်သွားခဲ့ပေသည်။ ဤဆောင်းပါးကြောင့်လည်း သူ့အား တောနယ်မှ တက်လာသူအဖြစ် အထင်သေးခဲ့သော ဖဆပလဌာနချုပ်မှ လူများ၏ စိတ်ဝင်စားမှုကို တွေ့ခဲ့ရသည် ဆိုပေသည်။

"ခက်တာက အဲဒီတုန်းကများ ကိုယ့်ဘက်က လူတွေ နေရာလုတာ အောက်ခြေလွတ်တာကိုလည်း စိတ်ပျက်၊ တစ်ဖက်က ကွန်မြူနစ်တွေကိုလည်း မထောက်ခံနိုင်တော့ ဘယ်သွားနေရမှန်းတောင် မသိတော့ဘူး၊ အဲဒီမှာတင် ဒီရှုပ်ရှုပ်ထွေးထွေး နိုင်ငံရေး ပတ်ဝန်းကျင်ထဲက ပြေးပေါက်ရှာရင်း ကျွန်မ ဖန်ဆင်းတဲ့ ကမ္ဘာလေးထဲသွားပြီး ပုန်းအောင်းသွားနေမိတယ်"

သူ ပြောသော ကမ္ဘာမှာ သူ၏ ဝတ္ထုများပင် ဖြစ်ပေမည်။ "ကိုကို

mgyoe.com

mgyoe.com



ကြီး (ဦးနုကို ဆိုလိုသည်) ဝန်ကြီးချုပ်ဖြစ်ပြီး ၁၉၄၈ ခု ဩဂုတ်လထဲမှာပဲ မစုကို သူ့အတွင်းရေး အတွင်းဝန် ခေါ်ခန့်ပါတယ်။ ဒီလို ကိုကိုကြီးနဲ့ နီးနီးကပ်ကပ် နေခဲ့ရလို့လည်း ဘဝကို ဆင်ခြင်သုံးသပ်ပုံနဲ့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ နေရမယ် ဆိုတဲ့ ဆုံးမဩဝါဒတွေကြောင့် မစု ဝင်ဒါမီယာ ပတ်ဝန်းကျင်မှာ အတွင်းဝန်သာ ဆိုတယ်။ အိမ်စေကလေးလိုပဲ နေခဲ့ပါ တယ်။ ဝန်ကြီးချုပ်အနားမှာ နေရလို့လည်း လောကကြီးကို အမြင့်ဆုံး နေရာကနေ ကြည့်ရတဲ့ မြင်ကွင်းတွေရပြီး စာရေးနိုင်ဖို့ အချက်အလက် ဇာတ်ကွက်ဇာတ်လမ်းတွေ ရခဲ့ရပါတယ်။ ဒါနဲ့ စာတွေ စရေးတာပါပဲ။

"ဒီလို စာစရေးဖြစ်ရာက ရှေ့ဆက် ရဲရဲရေးဝံ့ဖို့ ဆရာဦးတင့်တယ်ရဲ့ ကျေးဇူးလည်း ပါပါတယ်။ ပဒေသာမဂ္ဂဇင်းမှာ 'အရိုင်း' ဆိုတဲ့ ဝတ္ထု ခင်နှင်း ယု နာမည်နဲ့ ပါလာပြီး ဦးတင့်တယ်ရဲ့ အားပေးတိုက်တွန်း ဝေဖန်မှုကို ရတာနဲ့ နောက်ပိုင်း ရှုမဝမှာ 'နွေနှောင်းရက်ကျန်' ဆက်ရေးပါတယ်။ နွေနှောင်းရက်ကျန်ကတော့ နိုင်ငံရေးမှာ မကောင်းပေမယ့် လူကောင်း လည်း လိုတယ် ဆိုတာ ရည်ရွယ်ရေးခဲ့တာပါပဲ။ ဒါကြောင့် မစုနိုင်ငံရေး သမားတော့ မဟုတ်ဘူး၊ မစု ပတ်ဝန်းကျင်ရဲ့ ခံစားရချက်တွေကို ရေးမိတာ ပါပဲ။

ထိုစဉ် ပြန်ကြားရေးဝန်ကြီး သခင်ချစ်မောင် ရောက်ရှိလာပြီး ဦးနု နှင့် တွေ့စရာရှိကြောင်း ပြောသဖြင့် ဖဆပလ ဥက္ကဋ္ဌ၏ အတွင်းရေးမှူး ဒေါ်ခင်စုအား နှုတ်ဆက်ထွက်ခွာခဲ့ရသည်။

* * *

ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲ အရေးတော်ပုံအတွင်း သူနှင့် မတွေ့ ဖြစ်၊ ဤဆောင်းပါးရေးရန် သူ့ထံ ခွင့်တောင်းခံစဉ် ဝန်ကြီးဟောင်း သခင် သာခင်ကို သူနှင့်အတူ တွေ့၍ အံ့ဩတွေဝေနေမိ၏။

"မခင်စုအကြောင်း ရေးချင်ရင် ကျုပ်ကို မေးဗျ၊ သူ့အကြောင်းကို စုံစုံစေ့စေ့ သိတဲ့လူထဲမှာ ကျုပ်လည်း တစ်ယောက် အပါအဝင်ပဲ"

ကျွန်တော့်မှာ တည်မြဲ ထိပ်တန်းခေါင်းဆောင် တစ်ဦးနှင့် သန့်ရှင်း ဥက္ကဋ္ဌကြီး၏ ညီမငယ်တို့၏ ခင်မင်ရင်းနှီးမှုကို တအံ့တဩ ဖြစ်နေမိသည်။

mgyoe.com

mgyoe.com



"ဟုတ်တယ်၊ ဟုတ်တယ်။ ကိုကျော်သာတို့ ရေးဖြစ်ရင် သခင်သာခင်ကြောင့် မစု စာရေးဆရာ ဖြစ်လာတာလည်း ရေးရမယ်။ မစု ရေးတဲ့ စကားလုံး လှလှပပလေးတွေဟာ သခင်သာခင်ဆီက ရတာပါပဲ။ ကျွန်မတို့မှာ ရန်သူ မရှိပါဘူး" သခင်သာခင်မှာ အသံသြကြီးနှင့် ရယ်မောနေပေသည်။ "ခုအချိန်တော့ မကောင်းသေးလို့ပါ။ မစု စာတစ်အုပ် ရေးစရာရှိပါတယ်။ အဲဒီစာအုပ်က 'ကျွန်မ၏ ချစ်သူများ' ဆိုပြီး ဦးနု၊ သခင်သာခင်နဲ့ ဗိုလ်ကြီးကျော်သောင်း အကြောင်း ရေးမလို့ပဲ"

အခြားအခြားသောသူများ အခဲမကျေနိုင်အောင် ဆဲဆိုနေကြသောကာလအတွင်း ဤလို သူတို့တစ်တွေ ရင်းနှီးခင်မင်နေခြင်းများသည် စာပေကို ချစ်မြတ်နိုးသူများ၊ စာပေ၏ မေတ္တာပေါင်းကူး တံတားပင်တကားဟု စိတ်ဝယ်ကြည်နူးမိရင်း ခင်နှင်းယုအား စာပေသမားသန့်သန့် ဖြစ်ပါစေသတည်းဟု ဆုတောင်းလိုက်ရပေသတည်း။

မောင်ကျော်သာ

■

mgyoe.com

mgyoe.com



## စုမေ ရေးခဲ့သော စာအုပ်များ

မှတ်မိသလောက် အသက်ဆယ့်တစ်နှစ်အရွယ်မှစ၍ မြန်မာဝတ္ထုတို များ ဖတ်ခဲ့သည်။ အသက်ဆယ့်နှစ်နှစ်အရွယ်တွင် ဆူးလေဘုရားလမ်းရှိ တိုက်ခန်းမှ ပြည်ထောင်စုလမ်းရှိ ခြံအိမ်သို့ ပြောင်းရွှေ့လာကြသည်။ စာဖတ်ခန်းမှ ဗီရိုအပြင် ကိုယ်ပိုင်အိပ်ခန်းထဲတွင် စာအုပ်ဗီရိုသတ်သတ်ရှိပြီး ကိုယ်ပိုင်ဝတ္ထုစာအုပ်များ စုထားခဲ့သည်။ စုမေ၏ ထုတ်သမျှ ဝတ္ထု စာအုပ် များအပြင် မုန့်ဖိုးမှစုပြီး ဝယ်ဖတ်သော ဝင်းဦး၊ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များလည်း ပါရှိသည်။ တစ်ခါတစ်ရံ ထုတ်ဝေသူများ စုမေ၏ စာအုပ်ကို ထပ်ထုတ်လိုသောအခါ မရှိ၍ မိမိ၏ စာအုပ်အဟောင်းကို တောင်း၍ ပေးလိုက်ရသောအခါလည်း ရှိသည်။ 'မဟာသာကီ' စာအုပ် မျက်နှာဖုံးပေါ်မှ အဘွားအို တစ်ယောက် စီးကရက် သောက်နေပုံ၊ 'မွေး' စာအုပ်မျက်နှာဖုံးမှ မြင့်မြင့်ခင်၏ လှပသော မျက်နှာကို ယခုတိုင် မျက်စိထဲ မှ မပျောက်ပါ။

ဆေးကျောင်းစတက်ကတည်းက ဝတ္ထုလောကနှင့် အဆက်အသွယ် ပြတ်ခဲ့သည်။ ကျောင်းစာပဲ ဖိဖတ်ခဲ့ရသည်။ နောင်အခါ အိမ်များ ပြောင်း ရွှေ့သည့်အခါ ခင်ပွန်းလုပ်သူက စာအုပ်များကို မပျောက်မရှအောင် သိမ်း ပေးသော်လည်း လက်ဆော့သူများ၏ လက်ချက်ခံရသေးသည်။ စုမေ ရှိ တုန်းကလည်း တချို့ စာအုပ်အဟောင်းများ တောင်း၍ ပေးလိုက်ရသေး

mgyoe.com

mgyoe.com



သည်။ စုမေ ကွယ်လွန်ပြီးနောက် အိမ်များရှိ စာအုပ်အားလုံးကို သိမ်းရုံ သိမ်းထားခဲ့ရသည်။ စာရင်းမပြုစုဖြစ်ခဲ့။

လွန်ခဲ့သော စက်တင်ဘာလ ၇ ရက် ၂၀၀၃ ခုနှစ်က စုမေရဲ့ မွေးနေ့နှင့် ဖေမောင်း (ဖခင် ဗိုလ်မှူးကြီးကျော်သောင်း) ကွယ်လွန်ရက် နှစ်ပတ်လည်တို့ကို ရည်စူးပြီး ချမ်းမြေ့ရိပ်သာတွင် ဆွမ်းကျွေးရန်အတွက် ရန်ကုန်ကို ပြန်ခဲ့သည်။ ဘယ်မှ မလည်အားဘဲ စုမေ၏ စာအုပ်များကို စာရင်းလုပ်ခဲ့သည်။ မကြာသေးခင်ကပဲ စင်ကာပူတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ထုတ်ဝေသော နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်းစာအုပ် ရခဲ့သည်။ စာရေးဆရာ၏ အကြောင်းအရာများ၊ စာအုပ်စာရင်းများ သက္ကရာဇ်အလိုက် ရှာဖွေ စီစဉ်ရသည်မှာ အလွန်ခက်ခဲသော ပြုစုခြင်းတစ်ရပ် ဖြစ်ပါသည်။ စုမေ၏ တချို့ စာအုပ်များစာရင်းတွင် လျော့နေသည်ကို တွေ့ရ၍ ဖြည့်စွက်ရန် လိုအပ်သော စာအုပ်အမည်များကို သက်ဆိုင်ရာ ဦးစီးဌာနသို့ ပို့ပေးလိုက်ရပါသည်။ စုမေ၏ စာအုပ်တချို့ ထုတ်ဝေခဲ့သည့်နှစ်များ မှားယွင်းနေသည်မှာ ယခင်တုန်းက ထုတ်ဝေသူ တော်တော်များများ ထုတ်ဝေသည့် နှစ်၊ လများ ထည့်သွင်းခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ရှုမဝ၊ ရွှင်ကြည်ကြည်၊ နန္ဒဝန်၊ ခေတ်ညွန့်၊ တစ်သက်တာ စာပေများ ပါဝင်သော တချို့ ထုတ်ဝေသူများသာ ထုတ်ဝေခဲ့သော ခုနှစ်နှင့် နေ့စွဲများ ထည့်ခဲ့ပါသည်။ တချို့ စာအုပ်များမှာ ခုနှစ်သက္ကရာဇ်များ မပါရှိကြပါ။ ယခုနောက်ပိုင်း စာအုပ်အသစ်များတွင်တော့ ထုတ်ဝေသော နှစ်ကို ထည့်သွင်းကြပါသည်။ စုမေ ရေးခဲ့သော စာအုပ်ပေါင်း စုစုပေါင်း ၆၃ အုပ် စုဆောင်းရရှိပါသည်။ ထိုစာရင်းတွင် ထပ်မံရိုက်နှိပ်ထုတ်ဝေသော စာအုပ်များ မပါရှိပါ။ ရှာ၍ရသော ဝတ္ထုတိုပေါင်းကတော့ အပုဒ်ရေ ၁၇၀ ကျော်လောက် ရှိမည်။ ဝတ္ထုတိုစာရင်း အတိအကျရရန်တော့ အချိန်ယူ၍ ရှာဖွေရမည် ဖြစ်ပါသည်။

### (ဒေါ်) ခင်နှင်းယု၏ စာစုစာရင်း

| | | |
|---|---|---|
| ၁။ | ဆောင်းတွင်းပန်း | ၁၉၅၃ |
| ၂။ | မွေး | ၁၉၅၉ |

mgyoe.com

mgyoe.com




| | | |
|---|---|---|
| ၃။ | ကြေးမုံရိပ်သွင် | ၁၉၆၀ |
| ၄။ | စိမ်းသင့်မှစိမ်း | ၁၉၆၀ |
| ၅။ | မိချို | ၁၉၆၀ |
| ၆။ | အားနွဲ့သူပါရှင် | ၁၉၆? |
| ၇။ | ချစ်လှချည်ရဲ့ | ၁၉၆၁ |
| ၈။ | နွေနှောင်းရွက်ကျန် | ၁၉၆၁ |
| ၉။ | ပန်းများကို ပွင့်စေသူ | ၁၉၆၁ |
| ၁၀။ | မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ် | ၁၉၆၁ |
| ၁၁။ | အရိုင်းနှင့်အယဉ် | ၁၉၆၁ |
| ၁၂။ | နွားတစ်ထောင် | ၁၉၆၂ |
| ၁၃။ | ပိုးခန်းဆီးနောက်မှ ငရဲခန်း | ၁၉၆၂ |
| ၁၄။ | ပန်းပန်လျက်ပါ | ၁၉၆၂ |
| ၁၅။ | ဘုံဓမ္မတာမှာ ကြုံရလေသမျှ | ၁၉၆၂ |
| ၁၆။ | မစန္ဒာ–နဂါးငွေ့တန်း–မိန်းမရိုင်း | ၁၉၆၂ |
| ၁၇။ | မဟာသာကီ | ၁၉၆၂ |
| ၁၈။ | ရွှေပြည်တော်၏ ပုံပြင်များ | ၁၉၆၂ |
| ၁၉။ | သခွတ်ပန်း | ၁၉၆၂ |
| ၂၀။ | အောင်မြင်သောနေ့ | ၁၉၆၂ |
| ၂၁။ | မိုးကျော်သူ | ၁၉၆၃ |
| ၂၂။ | မိန်းမရိုင်း | ၁၉၆၃ |
| ၂၃။ | ယောကျ်ားတို့အကြောင်း ဝတ္ထုတိုပေါင်းချုပ် | ၁၉၆၃ |
| ၂၄။ | သပြေ | ၁၉၆၃ |
| ၂၅။ | ကြာတောင်၌ ရှာသောမိုး ဝတ္ထုတိုများ | ၁၉၆၄ |
| ၂၆။ | ယဉ်မင်းပိုက် | ၁၉၆၄ |
| ၂၇။ | သရဖူ | ၁၉၆၄ |
| ၂၈။ | ကသစ်ပန်း ဝတ္ထုတိုများ | ၁၉၆၅ |
| ၂၉။ | ပန်းကိုတော့ ပန်ချင်ပါသည် | ၁၉၆၅ |
| ၃၀။ | မုတ်သုန်စောင်းကြိုး | ၁၉၆၅ |


mgyoe.com

mgyoe.com



၃၁။ လမင်းကြီးသာစမ်းပါ ၁၉၆၅
၃၂။ ပုံပြောကောင်းသော မိန်းကလေး ၁၉၆၆
* ---------- ၁၉၆၇
၃၃။ ခင်နှင်းယု၏ ဝတ္ထုတိုများ ၁၉၆၈
၃၄။ ဖေဖေ ၁၉၆၈
၃၅။ မယ့်သည်းအိမ် (ဝတ္ထု) ၁၉၆၉
၃၆။ ရေချိုတွင်း ၁၉၆၉
၃၇။ လာခြင်းကောင်းသော လူကလေး ၁၉၆၉
၃၈။ သပြေနှင့် မလွမ်းသာသည် ၁၉၆၉
၃၉။ ဘုရင်ခံ မလိုချင်ပေါင် ၁၉၇၀
၄၀။ ကျွန်းဇကေရီနှင့် အခြားဝတ္ထုတိုများ ၁၉၇၁
၄၁။ ကုသိုလ်ကြမ္မာမမီပါခဲ့ ၁၉၇၂
၄၂။ ကျွန်မ၏ချစ်သူ ၁၉၇၂
၄၃။ မွေးနှင့်ကုသိုလ်ကြမ္မာမမီပါခဲ့ ၁၉၇၂
၄၄။ ထိပ်စုဖုရားမဗျိုင်း ၁၉၇၃
၄၅။ ဘူဇဝါလော ဗူဇကာလော ၁၉၇၄
၄၆။ အတွတ်ရေ ၁၉၇၅
၄၇။ မောင်မျိုးမင်း နိုးကြားလာခြင်း ၁၉၇၆
၄၈။ ကျွန်တော် တင်အောင်ထွန်း ၁၉၇၇
၄၉။ ဘဒ္ဒနုဝတီ ၁၉၇၈
၅၀။ မဒ္ဒီလိုလို သမ္ဘူလိုလို + ဦးဆောက်ပန်း ၁၉၇၈
၅၁။ ပန်းခင်းမှ လွမ်းချင်းတေးသံ ၁၉၇၉
၅၂။ မင်းထင်စည် ၁၉၈၀
၅၃။ ပွဲတွေ့အမြတ်တရား (ဘာသာရေးဆောင်းပါးများ) ၁၉၈၁
* (၁၉၈၂ မှ ၁၉၉၁ အထိ ကျန်းမာရေး ချို့တဲ့ခြင်း၊
ချမ်းမြေ့ရိပ်သာ၌ တရားနှင့် နေထိုင်ခြင်းများကြောင့်
ဝတ္ထုများ မထွက်ခဲ့ပါ။)
၅၄။ မိန်းမတို့အကြောင်း ဝတ္ထုတိုပေါင်းချုပ် ၁၉၉၂

mgyoe.com

mgyoe.com



၅၅။ တစ်ထောင့်ငါးရာည၏ အိပ်မက်များ ၁၉၉၃
၅၆။ အမျိုးသားစာပေဆုရ မြကြာဖြူ
(ကလျာမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်) ၁၉၉၅
၅၇။ ဘယ်သို့သော အကြောင်းကြောင့် ၁၉၉၅
၅၈။ လက်ရွေးစင် ဝတ္ထုတိုများ ၁၉၉၆
၅၉။ ချစ်ခြင်းကို အားပြု၍ ၁၉၉၇
၆၀။ ဗညားရှိန်း ၁၉၉၈
၆၁။ မဲဇလီ ၁၉၉၈
၆၂။ ပျားရည်အိုင် ၁၉၉၉
၆၃။ နဂါးငွေ့တန်း
(၁၉၅၃ မြဝတီတွင်ရေးခဲ့သော ဝတ္ထု) ၁၉၉၉
၆၄။ မယ့်သည်းအိမ်
(စာရေးသူ၏ ဝတ္ထုများကို
ကိုယ်တိုင်ခံစားခြင်း ဆောင်းပါးများ) ၂၀၀၀
၆၅။ ဘဝင်မကျလေသောအခါ ၂၀၀၂
၆၆။ ဥသြတွန်တဲ့ လရာသီ
(ကလျာမဂ္ဂဇင်းမှ အခန်းဆက် ဝတ္ထုရှည်၊
ဒေါ်ခင်နှင်းယု၏ နောက်ဆုံး လုံးချင်းဝတ္ထု) ၂၀၀၂
၆၇။ ဓီဝဇိုးစံအိမ် ၂၀၀၃
(ဒေါ်ခင်နှင်းယု ကွယ်လွန်ပြီးမှ ထွက်ရှိသော
ဆောင်းပါးပေါင်းချုပ်) တို့ ဖြစ်ပါသည်။

* * *

အထက်ပါ စာစုစာရင်းမှာ ဒေါ်ခင်နှင်းယု၏ တစ်ဦးတည်းသော သမီး ဒေါက်တာမိကျော်သောင်းက စင်ကာပူနိုင်ငံမှ ပို့ပေးခြင်း ဖြစ်ပါသည်။

* * *

mgyoe.com

mgyoe.com



ထိုစာရင်းတွင် လိုအပ်သော စာအုပ်များ ထပ်ဖြည့်ခြင်းနှင့် ခုနှစ်အလိုက် စီစဉ်၍ တင်ပြခြင်း ဖြစ်ပါသည်။ ဒေါ်ခင်နှင်းယု၏ လုံးချင်းဝတ္ထု အများစုမှာ မြဝတီ၊ ရှုမဝ၊ ပေဖူးလွှာ စသော မဂ္ဂဇင်းစာမျက်နှာများပေါ်မှ ဝတ္ထုနှင့် ဆောင်းပါးများ ဖြစ်ကြ၍ စုပေါင်းထုတ်ဝေသည့် ခုနှစ်ကိုသာ ဖော်ပြနိုင်ပါသည်။ မည်သည့်ခုနှစ်က ရေးခဲ့သည်ဟု အတိအကျ မဖော်ပြနိုင်ပါ။ ယခုရရှိသော စာရင်းထဲတွင် မပါဝင်ဘဲ သီးခြားစာအုပ်များ စာဖတ်သူ၏ လက်ထဲတွင်ရှိခဲ့လျှင်လည်း ကလျာမဂ္ဂဇင်းသို့ အကြောင်းကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

ကလျာမဂ္ဂဇင်းအယ်ဒီတာအဖွဲ့

■

mgyoe.com

mgyoe.com



## မမစုသို့ . . .

**ချစ်လှစွာသော မမစုရေ...**

ခွဲရတာ တစ်နှစ်ပြည့်တော့မယ်။ ဘာမှလည်း မကြာသေးသလိုပါပဲ။ မမစုနဲ့ ခွဲခွာရပြီးချိန်ကစလို့ တစ်နေ့မှ မမေ့သေးဘူး ဆိုတာ ကျွန်မ သစ္စာဆိုပြီး ပြောရဲပါတယ်။ အိမ်မှာ ဘုရားစင်ပေါ်က ပန်းအိုးကအစ အသုံးအဆောင်၊ အဝတ်အထည်များအထိ မမစု ကျွန်မကို ပေးခဲ့တဲ့ ပစ္စည်းတွေနဲ့ ထိတွေ့နေရဆဲပါ။ အမြဲ အတူတူ သွားခဲ့ကြတဲ့ မန္တလေးခရီးသွားဖို့ကလည်း နီးခဲ့ပြီလေ။ ဒေါ်ဒေါ်မာ မွေးနေ့ပွဲကို ကျွန်မနဲ့မမစု အတူသွားနေကျ မဟုတ်လား။ ဒီနှစ်တော့ မမစု မပါတဲ့အပြင် မမစု အမှတ်တရ အုတ်ခုံလေး၊ တောင်သမန်အင်းအနီးမှာ လုပ်ထားတာလည်း စာပေအဖွဲ့သားတွေကို ပြဖို့ ဆရာတော် ဦးပညာနဲ့ ဒေါ်ဒေါ်မာကို ပန်ကြားပြီး ကျွန်မ စီစဉ်ထားပါတယ်။ ပြီးတော့ လာမယ့် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက် မမစုဆုံးတဲ့ နှစ်ပတ်လည်နေ့မှာ မမစုချစ်တဲ့ ဝါးခယ်မမြို့ကိုသွားပြီး မမစု လှူခဲ့တဲ့ သော်ကစ္ဆာ မူလတန်းကျောင်းလေးမှာ အလှူလုပ်ပြီး မမစုကို အမျှဝေမယ်နော်။ ကုသိုလ်ကောင်းမှုများစွာပြုပြီး သီလမြဲခဲ့တဲ့ မမစု၊ တရားအားထုတ်ခဲ့တဲ့ မမစု၊ ကောင်းမွန်ရာ ဘုံဘဝမှာ ရှိနေမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ကျန်ရစ်သူ ကျွန်မကတော့ မမစုကို မမေ့မလျော့ အမျှ

mgyoe.com

mgyoe.com



အတမ်းဝေနေဆဲ ဝေနေမှာပါပဲ။ လစဉ် ၂၁ ရက်နေ့ ရောက်တိုင်း မန္တလေးက မမစုကို သိပ်ချစ်တဲ့ တင်တင်ဦး (အောင်စာပေ) က ဖုန်းဆက်လေ့ ရှိပါတယ်။ ဒီနေ့တော့ လေးလပြည့်သွားပြီ။ ဒီနေ့တော့ ငါးလပြည့်သွားပြီ၊ ဒီနေ့တော့ ခြောက်လပြည့်သွားပြီ ဆိုပြီး ကျွန်မတို့ လစဉ် ဖုန်းပြောလေ့ရှိကြပြီး ဖုန်းပြောရင်း ငိုမိကြတဲ့အခါတွေလည်း ရှိပါတယ်။ မမစု သိစေချင်လိုက်တာ။

ကျွန်မဟာ မမစုရဲ့ ကျေးဇူးကြောင့် စာပေနယ်ထဲက သက်ကြီးဝါကြီး စာပေပညာရှင်ကြီးများနဲ့ နီးစပ်ခွင့်ရခဲ့ပါတယ်။ မမစု သွားချင်ရာလိုက်ပို့ပေးရင်းနဲ့ မမစုရဲ့ မိတ်ဆွေတွေနဲ့လည်း ချစ်ခင်ခွင့်ရခဲ့ပါတယ်။ ဒီကျေးဇူးတရားတွေအပြင် မမစု မကျန်းမာချိန်နဲ့ မမစု ကွယ်လွန်ချိန်နာရေးကိစ္စတွေမှာ ကျွန်မ ပြုစုဆောင်ရွက်ခဲ့စဉ်က မမစုကို ချစ်တဲ့စိတ်၊ လေးစားကြည်ညိုတဲ့စိတ်၊ သနားတဲ့စိတ်နဲ့ ပြုစုပေးခဲ့တာပါ။ ဘာကိုမျှ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီအကြောင်းတွေကို သိတဲ့ လူတိုင်းက ကျွန်မကို ချီးမွမ်းစကား ဆိုခဲ့ကြပါတယ်။ မမစု မရှိတော့တဲ့ နောက်ပိုင်းမှာတောင် မမစုကြောင့် ကျွန်မမှာ ဂုဏ်သိက္ခာတွေရရှိခဲ့လို့ မမစုရဲ့ ကျေးဇူးတရားတွေ ကျွန်မအပေါ်မှာ ရိပ်မိုးနေဆဲပါ။

နောက်ပိုင်းမှာ ကျွန်မတို့ အုပ်စုတွေဆုံတိုင်း ကွက်လပ်ကြီး တစ်ခု ဖြစ်နေသလို ခံစားရပါတယ်။ မမစုရဲ့ နောက်ဆုံးအချိန်တွေမှာ မမစုနဲ့ အနေအနီးဆုံးက ကျွန်မမို့ မမစုရဲ့ ကိစ္စတိုင်း၊ မမစုရဲ့ ခံစားမှုတိုင်း၊ မမစုရဲ့ ဆောင်ရွက်ချက်တိုင်းကို ကျွန်မ သိခွင့်၊ တိုင်ပင်ခွင့်၊ တားမြစ်ခွင့်၊ လိုက်လျောခွင့်တွေ ရခဲ့ပါတယ်။ ပထမတော့ ကျွန်မကစပြီး မမစုကို ချစ်မြတ်နိုးခဲ့တာပါ။ နောက်ပိုင်းမှာ မမစုကိုယ်တိုင်ကပါ ကျွန်မကို ညီမလေးအရင်းလို အားကိုးလာခဲ့တယ်ဆိုတာ သိရလေ ကျွန်မက ပိုပြီး ဂရုစိုက်ဆောင်ရွက်ပေးလေပါ။ ဒီလို စိတ်ရောကိုယ်ပါ အတွဲညီနေတဲ့ အချိန်ကျကာမှ မမစုကို စွန့်လွှတ်ခွဲခွာလိုက်ရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၇ ရက် မမစု မွေးနေ့မှာ မမစုရဲ့ သမီး ဒေါက်တာ မိကျော်သောင်းက ကွယ်လွန်သူ ဖခင်နဲ့ မိခင်အတွက် ချမ်းမြေ့ရိပ်သာမှာ ဆွမ်းကျွေးတဲ့ပွဲကို စာပေနယ်က ကျွန်မ တစ်ယောက်တည်း

mgyoe.com

mgyoe.com



တက်ခွင့်ရခဲ့ပါတယ်။ ဧည့်ပရိသတ်လည်း မများပါဘူး။ မမစုရဲ့ ညီမနှစ်ယောက်၊ တူ တူမတွေနဲ့ မိတ်ဆွေအချို့လောက်ပါပဲ။ အဲဒီ ဆွမ်းစားဆောင်မှာ ယောဂီကုန်၊ သံဃာကုန် မမစု ဆွမ်းကျွေးနေကျမို့ ကျွန်မတို့ အုပ်စု မကြာခဏ ရောက်ကြရတဲ့ နေရာပါ။ ခုတော့ ကျွန်မ တစ်ယောက်တည်းပဲ။ မမစုရဲ့ ဖျတ်လတ်တက်ကြွစွာ ဧည့်ခံကြိုဆိုနေတတ်တဲ့ ပုံရိပ်တွေကို ပြန်မြင်လာပြီး ကျွန်မ ငိုချင်လိုက်တာ။ ဒါပေမဲ့ အခြေအနေအရ စိတ်ကို တင်းထားလိုက်ပါတယ်။ ပြောချင်တာက မမစုနဲ့ ပတ်သက်လို့ ကြေကွဲစွာ ခံစားနေရဆဲပါပဲ ဆိုတာကိုပါ။

မမစုရဲ့သမီး ဒေါက်တာ မိကျော်သောင်းကလည်း မမစုရဲ့ စာပေကိစ္စတွေ ကျွန်မကို လွှဲထားပါတယ်။ အဲဒါကို ကျွန်မ စိတ်ထဲမှာ မသင့်တော်ဘူး ထင်လို့ "မမစုရဲ့ ဆွေမျိုးရင်းချာတွေကိုပဲ လွှဲပါ။ မမဝင်း လိုက်ပို့လမ်းညွှန်ပါ့မယ်" ဆိုပြီး စင်ကာပူကို စာရေးတော့ သဘောထား ပြည့်ဝတဲ့ 'မိ' က ကျန်တဲ့သူတွေက စာပေနဲ့ မနီးစပ်လို့ အပန်းမကြီးဘူးဆိုရင် မမဝင်းပဲ ကူညီပါလို့ စာပြန်လာပါတယ်။ မမစုကိစ္စ လုပ်ပေးရတာ ဘယ်တုန်းကမှ ပင်ပန်းတယ်လို့ မထင်ခဲ့တဲ့ ကျွန်မဟာ မမစု ရေးသားထားခဲ့တဲ့ ဂန္ထဝင်စာပေများရဲ့ တာဝန်ကိုလည်း ဆက်လက် ကူညီပေးနေမှာပါ။ ထုတ်ဝေချင်သူများ ကျွန်မထံမှ ခွင့်ပြုချက်တောင်းပြီး ရရှိတဲ့ စာမူခများကိုလည်း စာရင်းဇယား လက်မှတ်များနဲ့အတူ မမစုရဲ့သမီး မိနဲ့ မိရဲ့ ခင်ပွန်းကို ပြန်လည်ပေးအပ်နေပါတယ်။ ချမ်းသာတဲ့ 'မိ' တို့ မိသားစုကလည်း မမစုရဲ့ စာမူခတွေကို လှူမယ်လို့ ပြောပါတယ်။

နောက်တစ်ခု မမစုကို တိုင်တည်ပြီး စာရေးဆရာများကို ပြောစရာရှိပါတယ်။ စာပေနယ်မှာ ရတနာတစ်ပါးဖြစ်တဲ့ မမစုကို ချစ်ခင်လေးစားကြသူတွေ အများကြီး ရှိပါတယ်။ ကျွန်မနဲ့ မမစုကလည်း ရင်းနှီးတယ်။ ကျွန်မက မဂ္ဂဇင်းလည်း ထုတ်ဝေနေတဲ့အတွက် မမစုနဲ့ ပတ်သက်တဲ့ စာမူပေါင်းများစွာ၊ ကဗျာပေါင်းများစွာ ပေးပို့ထားကြပါတယ်။ အားလုံး အကောင်းချည်းပါပဲ။ အဲဒါတွေကို တစ်ဦးထည့်ပြီး တစ်ဦး ကျန်ခဲ့လို့ မကောင်း ဖြစ်နေပါတယ်။ ဒါကြောင့် အားလုံး စုပေါင်းသိမ်းဆည်းထားပါတယ်။ ကျွန်မ ဘာလုပ်ရမှန်း မသိအောင်ပါပဲ မမစုရယ်။ ဒီကိစ္စမျိုး အရင်

mgyoe.com

mgyoe.com



ကသာ ဖြစ်ဖူးခဲ့ရင် မမစုနဲ့ တိုင်ပင်ပြီး အကြံဉာဏ်ယူလို့ရမယ်။ ခုတော့ ပြန်ယူချင်တဲ့သူရှိရင် ပြန်ပေးမယ်၊ စာအုပ်ထုတ်ချင်သူရှိရင် စာမူရှင်နဲ့ ညှိနှိုင်းပေးမယ်လို့ စိတ်ကူးပြီး အားလုံးကို တောင်းပန်ရတော့မှာပဲ။ မမစုရေ ကျွန်မလေ မမစုရဲ့ စာတွေထဲက မှတ်သားစရာတွေ၊ မမစုရဲ့ စကားတွေထဲ က လိုက်နာစရာတွေ၊ မမစုရဲ့ အပြုအမူတွေထဲက အတုယူစရာတွေကို ကျွန်မ မှတ်သားလိုက်နာရင်း မမစုကို အမြဲ လွမ်းဆွတ်သတိရနေပါတယ် ဆိုတဲ့အကြောင်း ရောက်ရာဘဝက မမစု သိရှိနိုင်ပါစေသား။

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

■

mgyoe.com

mgyoe.com



# နောက်ကို ပြန်မတွေးချင်

ဝင်ဒါမီယာတွင် လယ်သမားအလံ လွှင့်ထူလိုက်ခြင်းသည် ဗမာ့နိုင်ငံရေး ရာဇဝင်တွင် ကဏ္ဍအသစ် ဖွင့်လိုက်ခြင်း ဖြစ်၏။

တစ်ခေတ်တုန်းကမူ လယ်သမားတို့ အလံသည် ဤဝင်ဒါမီယာဝင်းဝယ် ယခုလို တလွင့်လွင့်နေလိမ့်မည်ဟု မမျှော်မှန်းခဲ့ပေ။ ဝင်ဒါမီယာဆိုသည်မှာလည်း ဟိုခေတ်အခါက မျက်နှာဖြူအရာရှိများ၏ ဂေဟာများဖြစ်ခဲ့၏။

အမှန်တော့ နှစ်သိမ့်စရာဟူ၍ပဲ ဆိုရပေမည်။ ကျေနပ်စရာ ဟူ၍ကော မဆိုနိုင်ဘူးလားဟု မေးလျှင် ထိုအဖြေမှာ ဖြေသင့်ဖြေအပ်သောအချိန် မဟုတ်သေးဟူ၍ပင် ပြောရပေမည်။

အမြင်အားဖြင့် ကွာခြားလာသည်မှာတော့ မှန်၏။ ယခု လယ်သမား အလံသည် နီ၏။ သီးနှံတို့ဖြင့် ပြည့်သော စပါးနှံအခိုင်သည် ပန်းခိုင်လို တင့်တယ်ပေသည်။ ရွှေရောင်ဖြင့် ရွှန်းရွှန်းစို၏။ အလယ်မှ တူတံစဉ်သည် လယ်သမားတို့၏ နှလုံးသား အထိမ်းအမှတ်ပေပဲ။

နေရာမှာလည်း ဝင်ဒါမီယာ။

ဗမာပြည်ရှိ အထွတ်အထိပ် ခေါင်းဆောင်ကြီးများ နေထိုင်ရာ ဖြစ်၏။

မဏ္ဍပ်သည် သွပ်မိုး၍ လှပတင့်တယ် ရှုချင်ဖွယ်ရာ တန်ဆာဆင်ဖြင့် လွှမ်းခြုံ၍ထား၏။ လယ်သမားညီလာခံဖွင့်သည့်နေ့တွင်လည်း ဤ

mgyoe.com

mgyoe.com

မဏ္ဍပ်မှ ခံ့ညားၡ မဟာဆန်သော ဝိုင်းတော်မှ တူရိယာ ဂီတသံတို့သည် ထက်ဝန်းကျင်ကို ပျံ့လွင့်၏။

မဏ္ဍပ်၏ ရှေ့ဘက်တွင်လည်း ပိတောက်ပင်တို့သည် စိမ်းစိမ်းစို၍ မိုးရိပ်ကို ခိုလှုံ၍နေကြသည်။

ကြွရောက်လာသော လယ်သမားတို့၏ ကိုယ်စားလှယ်တော်တို့သည် ဘတ်စ်ကားကြီးများနှင့် တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြ၏။ ခေါင်းဆောင်ကြီးတို့သည်လည်း ပိတုန်းရောင် တောက်သော ကားတို့ဖြင့် အခမ်းအနားသို့ ကြွရောက်လာ၏။

ရွှေဇင်သည် ဤမဏ္ဍပ်၏ တစ်ထောင့်မှ ငေးမောမိ၏၊ တွေဝေမိ၏၊ အံ့သြမိ၏။

မှန်၏။ ဤအလံ၊ ဤမဏ္ဍပ်၊ ဤနေရာ၊ ဤအပြင်အဆင်၊ ဤအခမ်းအနား၊ ဤလယ်သမားတို့နှင့် ဤခေါင်းဆောင်တို့ကို မြင်ရချိန်တွင် ရွှေဇင်သည် တကယ်ပင် ရင်သပ်ရှုမော အံ့သြခဲ့ပါ၏။

နေ့လယ်ရပ်နားချိန်တွင် ကော်ဖီ၊ မုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံ၏။

ဤညီလာခံ အခြေအနေမှာ တကယ့်ကို ခြားနားလွန်း၍ မရွှေဇင် အံ့သြမည်ဆိုလျှင် အံ့သြထိုက်ပါ၏။

နောက်ဆုံးနေ့တွင် ကျွေးမွေးသော ဝန်ကြီးချုပ်၏ ညစာကလည်း ဟိုစဉ်က လယ်သမားတို့ မသုံးဆောင် မမှီဝဲဖူးသေးသော အစားအစာမျိုး ပေပဲ။

ဤသို့ဖြစ်လျှင် မရွှေဇင်သည် နှစ်သက်ဝမ်းမြောက်၍ ပီတိကျရမည် မဟုတ်ပါလော။

ဝမ်းသာသည်မှာတော့ မှန်ပါ၏။ သို့သော် ဝမ်းသာခြင်းသည် ရင်တွင်းရှိ နှလုံးသားသို့ မရောက်၊ လည်ချောင်းတွင်ပင် တစ်၍နေ၏။

မျက်လုံးထဲတွင်လည်း တစ်ခေတ်က (ဝါ) ကျွန်ဘဝတုန်းက လယ်သမား ညီလာခံသည် တရိပ်ရိပ်ပေါ်လာ၏။

အမြင်အားဖြင့်တော့ တကယ့်ကို ခြားနားလှပါပေသည်။

* * *

mgyoe.com

mgyoe.com


“ဇမ္ဗူတစ်ခွင်...၊ မူတင်ရစ်ပါတဲ့
တူတံစဉ်... ဘွဲ့တံဆိပ်ကို၊ ခပ်နှိပ်ကာ...
မိုးထိအောင် တလူလူ... ထင်ရှားမည်...”

ကောင်းကင်တွင် နီရောင်ပြေးရုပ်ပင် ရှိသေး၏။ ငှက်တစ်အုပ် ပျံသန်းသွားသည်ကို ခပ်ရိပ်ရိပ်ပင် မြင်လိုက်ရ၏။ နံနက်ခင်း လေပြည်သည် လယ်သမားတပ်ကြီး၏ စိတ်ကို လန်းဆတ်ရွှင်လန်းစေသည်။ ရှေ့ဆုံးမှ အလံတော်သည် လေတိုက်ခတ်လိုက်တိုင်း လယ်သမားတို့၏ စိတ်လို ကြွကြွရွရွနှင့် တလွင့်လွင့် မြူးနေသည်။

မှုန်မွှားသော လင်းရောင်အောက်တွင် နဂါးနက်ကြီး ရွေ့လျားသလို လယ်သမားတပ်ကြီးသည် တရွေ့ရွေ့ ချီတက်စပြုနေသည်။

အရှေ့မှနေခြည်သည် တဖြည်းဖြည်း လင်း၍လာ၏။ ဦးဆုံး အလံကို နှုတ်ဆက်လိုက်၏။ နေရောင်ထွက်လာမှ အလံသည် ပို၍ တင့်တယ်ပေသည်။

ဓမ္မ၏အရောင်ဖြစ်သော အဝါ
အမျိုးသား၏အရောင်ဖြစ်သော အစိမ်း
ရဲမာန်၏အရောင်ဖြစ်သော အနီ

ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်အလံ၏ အလယ်တွင် အဖြူဝိုင်းသည် လဝန်းလို ဖြူဖွေးတင့်တယ်၏။ ထိုအဖြူဝိုင်းထဲတွင်မူ တူတံစဉ်သည် လယ်သမားတို့၏ နှလုံးသားအဖြစ် အလံအလယ်တွင် သရုပ်ဖော်နေ၏။ နံနက်ခင်းလေသည် တိုးဝှေ့တိုက်ခတ်လိုက်တိုင်း ကြော့ကြော့မော့မော့နှင့် တလွင့်လွင့် မြူး၍နေလေသည်။

လယ်သမားတပ်မတော်ကြီးသည် နေရောင်မြင့်လေလေ၊ ပို၍ပြတ်သား ထင်ရှားလာလေဖြစ်၏။ ရှေ့ဆုံးတွင် နီညိုရောင် ယူနီဖောင်းနှင့် လက်ရုံးတပ်သားများသည် အလံကို မတ်မတ်ကိုင်၍ ချီတက်သွားကြ၏။ နောက်ပိုင်းတွင်မူ ပုဆိုးခါးတောင်းမြောင်အောင်ကျိုက်၍ မျက်နှာသုတ်ပဝါ၊ ခေါင်းပေါင်းနှင့် လယ်သမားကြီးတွေမှာ လက်ရုံးတပ်သားများနောက်တွင် အားရပါးရ ချီတက်လိုက်ပါ၍ လာကြလေသည်။

လယ်သူမများသည်လည်း ထဘီတိုတိုနှင့် လွယ်အိတ်ကို ပခုံးလွယ်

mgyoe.com

mgyoe.com


ကာ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြသည်။

တစ်ခုတည်းသော အလံတော်နောက်တွင် တစ်စိတ်တည်းသော စိတ်ဖြင့် တညီတညာတည်း ချီတက်ကြခြင်းပေပဲ။

ထိုလယ်သမားတို့မှာ ကလ၊ ကြျုပြူ၊ ကျုံပတုတ်၊ ဝဲကြီး၊ ကျွန်းကုန်း အစရှိသော ဝါးခယ်မနယ်တစ်ဝိုက်မှ ရောက်ရှိလာသော လယ်သမားတို့ ဖြစ်ကြ၏။ သူတို့သည် ဝါးခယ်မတွင်စုရုံး၍ ကျုံမငေးတွင် ကျင်းပမည့် ဗမာပြည်လုံးဆိုင်ရာ တောင်သူလယ်သမား ညီလာခံသို့ သွားရောက်ကြမည့်သူများ ဖြစ်လေသည်။ သူတို့၏ ရသင့်ရထိုက်သော အခွင့်အရေးနှင့် လွတ်လပ်ရေးအား မြတ်နိုးစွာဖြင့် ချီတက်လာကြခြင်း ဖြစ်၏။

ဝါးခယ်မ တစ်မြို့လုံးသည် လယ်သမားတို့၏ ကြွေးကြော်သံဖြင့် လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

လယ်သမားတပ်ကြီးကား မြို့ပြင်သို့ တဖြည်းဖြည်း ထွက်ကာ ကျုံစိန်လယ်ကွင်းများဘက်ဆီသို့ ရှေးရှုချီတက်၍ သွားကြသည်။

သူတို့၏ကြွေးကြော်သံများသည် မြို့မှ တဖြည်းဖြည်းဝေး၍ နောက်ဆုံးတွင် မြို့လေးသည် တိတ်ဆိတ်၍ ကျန်ရစ်ခဲ့လေသည်။

"ညီလာခံကို သခင်ကိုယ်တော်မှိုင်းကြီး တက်လိမ့်မတဲ့။ ဌာနချုပ်က သခင်လှဖေတို့၊ သခင်တင်၊ သခင်လှဘော်ကြီးတို့လည်း ပါလာလိမ့်မယ်..."

တစ်ခေတ်က လယ်သမားကြီးတို့သည် ဌာနချုပ် ခေါင်းဆောင်ကြီးများကို အထူး မျှော်လင့်ကြ၏။

လယ်သမားတပ်ကြီးသည် မြက်ခင်းပြင်များ၊ နွံဗွက်များ၊ နွားစားကျက်များကို ဖြတ်သန်းကျော်နင်း၍ လာခဲ့ကြ၏။ လယ်သမားတပ်ကြီး မချီတက်ခင် နှစ်ပတ်ခန့်ကပင် လက်ရုံးတပ်မှ ဗိုလ်သီဟ ခေါင်းဆောင်၍ အတိုဆုံး ခရီးကို ကြိုတင်ရှာဖွေ၍ စီစဉ်ထားပြီ ဖြစ်လေသည်။

လယ်သမားများအဖို့ လယ်ပြင်များ၊ ချောင်းငယ်များကို ဖြတ်ကျော်ရခြင်းသည် အဆန်း မဟုတ်တော့ပေ။ စစ်တပ်တစ်တပ် ချီတက်သွားလာခြင်းထက်ပင် လျင်မြန်ဖျတ်လတ်ပေသေးသည်။

ရွှေဇင့်အဖို့မူ ရေရှိသော ချောင်းကို ဖြတ်ကျော်ရသည်မှာ ဒုက္ခကြီး

mgyoe.com

mgyoe.com


လှ၏။ ရေသည် ဒူးဆစ်မှ ပေါင်လယ်သို့ တဖြည်းဖြည်း ရောက်လာ၏။

လယ်သူမများ၏ ဖြတ်ကျော်သွားလိုက်ပုံမှာ သွက်လက်လှ၏။ ပျံလွှားငှက်သည် ကောင်းကင်တွင် ကျွမ်းကျင်သလိုပင် သူတို့သည်လည်း ချောင်းရိုးနှင့် လယ်ပြင်တွင် ကျွမ်းကျင်လှ၏။

ပြင်းလှသော နေရှိန်ကြောင့် ချွေးပြိုက်ပြိုက်ကျ၍နေကြသည်။ သို့သော် ချီတက်နေကြသော ခြေလှမ်းအရှိန်ကမူ မလျော့ပေ။

မြောင်းမြခရိုင်၊ တို့ဗမာအစည်းအရုံး၏ ဌာနချုပ်သည် ဝါးခယ်မတွင် ဖြစ်၏။ အလုပ်အမှုဆောင်များမှာ တချို့ ညီလာခံအတွက် စီစဉ်ရန် ကျုံမငေးသို့ ရောက်နှင့်၏။

သခင်ချစ်တင်နှင့် သခင်ထွန်းတင်၊ သခင်ကျော်ဝင်းနှင့် တချို့ လက်ရုံးတပ် ရဲဘော်တို့မှာ လယ်သမားတပ်ကြီးနှင့်အတူ ချီတက်လိုက်ပါကြသည်။ ထိုစဉ်က စည်းရုံးမှုသည် တောင့်တင်းခိုင်မာခဲ့ပေ၏။

နံနက် ၁၁ နာရီကျော်ကျော်လောက်တွင် မြစ်ကို သမ္ဗန်ဖြင့် ဖြတ်ကူး၍ အညာစုရွာသောင်ပြင်တွင် စတည်းချကြသည်။ နေရောင်သည် သဲပြင်ကို ဟပ်၍ သဲပြင်မှ အပူရှိန်သည် လယ်သမားတို့ မျက်နှာကို ချွေးဒီးဒီး ကျစေသည်။

မြစ်ရေပြင်ကမူ ငြိမ်သက်စွာ စီးနေ၏။ အညာစုရွာသည်လည်း တိတ်ဆိတ်ငြိမ်သက်၍နေ၏။ ရွှေဇင်သည် နားမလည်ပေ။ လမ်းတွင် ဖြတ်ကျော်ခဲ့သော ရွာငယ်တိုင်းသည် လယ်သမားတပ်ကြီး ဝင်လာသည်နှင့် တစ်ပြိုင်နက် ဟစ်အော်ကြွေးကြော်၍ ကြိုဆို၏။ အနည်းဆုံး ရေကိုဖြစ်ဖြစ် ဆီးကြို၍ တိုက်ကြလေသည်။

ယခုမူ အညာစုရွာသည် တိတ်ဆိတ်လှပါကလား၊ ရွှေဇင်သည် ကလမှ လယ်သူမကြီး တစ်ယောက်နှင့်အတူ သရက်ပင်ရိပ်အောက်တွင် နားနေ၏။

မကြာခင်ပင် ဗိုလ်သီဟသည် သူတို့အနားသို့ ရောက်လာပြန်သည်။

"ဒေါ်ဒေါ်.. ဆာလှပြီလား"

အဒေါ်ကြီးနှင့် ရွှေဇင်သည် သူ့ကိုကို ဗိုလ်သီဟကို ဘာမှပြန်မဖြေပေ။

mgyoe.com

mgyoe.com


"ဒီနေ့နံနက်စာကို အညာစုမှာ စားဖို့ အစကတည်းက စီစဉ်ပြီးသားပဲ။ ဒီက လယ်သမား အစည်းအရုံး ဥက္ကဋ္ဌ ကိုယ်တိုင်ကလည်း ထမင်းထုပ်နှစ်ထောင်အတွက် တာဝန်ယူထားတယ်။ ဒါပေမဲ့ နံနက်အစောကြီးက ဝါးခယ်မဌာနအုပ်လာပြီး အမိန့်ထုတ်သွားတယ်တဲ့။ လယ်သမားတပ်ကို ထမင်းထုပ်မပေးရ၊ ဘယ်သူမှ မကြိုဆိုရဘူး၊ အမိန့်ကို ဖီဆန်ရင် ဖမ်းမယ်ဆိုလို့ အိမ်တိုင်းစေ့ တံခါးပိတ်နေကြတယ်"

"ဟင်... ဒီလိုဆို လယ်သမားတွေ နံနက်စာမစားဘဲ ကျုံမငေးအထိ သွားနိုင်ကြပါ့မလား..."

ရွှေဇင်မေးပုံကို ကလရွာမှ လယ်သူမကြီးသည် သဘောကျသလို ရယ်နေ၏။

"သွားနိုင်ပါတယ် မိန်းကလေးရဲ့...၊ ကျုပ်တို့က လယ်သူမတွေ တောသားတွေပါ"

အမှန်တော့ ရွှေဇင့်ဝမ်းထဲတွင်လည်း ဆာလှလေပြီ။ ကိုကိုကမူ အပြုံးမပျက်ပေ။

ကိစ္စတော့ မရှိပါဘူးဗျာ၊ ဒီက လယ်သမားတွေက အဖမ်းခံရရင် ခံရပေစေ ဆိုပြီး ရှိတဲ့ဆန်နဲ့ ချက်ဖို့ပြုတ်ဖို့ ပြင်နေကြပြီ။ ရွာထဲက အိမ်တွေကတော့ ဌာနာအုပ်ကြောက်လို့ ထမင်းထုပ် မပို့ရဲကြဘူး။ အတော်ပဲ၊ ခဏနားရင်း ထမင်းကျက်မှာပဲ၊ စားပြီး သွားကြတာပေါ့..."

ဗိုလ်သီဟကသာ လယ်သမားတွေ နံနက်စာအတွက် စိုးရိမ်နေသည်။ လယ်သမားများကမူ ထမင်းစားဖို့အကြောင်းအတွက် ဘာမျှ တုန်လှုပ်ပုံ မပေါ်ပေ။

မကြာခင် သခင်ထွန်းတင်သည် လယ်သမားများ ထမင်းစားရန်အတွက် စီစဉ်နေ၏။ နံနက်စာစားချိန်တွင် ရွှေဇင်သည် သခင်ထွန်းတင်ထံမှ ဖက်နှင့် ထည့်ထားသော ထမင်းတစ်ပုံကို ရ၏။ ထမင်းပုံထဲတွင်မူ ဆားအနည်းငယ်နှင့် ငရုတ်သီးစိမ်းထောင်း တစ်ပုံကလွဲ၍ ဘာမျှမပါပေ။ သခင်ထွန်းတင် ဖက်ရွက်ထဲတွင်မူ ဆားပင်မပါပေ။ လယ်သမားတပ်ကြီးသည် နံနက်စာကို မြိန်မြိန်ရှက်ရှက်ကြီး စားနေကြ၏။

ထမင်းစားအပြီးတွင် ကျုံမငေးသို့ ရှေးရှု၍ ဆက်လက် ချီတက်ကြ

mgyoe.com

mgyoe.com
ပြန်သည်။

ရိုးပြတ်သည် နေပူရှိန်ကြောင့် ဆူးလိုဖြစ်နေ၏။ နွားစားကျက်၊ ပပ်ကြားအက်များသည်လည်း ခြေချော်တိုင်း ခြေထောက်ကျွံဝင်ကာ မြေကြီးခဲ မာမာကြီးများနှင့် ခြစ်မိ၏။ သွေးစို့၍ ခြေထောက်များသည် စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်။ ရွှေဇင်သည် ဖဝါးတော်နုနု သွေးခြည်များ စုလာသောအခါ နွဲ့ချင်လေသည်။

သို့သော် သူလိုပင် မိန်းမတစ်စုသည် သူနှင့်အတူ ချီတက်နေကြသည် မဟုတ်ပါလား...။

ပန်းတိုင်သို့ မရောက်မချင်းတော့ လက်တွဲဖြုတ်၍ မဖြစ်။

ရွှေဟသာသည် သောင်ပေါ်တွင် ကြော့ကြော့မော့မော့ သွားနေသလို လယ်သူမများ၏ သွားလာပုံမှာ သွက်လက်၍ လျင်မြန်လှပေ၏။ ထိုအချိန်ကျခါမှ မရွှေဇင်သည် ခြေဖဝါးတော်နုလျှင် မဟာဆန်လွန်းရာ ကျပေတော့မည်။ အားခဲ၍ လိုက်ရပေသည်။

အနောက်တွင် နေရောင်သည် ဝါရွှေရွှေဖြစ်၍ ခရမ်းရောင်သည်လည်း ပိုးပါးနုနုလို လျော့ရဲ၍ မိုးကုပ်စက်ဝိုင်းသို့ ထိနေသည်။ ရိုးပြတ်များသည် ရွှေရောင်တောက်၍နေရာမှ တဖြည်းဖြည်း မှိန်လာသည်။ ခရမ်းရောင် ပိုးလွှာသည်လည်း ကမ္ဘလာအနက်သို့ ပြောင်းသွားတော့သည်။

နေဝန်းကား မရှိတော့၊ လယ်သမားတို့ကား ချီတက်မြဲပင် ဖြစ်၏။ သူတို့သည် ဝေးဝေးမှ မီးရောင်ကို မြင်နေရသည်။ ထိုမီးရောင်မှာ ကျုံမငေးမှ ရဲဘော်တစ်စုတို့ ဆီး၍ကြိုသော မီးဖိုမှ အလင်းရောင် ဖြစ်၏။

ရွှေဇင့်မျက်လုံးထဲတွင် အတိတ်မှ မီးရောင်ကိုလည်း မြင်လာသည်။ အတိတ်မှ ခနိမိုးမဏ္ဍပ်၊ ရိုးပြတ်များ၊ ထမင်းထုပ်များကို တဖြည်းဖြည်း မျက်လုံးထဲတွင် ပေါ်လာ၏။ ဌာနချုပ်မှ သခင်ကိုယ်တော်မှိုင်း၊ သခင်တင်တို့သည်လည်း သဘော်တစ်တန်၊ ခြေကျင်တစ်တန် လာရ၏။ ပိတုန်းရောင်ကားများကား မရှိခဲ့ပေ။

ဟိုတုန်းက လယ်သမားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြသည်။ လယ်ခွန်တော်နှစ်ဆ သီးစားခအတွက်များ တောင်းဆိုကြရသည်မှာ ရင်ကွဲမတတ် ဖြစ်၏။ သူပုန်ကြီးများအဖြစ်သို့ပင် ရောက်ကာ ဖမ်းဆီးခြင်း
mgyoe.com

mgyoe.com

ကိုလည်း ခံခဲ့ကြရ၏။

ထိုစဉ်က လယ်သမား စည်းရုံးရေးသည် သန့်ရှင်း၍ တောင့်တင်း၏။ လယ်သမား ညီလာခံလုပ်သည့်အခါဖြစ်စေ သို့မဟုတ် လယ်ခွန်တော်နှစ်ဆ၊ သီးစားခအတွက် တို့ဗမာ အစည်းအရုံးဝင်တို့မှာ လယ်တောသို့ ဆင်းတိုင်း မသက်သာလှပေ။ သခင်သိန်းဖေဆိုလျှင် မြေပိုင်ရှင်သားဖြစ်၍ ချမ်းသာ၏။ သို့သော် သူ၏ ဗီရိုထဲရှိ ပုဆိုးပုံသည် လယ်တောသို့ ဆင်းတိုင်း ချ၍ ရောင်းရ၏။ တို့ဗမာအစည်းအရုံးတွင် ရန်ပုံငွေ မတောင့်တင်းပေ။ တစ်ခါတစ်ရံ ရေလွှမ်းမိုး၍ လယ်ပျက်သောအခါတွင် လျှောက်လွှာရေးခနှင့် ခေါင်းဖိုး လယ်သမားများတွင် မရှိပေ။

သခင်များသည် အိတ်ထဲမှ ငွေထုတ်၍ ခေါင်းကပ်ရလေသည်။ လျှောက်လွှာရေးပေးကာ သူကြီးထံတွင် အရေးဆိုကြရလေသည်။

သခင်တင်မောင် (ကျုံမငေး)၊ သခင်အုန်းဖေ၊ သခင်ချစ်တင်၊ သခင်သိန်းဖေ၊ သခင်ထွန်းတင်တို့နှင့် ရဲဘော်တစ်စုတို့သည် တစ်ခေတ်က မြောင်းမြခရိုင်၏ လယ်သမားစည်းရုံးရေး အင်အားကို ဖြောင့်မတ်စွာ လုပ်လာခဲ့သူများ ဖြစ်ပေသည်။

ရွှေဇင်သည် ယခု ဝင်ဒါမီယာမဏ္ဍပ်ကို ကြည့်ရင်း ခေါင်းပေါင်းစတွေကို မြင်မိပြန်သောအခါ တစ်ခေတ်က လယ်သမား ခေါင်းဆောင်များကို သတိရမိ၏။

ယခုတော့ သူတို့သည် ဤနေရာတွင် မရှိကြရတော့ပေ။ "ဘာကြောင့်များ သူတို့သည် လယ်သမားတို့အလယ်မှ ပျောက်ကွယ်သွားကြရပါလိမ့်..."

မရွှေဇင်သည် သူတို့ကို ပြန်လည်တွေ့မြင်လို၏။ သို့သော် မတွေ့နိုင်တော့ပေ။ "တစ်ခေတ်တုန်းက သူတို့ဟာ ရိုးသားပါတယ်။ လယ်အမတော်ကြေးကိုလည်း လယ်သမားလက်ထဲရောက်အောင် လုပ်ခဲ့ပါတယ်။ နယ်ချဲ့ အစိုးရက နှောင့်ယှက်နေတဲ့ကြားက လယ်ခွန်တော်နှစ်ဆ သီးစားခအတွက်လည်း အမျိုးမျိုး ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရ အလိုတော်ရိ အရာရှိတွေက လယ်သမားတွေရဲ့ မိန်းမကိုလု၊ လယ်သမားတွေကို သတ်တုန်းကလည်း သူတို့ဟာ လယ်သမားတွေဘက်က မားမားရပ်ခဲ့ပါတယ်"

mgyoe.com

mgyoe.com


ရွှေဇင်သည် စိတ်ထဲမှ ရေရွတ်မိ၏။ ရေရွတ်ရင်း အမေ့ကိုလည်း သတိရမိသည်။ ဗိုလ်သီဟ မေးခွန်းတစ်ခုနှင့် အမေ့အဖြေကို ပို၍ သတိရလာသည်။

ဗိုလ်သီဟသည် တော်လှန်ရေးပြီး၍ စစ်ထဲမှ ခေတ္တပြန်လာစဉ်က သူ့ရဲဘော်များကို မတွေ့ပေ။ ယခင်က သူ့လယ်သမားများသည်လည်း လှုပ်ရှားမှု ဘာမျှမရှိကြတော့ပေ။

"အမေ သူတို့တွေ ဘာဖြစ်ကုန်ကြသလဲ...၊ လယ်သမားတွေ စည်းရုံးမှုလည်း ငြိမ်လို့၊ ပြီးတော့ ကျွန်တော့်တို့ ရဲဘော်တွေရော..."

အမေသည် ရုတ်တရက် မဖြေပေ။ အမှန်တော့ သူ့သား၏ ရဲဘော်များသည် သူ့သွေးပေပဲ။

"သူတို့အကြောင်းတွေကို အမေ မပြောတတ်ဘူး၊ တချို့လည်း သေသွားပြီ၊ တချို့လည်း ဝမ်းရေးပဲ ရိုးရိုးသားသား ရန်ကုန်မှာ လုပ်ကိုင်စားနေကြတာပဲတဲ့။ တချို့ကတော့ အမေ့ပါးစပ်က ဖွင့်ပြီး စွပ်စွဲတာတော့ မဟုတ်ဘူး သား...၊ ဒါပေမင့် သူတို့ စိတ်မနိုင်ကြဘူး"

"ဘယ်လို... အမေ"

"ခေတ်အကူးအပြောင်းမှာ ဖောက်ပြန်တယ် ဆိုရမှာပေါ့။ တချို့လည်း မိန်းမကြောင့်၊ တချို့လည်း ချမ်းသာချင်လွန်းတာနဲ့ စိတ်မထိန်းနိုင်ဘဲ ဖောက်ပြန်ကုန်ကြတာပဲ။ ဒါပေမင့် တိုင်းပြည်နဲ့ လူထုအပေါ်မှာ မဟုတ်ပါဘူး"

"ဟင်..."

ဗိုလ်သီဟသည် မမျှော်လင့်သော စကားအတွက် ကျောက်ရုပ်လို ဖြစ်သွား၏။

"အမေလည်း မယုံပါဘူး၊ ဒါပေမင့် တကယ်ပဲ နိုင်ငံရေးမှာ ကျဆုံးလိုက်တာတော့ မပြောနဲ့တော့၊ သူတို့စည်းရုံးရေးကို ဘာမှပြန်ပြီး အသက်မသွင်းနိုင်တော့ဘူး၊ မင်းသူငယ်ချင်း တစ်ယောက်တော့ဖြင့် အရက်သောက်လိုက်တာ ခေါင်းတောင် မဖော်တော့ဘူး...။ တကယ်လို့များ သူဟာ တစ်ခါတုန်းက လယ်သမားတွေကို သစ္စာရှိရှိနဲ့ ခေါင်းဆောင်နိုင်ခဲ့တာကို သတိရရင်ဖြင့် သူ့ဂုဏ်ကိုသူ ပြန်ပြီး ဆယ်သင့်ပါတယ်။ သူတို့သာ စိတ်ကို နိုင်ခဲ့

mgyoe.com

mgyoe.com


ရင် လွတ်လပ်ပြီးတဲ့နောက်ပိုင်းမှာ သူတို့ရဲ့ စည်းရုံးရေးကို ဘယ်သူမှ မီမှာ မဟုတ်ပါဘူး။ အမေ သူတို့ကို ယုံတယ်။ ဘာလို့လဲဆိုရင် ဟိုတုန်းက ပိုက်ဆံတစ်ပြားမှ မရဘူး မဟုတ်လား၊ အဲဒီတုန်းကတောင် အိတ်ထဲက စိုက်ပြီး စည်းရုံးရေးကို လုပ်နိုင်ခဲ့တာပဲ။ ပြီးတော့ ဟိုတုန်းက အစိုးရက လည်း သိပ်ဒုက္ခပေးတာ မဟုတ်လား...၊ ခု လွတ်လပ်ပြီးခေတ်လို ဝမ်းရေး အတွက်လည်း အထောက်အပံ့ ရသေးတယ်၊ အစိုးရကလည်း အားပေး တယ်ဆိုရင် ဘယ်လောက် စည်းရုံးရေးဟာ လုပ်လို့ကောင်းမလဲ...။ ခုတော့ သူတို့သွားကြပြီ၊ ခုနေများ လက်ရှိနိုင်ငံရေးလုပ်နေတဲ့ လူတွေကို သူတို့ တစ်ခေတ်က ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ပြန်ပြောရင် ယုံမှာ မဟုတ်ဘူး၊ အမေဖြင့် ပြန်ပြီး မတွေးချင်ဘူး၊ တွေးလိုက်တိုင်း သူတို့ကို နှမြောတယ်၊ ဝမ်းလည်းနည်းတယ်..."

ရွှေဇင်တို့ မောင်နှမ သုံးယောက်လုံးသည် အမေ့အဖြေကြောင့် မိန်း မောရှိပင် နေမိကြသည်။ ထို့ကြောင့်ပင် မြောင်းမြခရိုင်မှ ခေတ်ဟောင်း ရဲဘော်တို့ကို ဤဝင်ဒါမီယာမဏ္ဍပ်အတွင်းတွင် ရွှေဇင် မတွေ့ရခြင်း ဖြစ် ပေသည်။

* * *

ညီလာခံကို ရွှေဇင်သည် နားထောင်လေ့လာရင်း ဝန်ကြီးချုပ် မိန့် ခွန်းကို ရောက်လာ၏။

"အမတော်ငွေတွေ မှန်မှန်ပြန်မရတာ ဘာကြောင့်လဲလို့ စုံစမ်းကြည့် တဲ့အခါ အောက်ပါ အချက်ကြီးများကို ကျွန်တော် တွေ့ရတယ်၊ ဒီအချက် ကြီးများဟာ...

၁။ ။ အမတော်ကြေးငွေကို စပြီး ထုတ်ပေးကတည်းက လယ်သမား စစ် လယ်သမားမှန်တွေကို ထုတ်မပေးဘဲ၊ နာမည်လိမ်တွေနဲ့ အမတော်ကြေးငွေတွေကို ထုတ်ပြီး တာဝန်ရှိသူ အချို့က အမ တော်ကြေးငွေကို အလွဲသုံးစားလုပ်ခြင်း။

၂။ ။ အချို့ တောင်သူလယ်သမားများတွင် အမတော်ကြေးငွေကို စ၍ ချေးစဉ်အခါကတည်းက ၎င်းအမတော်ကြေးငွေကို အချိန်

mgyoe.com

mgyoe.com


ကျလျှင် ပြန်ဆပ်မယ် ဆိုတဲ့ စေတနာကောင်း မရှိခြင်း။

၃။ ။ အချို့ တောင်သူလယ်သမားများမှာမူကား သူများဆပ်မှ ဆပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နှင့် အခြား တောင်သူလယ်သမားများရဲ့ အဆပ်ကို စောင့်ကြည့်နေကြခြင်း။

၄။ ။ အစိုးရကတော့ တစ်နေ့ကျရင် ဒီအမတော်ကြေးတွေကို လျှော်ပစ်မှာပဲ၊ အဲဒီတော့ လူအတွေသာ ကြွေးပြန်ဆပ်တာ၊ တို့မဆပ်နိုင်ဘူး ဆိုတဲ့ စိတ်ဆိုးစိတ်ညစ်တွေ တောင်သူလယ်သမား ခပ်များများကို ကူးစက်ပြန့်ပွားလျက်ရှိခြင်း။

၅။ ။ လယ်ပျက်လို့ တကယ့်ကို မပေးဆပ်နိုင်ခြင်း ဆိုတဲ့ အချက်ကြီး ငါးချက်ကို တွေ့ရတယ်။ အဲဒီအချက်ကြီး ငါးချက်အနက် လယ်ပျက်လို့ တကယ့်ကို ပြန်မဆပ်နိုင်တာမျိုးတော့ ဘယ်တတ်နိုင်မလဲ၊ ဒါမျိုးကို အတင်းအကျပ် ပေးရမယ်လို့ ကျွန်တော် မဆိုလိုပါဘူး× × × အဲဒီတော့ တကယ့်ကို လယ်ပျက်လို့ အမတော်ကြေး ပြန်မဆပ်နိုင်တဲ့ တောင်သူလယ်သမားတွေဆီ အာဏာအားကိုးနဲ့ နိုင်လိုမင်းထက်ရှိသမျှ ညှစ်ထုတ်ဖို့ ဖဆပလ အစိုးရမှာ ဆန္ဒလုံးဝ မရှိပါဘူး× × ×

ဒါပေမဲ့ ဘယ်သူသေသေ ငတေမာပြီးရော ဆိုတဲ့ ယုတ်မာတဲ့ စိတ်မျိုးနဲ့ ဒီအမတော်ကြေးငွေကို ပြန်မဆပ်ကြတာမျိုးကိုတော့ ဖဆပလ အစိုးရက ဘယ်နည်းနဲ့မှ သည်းမခံနိုင်ဘူး× × × "

ရွှေဇင်သည် မိန့်ခွန်းကို နားထောင်ရင်း အံ့သြ၏။ ထူးဆန်းသည်ဟုလည်း ထင်မိပေသည်။ မိန့်ခွန်းထဲတွင် လယ်သမား ဘဝသစ်ကို မြှင့်တင်မည်ဟု ကြွေးကြော်သူ အချို့၏ အထုပ်ဖြေပြခန်းလည်း ပါဝင်ပေသည်။

မိန့်ခွန်းကို ထောက်ကြည့်ခြင်းအားဖြင့် လယ်သမားတို့ကို ရင်း၍ ငွေရှာစားသူတို့သည်လည်း များလှပါကလား။

သဘော်ကြီးကား နစ်၍ နစ်၍နေ၏။ ဝန်ကြီးချုပ်က ဆန်ဆေးပလုံးနှင့် ဆယ်၏။ ယခုလောက် ဆယ်မိသည်မှာ ဘုရားမပေလို့ဘဲဟု အောက်မေ့ရပေမည်။

mgyoe.com

mgyoe.com


မိန့်ခွန်းအပြီးတွင် ရင်ထဲမှ လှုပ်ရှားလာ၏။ စိတ်ထဲတွင်လည်း ရေရွတ်မိလေသည်။

မသန့်ရှင်းမှုသည် ဘယ်လောက်အထိ နှိပ်စက်တတ်သည်ကို တချို့လူတို့ သိဟန် မရှိသေးပေ။ ထို့ကြောင့် ဝန်ကြီးချုပ်သည် သန့်ရှင်းရေးအတွက် သူ့မိန့်ခွန်းတွင် ဖွင့်၍ ဖွင့်၍ ပြရသည်မှာ မကုန်နိုင်တော့ပေ။

နောက်နေ့တွင် ဝန်ကြီးချုပ်သည် ရွှေဇင်ကို မေး၏။

"ကဲ... မရွှေဇင် လယ်အမတော်ကြေး မိန့်ခွန်းအတွက် လူတွေ ဘယ်လိုယူဆသလဲ"

"လူတွေဆိုတော့ ကျွန်မမှာ လူတွေအများကြီး မရှိပါဘူး"

"အေးလေ... မင်း ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေ ပြောတာပါ"

"သူတို့က သဘောကျကြပါတယ်၊ ဒါပေမင့် နောက်ကျတယ်လို့လည်း ထင်တယ်၊ လယ်သမားတွေလက်ထဲ အမတော်ကြေး တိုက်ရိုက်မရောက်တာတွေ၊ စပါးရောင်းခါနီး ငွေထိုးရတာတွေ၊ နာမည်လိမ်နဲ့ အမတော်ကြေး ထုတ်ယူတာတွေကို လူတွေ သိနေတာ ကြာပါပြီ"

"အေးပေါ့ကွယ်...၊ လူတွေဟာ သန့်ရှင်းမှုကို ကိုယ်တို့ "ရှပ်လုံးဖော်" နေတယ် ဆိုတာကိုတော့ စိတ်ဝင်စားကြရဲ့လား...၊ ပြုပြင်ချင်လာကြရဲ့လား"

"ဝင်စားပါတယ်"

"ခက်သားပဲကွဲ့၊ ကိုယ်ကတော့ အစွမ်းကုန် သန့်ရှင်းစေချင်တာပေါ့၊ ဒါပေမဲ့ မရွှေဇင်လည်း ကြားမှာပေါ့၊ ခုဆဋ္ဌသင်္ဂါယနာ အမေးအဖြေမှာ ဟိုတုန်းက ဘုရားရှင် လက်ထက်မှာတောင် ရဟန်းတွေဟာ ဖောက်ပြန်ချွတ်ယွင်းလွန်းလို့ ဘာမလုပ်ရဘူး၊ ဘယ်လိုမနေရဘူးလို့ ပညတ်တော်မူရတာတွေ၊ သတ်မှတ်ရတဲ့ ဝိနည်းတွေ ကြားမိမှာပေါ့...။ အေး... အဲတာတောင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်ပြီး မနှိုင်းယှဉ်အပ်တဲ့ သီလ၊ သမာဓိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားသခင် လက်ထက်တော်မှာတောင် ဘုရားသားတော်တွေဟာ ဖောက်ပြန်ကြတာပဲ...။"

"ငါတို့ရဲ့ သီလ၊ သမာဓိ ဆိုတာက ဘုရားနဲ့စာရင် ခြေဖျားတောင် မမီဘူး၊ ခြေမှုန့်လောက်တောင်မရှိတဲ့ လူတွေရဲ့ လက်ထဲမှာဆိုရင် ခုလို

mgyoe.com

mgyoe.com


ဖောက်ပြန်တဲ့ လူတွေ၊ ညစ်ပတ်လိမ်ကောက် ဆိုးသွမ်းတဲ့လူတွေ ရှိမှာပေါ့ ကွယ်။ တဖြည်းဖြည်းတော့ နှိပ်ကွပ်ရင်း ပျောက်သွားကြမှာပေါ့..."

"ဟုတ်ကဲ့... ဒီလိုပဲ ယူဆရမှာပေါ့"

မရွှေဇင်သည် ဝန်ကြီးချုပ် ရုံးခန်းမှ ထွက်၍ သူ့ရုံးလေးရှိရာသို့ လျှောက်လာ၏။ နားထဲတွင်မူ "အစွမ်းကုန် သန့်ရှင်းရမည်" ဟူသော ဝန်ကြီးချုပ် ကြွေးကြော်သံကို ကြားယောင်လာ၏။

ကုလားထိုင်တွင်ထိုင်ရင်း တွေးကြည့်ပြန်သည်။ "ခု လူတွေထဲမှာ လည်း ဖောက်ပြန်ညစ်ပတ်တဲ့ လူတွေ ရှိတာပဲ၊ မြောင်းမြခရိုင်က နိုင်ငံရေး သမားတွေ တချို့လည်း ဖောက်ပြန်ခဲ့ကြတာပဲ။ အဲဒီဖောက်ပြန်တာချင်း ဘယ်လိုကွာကြပါလိမ့်..."

ရွှေဇင်သည် ရှေ့လျှောက်၍တော့ ဆက်မတွေးချင်ပေ။ သူ့အတွေး ကဏ္ဍတွင် နောက်ကြောင်းများသည် ပြန်၍ ပေါ်လာ၏။ လယ်သမားတပ် ကြီး တရွေ့ရွေ့ ချီတက်သွားပုံကို တွေးမိလျှင် မျက်ရည်များပင် လည်မိ တော့သည်။

ရဲဘော် ခေါင်းဆောင်များကား လူမသေသေးဘဲ ကျဆုံးကြလေပြီ။

*"နောက်ကို ပြန်မတွေးချင်*

*ရာဇဝင်သာ အသစ်ပြင်ရေးလိုက်ချင်"*

အဲဒီ ဟစ်လို့ကောင်းတဲ့ သီချင်းလိုပင် ရွှေဇင်သည် နောက်ကြောင်း ကို ပြန်၍ မတွေးချင်တော့။ အကယ်၍များ "နောက်ကြောင်းများသည် အသစ်ပြန်ရေးရင်လည်း ရတတ်ပါသေးတယ်" ဆိုတဲ့ ရာဇဝင်ထုံးတမ်းသာ ရှိခဲ့လျှင် မြောင်းမြခရိုင်၊ ရဲဘော်ဟောင်းများအတွက် ကဏ္ဍအသစ် တစ်ရပ် ကို ရေးလိုက်ချင်၏။

သို့သော် ဘုရားပင် မတတ်နိုင်သော ပုထုဇဉ်များစိတ်ကို မရွှေဇင် သည် ဖန်တီး၍ ရနိုင်ပါမည်လား။ ။

မြဝတီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၅၄။

■

mgyoe.com

mgyoe.com


# ပန်းတိုင်းပွင့်သော တိုင်းပြည်

ပီကင်း၏ မြေပြင်အားလုံးတွင် နှင်းခဲများ ဖုံး၍ နေလေသည်။ အဝေးသို့ မျှော်လိုက်လျှင် အရွက်မဲ့သော သစ်ကိုင်းများပေါ်၌ ငွေပွင့်များ ဖွေးဖွေးလှုပ် ပွင့်နေသည်ကို တွေ့ရလေသည်။

လေယာဉ်ကွင်းတွင်မူ အမည်းနှင့် အပြာရောင် အနွေးထည် ဝတ်ထားသော လူများကို တစ်ပုံစံတည်း တွေ့ရလေသည်။

ဤမည်းပြာသော လူများစုထဲမှ ရောင်စုံဝတ်၍ထားသော မြန်မာ သံရုံးအဖွဲ့ဝင်များကို တွေ့ရလေသည်။

မရွှေဇင်သည် မိတ်ဆွေများကို လိုက်လံနှုတ်ဆက်ရင်း ခြေထောက်များမှာ ထုံ၍ လာလေသည်။ ရေခဲနှင့်ယှဉ်၍ ပက်သလို လေတိုက်ပုံကလည်း ကြမ်းတမ်းလှသည်။ နေရောင်ကိုမူ မမြင်ရတော့ပေ။

"မရွှေဇင်တို့ရောက်တဲ့နေ့မှာ ပီကင်းဟာ အအေးဆုံးပါပဲ။ ဒီနေ့ဆိုရင် သုညအောက် ၁၅ ဒီဂရီ ရှိပါတယ်"

ထိုစကားလုံးများကို ကြားကြားချင်း စိတ်ထဲတွင် အံ့ဩသွားလေသည်။ အေးခြင်းကို အံ့ဩသည် မဟုတ်ပေ။ တရုတ် အမျိုးသား ဝတ်စုံကို ဝတ်ထားသော တရုတ်အမျိုးသမီး တစ်ဦးက မြန်မာလို ပီသစွာ လာပြောခြင်းကြောင့် ဖြစ်ပေသည်။ သူသည် ဝန်ကြီးချုပ်ကတော်ကို စကားပြန်လုပ်ရမည့် မဟုံမှိန် ဖြစ်ပေသည်။

"မရွှေဇင်၊ ဦးလေးသန့်တို့တော့ ဝန်ကြီးချုပ်လာတဲ့အထိ ဒီလေယာဉ်ပျံကွင်းမှာ စောင့်ရလိမ့်မယ်"

mgyoe.com

mgyoe.com


ဦးလေးသန့်၏ အသံများသည် တုန်နေသည်။ မရွှေဇင်သည် ဦးလေးသန့်ကို ကြည့်ရင်း စိတ်မကောင်း ဖြစ်သွားသည်။ နှာခေါင်းများ ရဲရဲနီ၍ မျက်လုံးမှာလည်း လေဒဏ်ကို ခံနိုင်ပုံ မရပေ။ သူ့အပေါ်အင်္ကျီသည် လန်ဒန် အအေးကိုသာ ကာကွယ်နိုင်၍ ပီကင်း၏ အအေးကိုမူ ကာကွယ်နိုင်ပုံ မပေါ်ပေ။

အားလုံးသည် အငြိမ်ရပ်တည်နေ၍မရ။ ခြေထောက်များကို နွေးလာအောင် လှုပ်ရှားနေကြသည်။ မရွှေဇင် ခြေထောက်များသည် တဖြည်းဖြည်း ထုံလာကာ ထိ၍ ထိမှန်း မသိတော့ပေ။ ခြေထောက်များ ပြုတ်၍ သွားပြီလားဟု ခဏခဏ ငုံ့၍ ကြည့်နေမိပေသည်။ နှာခေါင်းကလည်း ရဲရဲနီ၍ မျက်ရည်များကလည်း ခဏခဏ ကျလာသည်။

မကြာခင် ဝန်ကြီးချုပ် လေယာဉ်ပျံရောက်၍ လာသည်။

တစ်ခဲနက် အော်ဟစ်ကြိုဆိုသော တရုတ်အမျိုးသားတို့ အသံမှာ လေယာဉ်ပျံကွင်းကို ဖုံး၍ သွားသည်။

ပီကင်းသားတို့၏ ရင်းနှီးချစ်ခင်သည့် ပူနွေးသော နှလုံးသားအရှိန်ကြောင့် အအေးဒဏ်မှာ အနည်းငယ် လျော့သွားသလို စိတ်ထဲမှာ ထင်ရလေသည်။

တည်းခိုအိမ်သို့ ကားနှင့် သွားရသည်မှာ အိပ်မက်ထဲနှင့် တူလေသည်။ လမ်းများသည် မှေးမှိန်သော အလင်းရောင်တွင် တိတ်ဆိတ်နေသည်။ အရွက်မဲ့သော သစ်ပင်များမှာ အရိုးပြိုင်းပြိုင်းနှင့်အဘိုးအို လှုပ်ရှားနေသလို ဆောင်းလေအောက်တွင် တုန်တုန်ခိုက်ခိုက် ဖြစ်၍ နေလေသည်။

တည်းခိုအိမ်သို့ ရောက်ရောက်ချင်း မရွှေဇင်သည် အိပ်ခန်းသို့ ပြေးဝင်၍ အနွေးဓာတ်ပေးရာနေရာတွင် ခြေထောက်များ တင်ထားရသည်။ တစ်နာရီခန့်ကြာမှ ခြေထောက်များမှာ ထိမှန်း နာရမှန်း သိ၍လာတော့သည်။ မကြာခင် သားမွေးများ ခံချုပ်ထားသော ဖိနပ်ကို လာ၍ ပို့၏။

နောက်နေ့များတွင်မူ အိမ်မှ ယူလာသော သိုးမွေးဘောင်းဘီအရှည် အထဲခံနှင့် 'သားမွေး' အထဲခံထားသော သားရေဖိနပ်ကို စီးရတော့သည်။

* * *

ပီကင်းသို့ရောက်ပြီး နောက်နေ့တွင် ဗမာပြည်ကို အထူး သတိရ၏။

mgyoe.com

mgyoe.com


ရန်ကုန်တွင်မူ နံနက် မိုးလင်းလျှင် မရွှေဇင်၏ ရုံးခန်း၌ သတင်းစာတို့ ပြည့်၍နေသည်။ ဤသတင်းစာတို့ကို ကောက်၍ ဖတ်လိုက်လျှင် အစိုးရကို ထောက်ခံသည့် သတင်းစာလည်း ရှိ၏။ အစိုးရကို ရစရာမရှိအောင် ဝေဖန်ထားသော သတင်းလည်း ပါသည်။ အပြုအားဖြင့် ဝေဖန်သူလည်း ရှိ၏။ တမင် အပြစ်ရှာသူလည်း ရှိ၏။ သို့သော် ဤကဲ့သို့ အသံအမျိုးမျိုး ထွက်သော သတင်းစာမျိုးစုံကို ဖတ်ရသည်မှာ အရသာတစ်မျိုးရှိသည်ဟု မရွှေဇင်က ထင်သည်။

ပီကင်းတွင်မူ တရုတ်ဘာသာနှင့် သတင်းစာ သုံး၊ လေးစောင် အပြင် အင်္ဂလိပ်လို ထုတ်ဝေသော (Daily News Release) ဆိုသော သတင်းစာ တစ်စောင်ပင် ဖတ်ရလေသည်။

ထိုသတင်းစဉ်ကလည်း အစိုးရ ဘာလုပ်သည် ဘာကိုင်သည်ကို ဖော်ပြ၍ အစိုးရ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း "အားလုံးပဲ ကောင်းပါသည် ခင်ဗျား" ဟူ၍ ရေးထားသော စာစောင် ဖြစ်သည်။

ဗမာအစိုးရ ပြန်ကြားရေး ဌာနမှ ထုတ်ဝေသော 'ပြည်ထောင်စုသား' ဆန်ဆန်ပင် ဖြစ်ပေသည်။

ပီကင်းတွင် သတင်းစာ ဖတ်ရသည်မှာ ရင်ထဲတွင် အမှန်ပင် ဟာပေသည်။ ရန်ကုန်မှာဆိုလျှင်တော့ မရွှေဇင်သည် သူ၏ ချစ်လှစွာသော အစိုးရကို အမြဲထောက်ခံ၍ ကောင်းပါ့၊ မှန်ပါ့၊ လုပ်၍ ရေးသားလေ့ရှိသော တချို့ သတင်းစာများကို ကြော်ငြာကြီးနှင့်တူ၍ မဖတ်ချင်ခဲ့သော် အပြင်း အထန် ဝေဖန်သော သတင်းစာများကို ရွေး၍ ဖတ်နိုင်၏။

အစိုးရ ဆိုသည်မှာလည်း ပုထုဇဉ်လူသားတို့ ပါဝင်၍ ဖွဲ့စည်းအပ်သော အာဏာပိုင်အဖွဲ့ ဖြစ်၏။ လူဆိုသည်မှာ မှားကြ၏။ ထို့ကြောင့် လူတို့ ပါဝင်သော အစိုးရအဖွဲ့သည် အမှားလည်း ရှိပေမည်။ အမှန်လည်း ရှိပေမည်။ အစဉ်ထာဝရ မှန်ကန်ကောင်းမွန်နေသည် ဟူ၍တော့ မဖြစ်နိုင်ပေ။ အကယ်၍ အစိုးရသည် မှားခဲ့သော် ဤအစိုးရကို အာဏာအပ်နှင်းထားသော ပြည်သူလူထုက အပြုသဘောဖြင့် ဝေဖန်လျှင် အစိုးရက လက်ခံရပေမည်။ ပြစ်တင်လျှင်လည်း ပြုံးရွှင်စွာ လက်ခံရပေမည်။

ဤအကွက်သည် ဒီမိုကရေစီ၏ ချစ်စရာ ကောင်းသော အကွက်ပင်

mgyoe.com

mgyoe.com


မဟုတ်ပါလား။ ပြစ်တင်သံ၊ ဝေဖန်သံ၊ ထုသံ၊ နှက်သံ၊ ခနဲ့သံ၊ ဆဲသံတို့ဖြင့် ပြည့်နှက်၍နေသော ဗမာသတင်းစာကို နှင်းခဲများအောက်မှနေ၍ လွမ်းမိပေသည်။ ဗမာသတင်းစာဆရာများ မျက်နှာကိုလည်း မြင်ယောင်လာသည်။

နောင်တော် သတင်းစာဆရာများကို ပိုမို သတိရသည်မှာ ပီကင်းတွင် ဝန်ကြီးချုပ် သတင်းစာဆရာ အစည်းအဝေးလုပ်သည့်နေ့ ဖြစ်ပေသည်။

ထိုနေ့တွင် သတင်းစာဆရာ စုံစုံလင်လင် ၄၀ ကျော် ၅၀ နီးပါး တက်ရောက်ကြသည်။ အစည်းအဝေး စကတည်းက မရွှေဇင်သည် ဝင်၍ နားထောင်၏။ သတင်းစာဆရာတို့သည် တရုတ်လိုမေး၍ ဘာသာပြန်သူကတစ်ဆင့် ဝန်ကြီးချုပ်သို့ အင်္ဂလိပ်လို ပြောရသည်။

များသောအားဖြင့် မေးခွန်းတို့သည် အရေးမကြီးလှ၊ "ဝန်ကြီးချုပ် ပီကင်းကို ဘယ်လိုထင်ပါသလဲ" အစရှိသော စကားစပ် သဘောမျိုး မိတ်ဆက်မျိုးလောက်ပင် ဖြစ်သည်။

ရန်ကုန်တွင် သတင်းစာ အစည်းအဝေးကို အမြဲ နားထောင်နေရသော မရွှေဇင်အဖို့ စိတ်ထဲတွင် တစ်မျိုး ဖြစ်နေပြန်သည်။ အစည်းအဝေးသည် ခဏပင် ကျင်းပ၍ ပြီးဆုံးသွားသည်။

အကယ်၍ ဗမာသတင်းစာဆရာများကို ဤလို အစည်းအဝေး၌ ချ၍ ပေးလိုက်ရလျှင် မေးလိုက်ကြမည့်ဖြစ်ခြင်း၊ အပ်ကျသည်ကအစ မိုးမီးလောင်သည့် ကိစ္စအထိ ပွင့်လင်းရဲတင်းစွာ မေးကြပေမည်။

* * *

"ကျွန်တော့်နာမည်က 'မစ္စတာရန်ကွမ်ချင်း' ပါ။ ဒေါ်ရွှေဇင် အပြင်ထွက်လည်တဲ့အခါ ကျွန်တော်နဲ့ အတူ လိုက်ပါ ခင်ဗျာ"

မစ္စတာရန်သည် အင်္ဂလိပ်လို သွက်လက်စွာ ပြောရင်း မရွှေဇင်ကို မိတ်ဆက်၏။ 'ရန်' သည် လူပျိုကြီး တစ်ယောက်လို ဣန္ဒြေကောင်း၏။ သူ့ခန္ဓာကိုယ်မှာ ကြီးမားထွားကျိုင်းခြင်း မရှိသော်လည်း ပုညက်သေးကွေးသော လူငယ်တစ်ယောက် မဟုတ်ပေ။ ထူထဲသော မျက်မှန်အောက်မှ သူ့မျက်လုံးများသည် တွေးတောကြံဆတတ်ခြင်းနှင့် ကြင်နာငဲ့ညှာသော

mgyoe.com

mgyoe.com

နှလုံးသားမှ တန်ပြန်ဟပ်သော အရောင်ဖြင့် တောက်ပ၍ နေသည်။ သူ့နှုတ်ခမ်း၏ ထူထဲသိပ်သည်းပုံမှာ သူ၏ ကြံ့ခိုင်သော စိတ်ဓာတ်နှင့် ကြီးသော ဣန္ဒြေကို သရုပ်ဖော်၍ နေပေသည်။ အမှတ်တမဲ့ကြည့်လျှင် စာရေးဆရာ ကိုသန်းဆွေနှင့် 'ရန်' ၏ မျက်နှာမှာ ဆင်ဆင်တူပေသည်။

မရွှေဇင်သည် မှတ်ဉာဏ်နည်းသော မိန်းကလေးပေပဲ။ ဤတရုတ်ပြည်တွင် 'ရန်' နှင့် ဘယ်တုန်းက စတင်တွေ့ရှိသည်ဟူ၍ မမှတ်မိ။ ပီကင်းကို ရောက်မှ "ရန်" သည် သူ၏ မိတ်ဆွေကြီး တစ်ယောက် ဖြစ်နေမှန်း သတိထားမိပေသည်။

'ချူ' ကတော့ 'ရန်' ထက် အရပ်မြင့်ပေသည်။ 'ရန်' သည် စကားကို ခပ်တည်တည် ပြောသလောက် 'ချူ' ကတော့ ချိုချိုပြုံးပြုံး စကားပြောတတ်၏။ ဖြူ၍ နုသော သူ့မျက်နှာမှာ ကလေးငယ် တစ်ယောက်၏ မျက်နှာလို အပြစ်ကင်းစင်စွာနှင့် ကြည်ကြည်လင်လင် ရှိပေသည်။ တစ်ခါတစ်ရံ ဖုတ်ပြီးစ ပေါင်မုန့်လို ဖြူဖြူနုနုထွေးထွေးလေး ဖြစ်နေပေသည်။ စကားပြောတိုင်း သူ့ခေါင်းကို ညွတ်ကာ ညိတ်ကာ ပြောတတ်ပေသည်။

"မစ္စတာချူက အပြင်ကို ထွက်တဲ့အခါမှာ ဦးသန့်တို့ ဦးဝင်းဖေတို့နဲ့ အတူ လိုက်ရပါလိမ့်မယ်"

ရန်က ထပ်၍ ပြောလိုက်လျှင် ချူသည် ခေါင်းညိတ်၍ ပြုံးပြန်လေသည်။

အမှန်တော့ ဗမာပြည်ကို ပြန်ရောက်သည့်အချိန်ထိ ဦးလေးသန့်နှင့် ဦးဝင်းဖေတို့ အသည်းစွဲခဲ့သည်မှာ ချူ၏ ချိုပြုံးသော မျက်နှာ ဖြစ်ပေသည်။

"ဘယ်လိုပဲပြောပြော နိုင်ငံခြားဌာနမှာ ဆက်ဆံရေးဘက်က လူငယ်လေးတွေ ခန့်တဲ့ နေရာမှာတော့ တရုတ်ပြည်ကို ဘယ်သူမှ မမီဘူးကွဲ့" ဟူ၍ ဦးလေးသန့်က မှတ်ချက်ချပေသည်။

နေရာတစ်ခုတစ်ခုသို့ သွားရောက် လည်ပတ်တိုင်း ရန်သည် သူ့တိုင်းပြည်၏ ယဉ်ကျေးမှု၊ တိုင်းပြည်၏ စိတ်ဓာတ်တို့ကို တိုင်းတစ်ပါးသားတို့ မက်မောဖွယ်ဖြစ်အောင် ပြောပြတတ်ပေသည်။

"အခု ကျွန်တော်တို့ သွားမှာက နွေရာသီ နန်းတော်ပေါ့ ဒေါ်ရွှေဇင်"

mgyoe.com

နွေရာသီစံနန်းတော်သို့ သွားရောက် လည်ပတ်ရင်း စိတ်ထဲတွင် မေးခွန်းများ ပေါ်လာပြန်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာရန်၊ စကားမစပ် ကျွန်မ မေးခွန်း တစ်ခု မေးပါရစေ၊ အရင်တစ်ခါက ကြားလိုက်သလို ရှိတယ်။ တရုတ်ပြည်မှာ ရှေးဟောင်းစာပေနဲ့ အမှတ်အသားတွေကို မီးရှို့ပစ်တယ်ဆိုတာ ဟုတ်လား ရန်၊ ကျွန်မကတော့ ရှင့်ကို မိတ်ဆွေလို သဘောထားပြီး ပွင့်ပွင့်လင်းလင်း မေးတာနော်"

"ကျေးဇူးတင်ပါတယ် ဒေါ်ရွှေဇင်၊ ကျွန်တော်တို့ တရုတ်ပြည်သစ်ရဲ့ သတင်းတွေဟာ အမှန်ရော၊ အမှားရော ကမ္ဘာမှာ လွင့်နေမှာပါပဲ။ အမှန်တော့ ဒေါ်ရွှေဇင်ရဲ့ မေးခွန်းကို ကျွန်တော် ပါးစပ်နဲ့ မဖြေလိုပါဘူး။ ခုနန်းတော်တွေထဲကို လိုက်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ဟာ ရှေးဟောင်းအနုပညာတွေကို ဘယ်လို မြတ်နိုးတယ်၊ ဘယ်လို ပြုစုထားတယ် ဆိုတာ သိရမှာပဲ"

ရန်၏ ဖြေဆိုပုံသည် မှန်ပေသည်။ နွေရာသီ စံနန်းတော်၊ ဆောင်းရာသီ စံနန်းတော်နှင့် (Temple of Heaven) စသော အဆောက်အအုံမှာ တရုတ်တို့၏ ယဉ်ကျေးမှုကို သရုပ်ဖော်၍ ထားပေသည်။ ထိုအဆောက်အအုံများသည် တရုတ်ပြည်၏ ရှေးဟောင်း ယဉ်ကျေးမှုနှင့် ယခုခေတ်ကို ဆက်စပ်ရာ ပေါင်းကူးတံတားသဖွယ် ဖြစ်ပေသည်။ တရုတ်ပြည်သစ်တွင် အဟောင်းကို လုံးဝ မစွန့်ပယ်သေးကြောင်းကိုလည်း ဖော်ပြ၍နေပေသည်။ တစ်နည်းအားဖြင့်လည်း နွေရာသီ နန်းတော်သည် တရုတ်ဘုရင်မကြီး၏ ကြီးစွာသော ဖိမ်ခံခြင်းကို အထောက်အထားပြု၍ နေပေသည်။

ကမ္ဘာကျော် တရုတ်တံတိုင်းကြီးမှာလည်း ရှေးတစ်ခေတ်က တရုတ်ပြည်မကြီးအား ရန်သူတို့ ဘေးမှ ကာကွယ်ခဲ့သော်လည်း ယခုအချိန်တွင်မူ ရှေးသူဟောင်းတို့၏ "ဖွဲနှင့်လုပ်အား" အထိမ်းအမှတ်အဖြစ်သာ တည်ရှိပေသည်။ ကာကွယ်ရေးအတွက်ကိုမူ တံတိုင်းကြီးသည် အဓိပ္ပာယ် မရှိတော့ပေ။

တရုတ်တံတိုင်းကြီးမှအပြန် ကားပေါ်တွင် အိပ်ချင်၍နေသည်။ ပီကင်းရေဒီယိုမှ သီချင်းသံများသည် ကားထဲတွင် လွင့်ပျံ၍နေသည်။ သီချင်းအပြီးတွင် သတင်းနှင့် ဝေဖန်ချက် အခန်းထွက်၍ လာပြန်သည်။

mgyoe.com

mgyoe.com


"ဒေါ်ရွှေဇင် အခု ပြောနေတာကတော့ ချန်ကေရှိတ်နဲ့ အမေရိကန်ပြည်ထောင်စု လုံခြုံရေး စာချုပ်အကြောင်းကို ဝေဖန်တဲ့ အခန်းပေါ့။ ပီကင်းရေဒီယိုက ပြောတယ်။ တိုင်ဝမ်ဟာ ရာဇဝင်အရ တရုတ်ပြည်မကြီးထဲမှာပါဝင်နေလေတော့ နိုင်ငံခြားစစ်တပ်တွေဟာ တရုတ်ပြည်မရဲ့ နယ်မြေပေါ်မှာ ရှိနေတာကို တရုတ်အမျိုးသားတွေအနေနဲ့ ဘယ်သူမှ လက်ပိုက်ကြည့်မနေနိုင်ဘူး" တဲ့။ ရန်က ငြိမ်သက်နေရာမှ လှမ်း၍ စကားပြောလိုက်၏။

"ဘယ်လိုပဲဖြစ်ပေစေ၊ ရန်။ ကျွန်မတို့အနေနဲ့ကတော့ တိုင်ဝမ် ကိစ္စကို အေးအေးဆေးဆေးနဲ့ ဖြေရှင်းနိုင်စေချင်တာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒေါ်ရွှေဇင် တစ်ခု စဉ်းစားကြည့်ပါ။ တိုင်ဝမ် ပြဿနာဟာ ခင်ဗျားတို့ ဗမာပြည်နယ်စပ်ကို ကျူးကျော်နေတဲ့ ကေအမ်တီ ပြဿနာနဲ့ အတူတူပါပဲ"

"ကျွန်မ စိုးရိမ်တာက တိုင်ဝမ်ကို တကယ်လို့ တရုတ်ပြည်မကြီးက ဝင်ပြီး တိုက်မယ်လို့ဆိုရင် စစ်ကြီးဖြစ်မယ့် မီးပွားများ ဖြစ်မလားလို့ စိုးရိမ်မိတာပါပဲ။ ကျွန်မတို့အနေနဲ့က နေရောင်အောက်မှာ ရှိသမျှ လူမျိုးတွေကို ချစ်ခင်ပါတယ်။ ကျူးကျော်သူတွေနဲ့ နယ်ချဲ့သမားတွေကိုပဲ မုန်းတယ်"

"မှန်ပါတယ် ခင်ဗျား" ရန်သည် သူ၏ ရေဒီယို ဝေဖန်ချက်ကို ဆက်၍ ပြောပြန်သည်။ "ရေဒီယိုက ဝေဖန်ချက်ကတော့ တိုင်ဝမ်နဲ့ ပေဟူးကျွန်းတို့ဟာ တရုတ်ပြည်မကြီးရဲ့ နယ်နိမိတ်ထဲမှာ ပါဝင်ခဲ့ပါတယ်တဲ့။ ဒီအချက်ကိုလည်းပဲ အင်္ဂလိပ်နဲ့ အမေရိကန် အစိုးရတို့ဟာ ကေရိုနဲ့ ပို့စတာဒမ် ကြေညာချက်တုန်းက ဟုတ်မှန်တဲ့အကြောင်း ခိုင်ခိုင်လုံလုံ လက်မှတ်ရေးထိုးကြပါတယ်။ ပြီးတော့လည်း အမေရိကန်က ပြောတယ်။ သူတို့ပြည်ထောင်စု ကာကွယ်ရေးအတွက် အမေရိကန် စစ်တပ်များကို တိုင်ဝမ်ကျွန်းပေါ်မှာ ချထားရပါတယ်။ ချန်ကေရှိတ်နဲ့လည်း စာချုပ်ရပါတယ်လို့ဆိုတယ်။ အဲဒီလို အမေရိကန်က အကြောင်းပြပုံဟာ ဟစ်တလာ ဩစတြီးယားကို သိမ်းစဉ်က ပြောပုံနဲ့ အတူတူပါပဲတဲ့။ ဩစတြီးယားကို ဟစ်တလာ သိမ်းစဉ်ကလည်း 'သူ့တိုင်းပြည်ကို ကာကွယ်ရန်အတွက်' လို့ဆိုပြီး သိမ်းခဲ့တာပဲ"

"အမှန်ကတော့ သူတို့မြေက ကီလိုမီတာပေါင်း ၁၀,၀၀၀ ကျော်

mgyoe.com

mgyoe.com


ကွာဝေးနေတဲ့ တရုတ်ပြည်မကြီးရဲ့ နယ်နိမိတ်ထဲမှာ သူတို့ စစ်တပ်တွေ လာချထားတာဟာ ဘယ်နည်းနဲ့မှ 'ကာကွယ်ရေး' အတွက် မဟုတ်နိုင်ပါဘူးတဲ့။ 'ကျူးကျော်ရန်စရေး' အတွက် လှမ်းလိုက်တဲ့ ခြေလှမ်းပါပဲတဲ့။ ပြီးတော့လည်း ဥပမာပြတာက ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ရတဲ့ ရာဇဝင်ကြောင်းကို ပြန်ကြည့်စေချင်တယ်တဲ့။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပေါ်ခင်က ဖက်ဆစ်ဝါဒရဲ့ ဆိုးသွမ်းလာမယ့် အခြေအနေကို မြင်ပါလျက်နဲ့ ကမ္ဘာနိုင်ငံကြီးတွေဟာ ဖက်ဆစ်ရဲ့ အကြွင်းအကျန် မီးစမီးနကို အပြီးတိုင်မသုတ်သင်ခဲ့ဘူးတဲ့။ မြူနစ်မှာ ခြွင်းချန်ထားခဲ့တဲ့အတွက် ဒုတိယကမ္ဘာစစ်ကြီးဟာ တစ်ဖန် ပြန်လည်ပြီး ပေါ်လာခဲ့ပါတယ်တဲ့။ ဒါဟာ အင်မတန်ကြောက်စရာကောင်းတဲ့ မြူနစ်ရဲ့ သင်ခန်းစာပဲတဲ့။ အခုလည်းပဲ တရုတ်ပြည်မကြီးဟာ တရုတ်ပြည်သူလူထုရဲ့ လွတ်မြောက်ရေး၊ အချုပ်အချာအာဏာကို ကာကွယ်ရေးအတွက် တိုင်ဝမ်ကို လွတ်မြောက်အောင် လုပ်ရပါလိမ့်မယ်တဲ့။ အကယ်၍ တိုင်ဝမ်မှာ အကြွင်းအကျန်ထားခဲ့ရင် မြူနစ်လိုပဲ ဒုက္ခအကြီးအကျယ်ပေးမယ့်နေရာ ဖြစ်လာလိမ့်မယ်တဲ့"

ရန်သည် စိတ်ပါလက်ပါနှင့် ရှင်းလင်းပြောပြ၍ နေပေသည်။ သူ့တိုင်းပြည်အတွက်တော့ အဖိုးတန်သော လူငယ်တစ်ဦးပင် ဖြစ်ပေသည်။

စကားစပြတ်၍ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားကြပြန်သည်။ မရွှေဇင် စိတ်ထဲတွင်တော့ သံသရာ၏ ကျင်လည်ကြပုံကို တွေးရင်း အံ့သြမိပေသည်။

တစ်ခါကဆိုလျှင် ရုရှားတို့၏ တော်လှန်ရေးကို စိတ်ပါဝင်စားစွာဖတ်ရှုလေ့လာကြသလို အမေရိကန်တို့၏ တော်လှန်ရေး သမိုင်းကိုလည်းဖတ်ကြရင်း တိုင်းပြည်ချစ်စိတ်, တော်လှန်ရေးစိတ်တို့သည် လူငယ်တို့နှလုံးသားတွင် တဖွားဖွား ပေါ်ခဲ့လေသည်။

အင်္ဂလိပ်တို့ လက်အောက်တွင် တော်လှန်ရေးကို ကြိုးပမ်းကြကုန်သော အမေရိကန်သားတို့ကို သွေးရင်းသားရင်းတို့ကဲ့သို့ပင် ထပ်တူ ကြင်နာ ချစ်ခင်ခဲ့ကြသည်။ အမေရိကန်မှ စာအုပ်ဆိုလျှင် မက်မောစွာ ဖတ်ရှုခဲ့ကြသည်။ အမေရိကန်သားတို့ နယ်ပယ်သစ် ထူထောင်ပုံ အခန်းများကို ဖတ်ရှုရသည်မှာ မက်မောဖွယ်ကောင်းသော ဝတ္ထုများကဲ့သို့ လူငယ်တို့

mgyoe.com

mgyoe.com

နှလုံးသားတွင် စွဲလမ်းခဲ့ကြရလေသည်။

ယခုတလော ရန်ကုန်တွင် ထပ်တလဲလဲ ထပ်ကာ ထပ်ကာ ပြ၍ နေသော "For whom the bell tolls" ရုပ်ရှင်ကားမျိုးဆိုလျှင် ရုပ်ရှင်၏ အရသာမှာ ကြည့်သူ နှလုံးသားကို စိမ့်၍ သွားစေလေသည်။ အမေရိကန်သားတို့သည် ကိုယ့်တိုင်းပြည် လွတ်လပ်ရေးတွင်မက တိုင်းတစ်ပါးသားတို့၏ လွတ်မြောက်ရေးကိုပါ ကယ်တင် ကာကွယ်သူအနေ (ဝါ) "ကယ်တင်ရှင်"အနေနှင့် ကြည့်ရသူ စိတ်တွင် အမေရိကန်ကို ကြည်ညိုလေးစားစိတ် ပေါ်လာသည်။

သို့သော် ယခုအခါတွင် များသောအားဖြင့် အရှေ့အာရှတောင်ပိုင်းသားတို့သည် အမေရိကန်ဆိုလျှင် ဘာ့ကြောင့် နှာခေါင်းရှုံ့ကြပါလိမ့်။ အမေရိကန် စာအုပ်ဆိုလျှင်လည်း "ဘိန်း" လိုပင် ကိုင်ရမည်ကို လက်တွန့်ကြရပါလိမ့်။

'For whom the bell tolls' လို ရုပ်ရှင်ကို ယခု ပြန်ကြည့်လျှင် စိတ်ထဲတွင် ယခင်လို မထိတော့ပေ။ ညာနေတာပါ၊ ဝါဒဖြန့်နေတာပါ ဟူ၍ စိတ်ထဲမှာ ထင်လာသည်။ အမေရိကန်၏ ရာဇဝင်ကိုလည်း ပထမ ကမ္ဘာစစ်အထိမျှသာ ဖတ်လိုစိတ် ရှိလာကြတော့သည်။

အမှန်တော့ 'ချစ်ပါစေကြောင်း' ကို တမင်တကာ ဝါဒဖြန့်၍ မလုပ်ရဘဲ ယခင်ကကဲ့သို့ အလိုလို 'ချစ်စိတ်ဝင်' နေသော တိုင်းငယ်ပြည်ငယ်တို့၏ ရိုးသော စေတနာကို လက်လွတ်ဆုံးရှုံးရသည်မှာ အမေရိကန်သားတို့အတွက် ဝမ်းနည်းဖွယ် တစ်ရပ်ပင် ဖြစ်လေသည်ဟု မရွှေဇင်က တွေးမိပေသည်။

တွေးရင်း တွေးရင်း ဝန်ကြီးချုပ်၏ စကားတစ်လုံးကို မဆီမဆိုင် သွား၍ မရွှေဇင်က တွေးမိပြန်သည်။

"ခုနေအခါတော့ အမေရိကန်ကလည်း တစောင်စောင်၊ ရုရှားနဲ့ တရုတ်နီကလည်း တကဲကဲနဲ့ ကမ္ဘာကြီးမှာ ခုပဲ ထပြီး စစ်ဖြစ်တော့မလို 'မုန်းလှချည်ရဲ့' ဖြစ်နေကြတာပဲ။ အဲဒီအခါမှာ ငါက အမေရိကန်လူ'၊ 'ငါကတော့ ရုရှားလူ' ပဲ ဆိုပြီး နောက်လိုက်နိုင်ငံတွေနဲ့ တချို့ လူတစ်စုက ခါးတောင်းကျိုက်၊ လက်သီးလက်မောင်းတန်း တံတွေး တဖီဖီ ထွေးနေတာကတော့ တော်တော်ရယ်စရာ ကောင်းတာပဲ။ နိုင်ငံရေးဆိုတာ အပြောင်းအလဲ မြန်သား၊ တစ်နေ့ အဲဒီ 'မုန်းလှချည်ရဲ့' ဆိုတဲ့ နိုင်ငံကြီးတွေဟာ

mgyoe.com

mgyoe.com


'ချစ်လှ ချည်ရဲ့' လို ဖြစ်လာကြလိမ့်မယ်။ အဲဒီအခါကျမှ နောက်ပိုင်းက ခါးတောင်း ကျိုက်ခဲ့တဲ့ အကောင်တွေ၊ တံတွေးထွေးခဲ့တဲ့ လူတွေတော့ မျက်နှာပူစရာ ချောက်ကျကြဦးမှာပဲ"

မရွှေဇင်သည် ဝန်ကြီးချုပ် တစ်ခါက ပြောခဲ့သော စကားကို နားထဲတွင် ကြားယောင်လာသည်။ စိတ်ထဲမှာလည်း တဖြည်းဖြည်း သဘောကျ၍လာသည်။

ကမ္ဘာ့နိုင်ငံကြီးများ 'ချစ်လှချည်ရဲ့' ဖြစ်သော အချိန်ကိုသာ ကြည့်လိုပေသည်။ နိုင်ငံငယ်လေးများအဖို့တွင်မူ ဘယ်သူ့ယုံ၍မှ မပုံရဲသော အချိန်ပင် ဖြစ်ပေသည်။

ကားသည် ရေခဲများ ပျော်၍စီးနေသော ချောင်းတိမ်လေးကို ဖြတ်လိုက်ရာ ကားမှာ ငြိမ့်ခနဲ ဖြစ်သွားလေသည်။ အတွေးရပ်၍ မရွှေဇင် ကြည့်လိုက်ချိန်တွင် ရန်သည် ကားထဲ၌ အိပ်ပျော်၍ နေပေသည်။

* * *

ဒီမိုကရက်တစ် တရုတ်အမျိုးသမီး အစည်းအရုံးကြီး၏ လက်ဖက်ရည်ပွဲတွင်မူ တရုတ်အမျိုးသမီးတို့၏ အကြောင်းကို အနည်းငယ် လေ့လာခွင့်ရပေသည်။ တရုတ်အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများသည် အခြေခံအားဖြင့် မတူကြပေ။ တရုတ်အမျိုးသမီးများသည် မြေယာရှင်ကြီးတို့၏ စနစ်အောက်တွင် လည်းကောင်း၊ အရာရှိဆိုးတို့၏ စနစ်အောက်တွင် လည်းကောင်း၊ ရှေးထုံးစဉ်လာ အယူဝါဒ စနစ်အောက်တွင် သော်လည်းကောင်း အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုများကို ခံလာရသူများ ဖြစ်ကြ၏။ ခေတ်ဟောင်းတွင် တရုတ်အမျိုးသမီးတို့သည် အိမ်ထောင်စု တစ်ခုဝယ် ကျွန်သာသာမျှသာဖြစ်၍ အမွေဆက်ခံပိုင်ခွင့် စသော အခွင့်အရေးများ ဆုံးရှုံးခဲ့ရလေသည်။

ထိုလက်ဖက်ရည်ပွဲတွင်မူ များသောအားဖြင့် စက်ရုံ၊ ကျောင်း၊ ရုံးများမှ အလုပ်သမား အမျိုးသမီးများ၏ ကိုယ်စားလှယ် ၁၅ ယောက်ခန့်ကို တွေ့ရသည်။ ကိုယ်စားလှယ်များသည် သူတို့ရရှိသော အခွင့်အရေးများနှင့် ဘဝဆိုးများမှ လွတ်မြောက်လာပုံကို ရွှင်လန်းအားတက်စွာ ပြောပြကြသည်။

ဝန်ကြီးချုပ်ကတော် ဒေါ်မြရီက ဗမာ အမျိုးသမီးများနှင့် အခွင့်

mgyoe.com

mgyoe.com


အရေး၊ နိုင်ငံရေး ကြိုးပမ်းမှုများ၊ လူမှုဝန်ထမ်း ဆောင်ရွက်ရာ လုပ်ငန်းများတွင် မြန်မာအမျိုးသမီးများ မည်ကဲ့သို့ ပါဝင် ဆောင်ရွက်ပုံကို ရှင်းလင်းပြောဆိုပြပေသည်။

အမှန်အတိုင်း ဆိုရမည်ဆိုသော် မြန်မာ အမျိုးသမီးများသည် အခြေခံအားဖြင့် အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ရရှိလာခဲ့သူများ ဖြစ်၏။ ဥပမာ အချို့အိမ်ထောင်၏ စီးပွားရေးတွင် မိန်းမက ရှေ့ဆောင်ခြင်း၊ လင်သေလျှင် မယားပိုင်ဆိုင်သော အမွေဆက်ခံပိုင်ခွင့်၊ ပညာ သင်ကြားရေးနှင့် အလုပ်လုပ်ရာတွင်လည်း 'လူတော်လျှင် တော်သလောက်' ယောကျ်ားများနှင့် တန်းတူ အခွင့်အရေး ရရှိခဲ့ပေသည်။

နောက်တစ်နေ့တွင် ပေဟိုင်း (မြောက်ပင်လယ်) ရှိ ကလေးများဂေဟာသို့ သွားရောက် ကြည့်ရှုခဲ့ပေသည်။ ကလေးများ အားလုံးသည် မရွှေဇင်တို့ကို မြင်သည့်တစ်ပြိုင်နက် အဝတ်အစားများကို ကိုင်တွယ်၍ ကြည့်ကြသည်။ ပါးစပ်ကလည်း တတွတ်တွတ် ပြောဆို၍နေကြသည်။

"သူတို့ ဒီလို အရောင်စုံ အဝတ်တွေကို မမြင်ဖူးကြဘူး" ဟု ဆရာမတစ်ယောက်က ပြောပြသည်။ ကလေးများသည် ပုံသွင်းထားသော အရုပ်ကလေးများနှင့် တူသည်။ အသွေးအရောင် တစ်ပုံစံတည်းပင် ဖြစ်ပေသည်။ ကလေးများကို ကြည့်ရင်း မရွှေဇင် ခေါင်းထဲတွင် စိတ်ကူးတစ်ခုပေါ်၍ လာပေသည်။ ကလေးများကို မိခင်၏ ရင်ငွေ့အောက်တွင် မကြီးပြင်းစေဘဲ တရုတ်ပြည်မှာကဲ့သို့ ကလေးထိန်းကျောင်းများတွင် ထားကာ လိုအပ်သောပုံကို သွင်းပါလျှင် ဗမာပြည်နှင့် သင့်တော်မည်၊ မသင့်တော်မည်ကို စဉ်းစားနေမိပေသည်။ စဉ်းစားရင်းပင် **'အမေနှင့် မြောက်ပင်လယ်'** ဟူသော ဝတ္ထုတစ်ပုဒ်ကို ရေးရန် ခေါင်းထဲတွင် ပေါ်၍ လာပေသည်။

* * *

ပီကင်းကို ရောက်ပြီးသည့်နောက် ၁၁ ရက်မြောက်နေ့တွင် ဝန်ကြီးချုပ်သည် ထမင်းစားပွဲ တစ်ခုကို ကျင်းပပြုလုပ်ခဲ့လေသည်။ ထိုထမင်းစားပွဲတွင် ဝန်ကြီးချုပ်၏ မိန့်ခွန်းမှာ လွမ်းစရာလည်း ကောင်း၏။ ပွင့်ပွင့်လင်းလင်းလည်း ရှိသည်။ စိုးရိမ်စိတ်ကိုလည်း ဖော်ပြ၍ နေပေသည်။

mgyoe.com

mgyoe.com

နိဂုံးချုပ်တွင်မူ ငြိမ်းချမ်းရေးတွင် သူ့စကားကို အဆုံးသတ်လေသည်။

"အဆွေတော်၊ ဝန်ကြီးချုပ်ချောင် ခင်ဗျား။ သန်ဘက်ခါဆိုရင် ပီကင်း မြို့တော်ကြီးက ကျွန်တော်နဲ့ ကျွန်တော်ရဲ့ အဖွဲ့ဝင်များ ထွက်ခွာရပါတော့ မယ်။ အဲဒီအတွက် အရေးကြီးတဲ့ စကားတစ်ခုကို ကျွန်တော် ပြောကြား လိုပါတယ်။

"အဆွေတော်နဲ့ ကျွန်တော် ရန်ကုန်မှာ ပထမဆုံးအကြိမ် တွေ့စက တည်းကစပြီး ယနေ့ထိ အဆွေတော်နဲ့ တွေ့တိုင်း တခြား စကားများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးထဲမှာ ဝင်ရောက် စွက်ဖက်မှာကို တစ်ခါတုန်းက အလွန် စိုးရိမ်ခဲ့မိကြောင်း မကြာ ခဏ ပြောကြားခဲ့ပါတယ်။ ဒီလို ပြောခဲ့ဖူးတာကို အဆွေတော်လည်း ကောင်းကောင်း မှတ်မိပါလိမ့်မယ်။ အမှန်အတိုင်း ရိုးရိုးသားသား ပြောရ လျှင် ကျွန်တော်တို့ရဲ့ စိုးရိမ်မှုကိုသာ ပြောပြီး ဒီနေရာမှာပဲ ရပ်ထားရင် ကျွန်တော်တို့ တရားရာရောက်မည် မဟုတ်ပါ။ တစ်ဖက်စီးနင်းဖြစ်မှု၊ မတရားမှုများကို ကျွန်တော် အလွန် စက်ဆုပ်ပါတယ်။ အဲဒီတော့ ကျွန်တော့် ကိုယ်ကို ခင်ဗျားနေရာမှာထားပြီး ကျွန်တော့်ကိုယ်ကို ကျွန်တော် မေးခွန်း တစ်ခု ပြန်မေးပါတယ်"

"မိတ်ဆွေကြီး ဦးနု၊ ခင်ဗျားတို့ရဲ့ စိုးရိမ်ချက်တွေကိုတော့ ကျွန်တော် ကြားရပြီးပါပြီ။ ကျွန်တော်တို့ရဲ့ နိုင်ငံတွင်းမှာ ခင်ဗျားတို့က ဝင်ရောက် စွက်ဖက်မှာကိုကော ကျွန်တော်တို့ မစိုးရိမ်ရဘူးလား"

"အဲဒီမေးခွန်းကို ကျွန်တော့်ကိုယ်ကို ကျွန်တော် မေးပြီး ကျွန်တော်ပဲ ပြန်ဖြေပါ့မယ်။ "ကျွန်တော်တို့နိုင်ငံသက်သက်သာဆိုရင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံကြီးရဲ့ ပြည်တွင်းရေးထဲမှာ ဘယ်နည်းနဲ့မှ မစွက်ဖက်နိုင်ပါ ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ရန်သူ နိုင်ငံတွေရဲ့ လက်ကိုင်တုတ် အလုပ်ခံလိုက်ရင်တော့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြီးအတွင်းမှာ အများကြီး ဝင်ရောက် စွက်ဖက်နိုင်တယ်။ ကျွန်တော် တို့ကိုယ်ကို ကျွန်တော်တို့ လက်ကိုင်တုတ် အလုပ်ခံပြီး တရုတ် ပြည်သူ့ သမ္မတနိုင်ငံကြီးကို တိုက်ခိုက်ဖို့အတွက် လေတပ်၊ ရေတပ်၊ ကုန်းတပ် စခန်းတွေပေးမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စစ်မက်အတွက်
mgyoe.com

mgyoe.com


သော့ချက်ဖြစ်မယ့်နေရာတွေ အမြောက်အမြား ရှိပါတယ်။ ဒီစခန်းတွေအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တွင်းကို ရန်သူသူလျှိုတွေ၊ ရန်သူအဖျက်သမားတွေ စေလွှတ်ဖို့ အခွင့်အရေးကောင်းတွေကိုလည်း အများကြီးပေးနိုင်ပါသေးတယ်"

ဝန်ကြီးချုပ်သည် သူ့စိုးရိမ်စိတ်ကို ဤစကားနှင့် စချီ၍ ဖဆပလအစိုးရအဖွဲ့သည် မည်သူ၏ လက်ကိုင်တုတ်မှ မဖြစ်နိုင်သည့်အကြောင်း၊ လက်ကိုင်တုတ်ဆိုသည်မှာ ကိုယ်သဏ္ဍာန်မှာ လူ၏ ကိုယ်သဏ္ဍာန်ဖြစ်၍စိတ်ဓာတ်မှာ တိရစ္ဆာန်စိတ်ဓာတ် ဖြစ်ကြောင်း။ လက်ကိုင်တုတ်သည် ပင်ကိုဉာဏ်မရှိ၍ သခင့်အသံကိုသာ ပြန်၍ ဟစ်တတ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် သူများ လက်ကိုင်တုတ်အဖြစ် မခံဘူး ဆိုသည့် အကြောင်းကို ကတိပေး ပြောဆိုလေသည်။

နိဂုံးချုပ်တွင်မူ ဝန်ကြီးချုပ်၏ မိန့်ခွန်းသည် ငြိမ်းချမ်းရေးသို့ သယ်ယူ၍ သွားလေသည်။ သူသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသည့်အကြောင်း၊ လောလောဆယ်အားဖြင့် အရှေ့တောင်အာရှတွင် တင်းမာမှုများ လျော့ပါး၍ ပြဿနာရပ်များကို ငြိမ်းချမ်းစွာ ဖြေရှင်းစေလိုကြောင်းနှင့် သူသည် ပေါက်ကွဲတော့မည့်ဆဲဆဲဖြစ်သော အမေရိကန် ပြည်ထောင်စုနှင့်တရုတ်ပြည်သစ်တို့၏ ယမ်းအိုးကြီးများကြားတွင် သူ၏ ငြိမ်းချမ်းရေးကြေးစည်သံကို တီးခတ်လိုက်လေသည်။ "ဒီနိုင်ငံ နှစ်နိုင်ငံစလုံးဟာ ဆိုးတဲ့နိုင်ငံတွေ မဟုတ်ပါဘူး။ နိုင်ငံရေး စနစ်ကတော့ ကိုယ်ကြိုက်ရာ ကိုယ်ယုံကြည်ကြပေါ့၊ ကိုယ့်နိုင်ငံက လူများစုက လက်ခံနိုင်တဲ့ နိုင်ငံရေးစနစ်ဟာ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံးပေါ့။

"လူမျိုးအနေနဲ့ ပြောရရင် အမေရိကန်တွေဆိုရင်လည်း သူတို့ဟာအလွန် သဒ္ဓါတရား ရှိကြတယ်။ လက်မှုစက်မှုတွေမှာ ဆိုရင်လည်း ဒီကမ္ဘာကြီးကို အလွန်သာယာ စည်ပင်ဝပြောတဲ့ ကမ္ဘာကြီးဖြစ်အောင် လုပ်ပေးနိုင်တဲ့အထိ တိုးတက်နေကြတယ်"

"တရုတ်အမျိုးသားတွေဆိုရင်လည်း အလွန် သဒ္ဓါတရား ရှိကြတယ်၊ အလွန် ရဲရင့်ကြတယ်။ အခြား ကမ္ဘာသူ ကမ္ဘာသားတွေ အရိုင်းအစိုင်း ဘဝမှာ ရှိနေသေးတဲ့အခါမှာ သူတို့ရဲ့ ယဉ်ကျေးမှု အဆင့်အတန်း

mgyoe.com

mgyoe.com
ဟာ အင်မတန် မြင့်မားတဲ့ အခြေအနေကို ရောက်ခဲ့တဲ့ လူမျိုးတွေ ဖြစ်တယ်။

"အဲဒါကြောင့်လည်း ဒီအမေရိကန်တွေနဲ့ တရုတ်တွေကို ကျွန်တော်တို့က အများကြီးလည်း ချစ်တယ်၊ အများကြီးလည်း လေးစားတယ်" တရုတ်တွေကိုတော့ ဘဝတူချင်း အိမ်နီးနားချင်းမို့ ပိုပြီးတော့တောင် မေတ္တာရှိသေးတယ်။

"အဲဒီလို ကျွန်တော်တို့ ချစ်ကြည်ညိုတဲ့ လူမျိုး နှစ်မျိုးဟာ တစ်ယောက်နဲ့ တစ်ယောက် ဝါးစားမတတ် ရန်ထောင်နေတာကို မလိုချင်ဘူး။ ကျွန်တော်တို့ဟာ နှစ်ဦးစလုံးရဲ့ မိတ်ဆွေအဖြစ်နဲ့ သင့်မြတ်တာကို လိုချင်တယ်။ အဲဒီတော့ အမေရိကန် ပြည်ထောင်စုနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံဟာ အမြန်ဆုံး နားလည်မှုရရှိအောင် ကျွန်တော် တတ်စွမ်းသရွေ့ အင်အားရှိသရွေ့ အစွမ်းကုန် ကြိုးစားပါ့မယ် ဆိုတာကိုလည်း အခုလို အခွင့်ကောင်းရတဲ့အခါမှာ ကျွန်တော့်မိတ်ဆွေ ဝန်ကြီးချုပ်ချောင်အား ကျွန်တော် ကတိပေးပါတယ်"

မေတ္တာလှိုင်းသံတို့ဖြင့် ပြည့်၍နေသော ဝန်ကြီးချုပ် အသံသည် ညစာစားနေသော ခန်းမကြီးကို ဖုံးလွှမ်း၍ သွားသည်။ တရုတ် အမျိုးသားများ၏ မျက်နှာများသည် တစ်စုံတစ်ခု ထူးခြားနေသလို ဖြစ်နေလေသည်။

ထိုညစာစားပွဲတွင် ဗမာသံရုံး အဖွဲ့ဝင်များနှင့် ဝန်ကြီးချုပ် အဖွဲ့သားများက ဧည့်ခံရသောပွဲ ဖြစ်ပေသည်။ မရွှေဇင်သည် တစ်ဝိုင်းတည်း ထိုင်နေသော တရုတ်အမျိုးသမီး အလုပ်သမားများနှင့် မစ္စတာချူတို့အား ဘဲသားများကို လှီးဖြတ်၍ ထည့်ပေးရသည်။ အစားအစာများကို ဂရုစိုက် ကျွေးမွေးရသည်။ ဤနေ့မှာ အမျိုးသမီးတို့နှင့် နောက်ဆုံး တွေ့ဆုံရသောနေ့ ဖြစ်၏။

ထိုညနှင့် မြို့တော်ဝန်ပေးသော ညစာစားပွဲမှလွဲ၍ တရုတ်အမျိုးသမီး အမြောက်အမြား တက်ရောက်သည့်ပွဲကို မတွေ့ရပေ။

* * *

ပီကင်းမှ ထွက်ခွာကြရပေတော့မည်။

လေယာဉ်ပျံကွင်းကို သွားရာ လမ်းတစ်လျှောက်တွင် အဆောက်အအုံသစ်များသည် တစ်ရစ်ပြီးတစ်ရစ် မြင့်မား၍ လာသည်။ ရှုပွင့်များ

mgyoe.com

ပွင့်လာသလို လျင်မြန်စွာ တိုးတက်လာပေသည်။

တရုတ် အမျိုးသားတို့သည် လူထုအားဖြင့် သူတို့ပြည်သစ်အား ထူထောင်လျက် ရှိကြသည်။ ကြပ်မတ်၍ တင်းမာသော စည်းကမ်းအောက်တွင် သူတို့သည် လှပသန့်ရှင်းသော ပီကင်းမြို့တော်သစ်ကို တည်ဆောက်၍ နေကြသည်။

သူတို့နည်းနှင့် သူတို့ ပြည်သစ်ကို တည်ဆောက်ရာတွင် "အခက် အခဲများအားလုံးကို လွတ်မြောက်အောင်မြင်နိုင်ပါစေ" ဟူ၍ မရွှေဇင်က စိတ်ထဲတွင် ဆုတောင်းမိပေသည်။

လေယာဉ်ပျံကွင်းကို ရောက်လေပြီ။

"ဒေါ်ရွှေဇင်ရယ်၊ ကျွန်တော်တော့ ဗမာပြည်လိုက်ပြီး မုန့်ဟင်းခါး စားချင်တယ်"

ဝန်ကြီးချုပ်၏ စကားပြန် ကိုအေးသည် ဗမာလို ပီသစွာ လာ၍ ပြော၏။ သူသည် ဗမာပြည်တွင် ကြာမြင့်စွာနေလာ၍ ဗမာ့ အစားအစာ များကို နှစ်သက်အောက်မေ့ဟန် တူပေသည်။ ဗမာသံရုံး အဖွဲ့ဝင်များကို နှုတ်ဆက်ရင်း စိတ်ထဲမှာ လေး၍လာသည်။ နွေးသော နေခြည်တို့ဖြင့် တောက်ပနေသည့် ကိုယ့်တိုင်းပြည်ကို ပြန်ရမည့် မရွှေဇင့် မျက်လုံးများမှာ တောက်ပနေသလောက် သူတို့ မျက်လုံးများက မှုန်ရီ၍ နေပေသည်။ လေ များက အေးစက်စက် တိုက်ခတ်မြဲပင်ဖြစ်၍ နှင်းခဲများကလည်း အရည် မပျော်သေးပေ။ ဤအတွေ့များကို အမြဲ မြင်နေရလေလေ၊ ဗမာပြည်မှ နေခြည်များကို အောက်မေ့ကြမည်မှာ မလွဲပေ။

"ကျွန်မတို့အတွက် ဒေါ်ရွှေဇင် မုန့်ဟင်းခါး ပိုစားလိုက်ပါ" ဟူ၍ သံရုံးသူ တစ်ယောက်က ဆိုပြန်သည်။ မုန့်ဟင်းခါးသည် နိုင်ငံခြား ရောက် သူတို့အဖို့ လွမ်းဆွတ်အောက်မေ့စရာ မုန့်တစ်ခုပါလား။

တရုတ်အမျိုးသား မိတ်ဆွေများကို လိုက်၍ နှုတ်ဆက်ရပြန်သည်။

"ကဲ... ဒေါ်ရွှေဇင်ရေ၊ သွားပေတော့" ဟု ရန်က နှုတ်ဆက်ရင်း ဆိုသည်။

"ဗမာပြည်ကို ပြန်ရောက်ရင် ကျွန်တော်တို့ ဘယ်လို ပြုစုတယ် ဆိုတာတွေကို ခင်ဗျားရဲ့ မိတ်ဆွေတွေကို ပြောပြပါနော်။ ကျွန်တော်တို့ကို

mgyoe.com

mgyoe.com


လည်း မမေ့ပါနဲ့" ဟု မစ္စတာချူက ချိုချိုပြုံးပြုံးနှင့် လာ၍ ပြောပြန်သည်။

"ကျွန်မတို့ တရုတ်ပြည်မှာနေစဉ်အတွင်း ရှင်တို့ ပြုစုစောင့်ရှောက်ပုံတွေ၊ ရှင်တို့ရဲ့ ကြင်နာစိတ်တွေကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး" ဟူ၍ မရွှေဇင်က ရန်နှင့် ချူတို့ကို ပြန်၍ ပြောလိုက်သည်။

လေယာဉ်ပျံဘက်သို့ ခြေဦးလှည့်လိုက်ရသည်။ စိတ်ထဲတွင် ပီကင်းမြေပေါ်၌ ကျန်ရစ်သူအားလုံးအား ဆောင်းအခါတွင် လက်ဆောင်တစ်ခု ပေးချင်သည်။ ထိုလက်ဆောင်မှာ ဗမာပြည်ရှိ ပူနွေးသော နေခြည်ပင် ဖြစ်ပေသည်။

ဝန်ကြီးချုပ်သည် လေယာဉ်တံခါးဝမှနေ၍ တရုတ်အမျိုးသားများအား လက်ဝှေ့ယမ်း၍ နှုတ်ဆက်နေသည်။ သူ၏ တရုတ်–ဗမာ ချစ်ကြည်ရေး အဖွဲ့သည် တရုတ်–ဗမာ နှစ်ပြည်ထောင် ချစ်ကြည်မှုတွင်မက ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ဖန်တီးနိုင်ပါစေ ဟူ၍ မရွှေဇင် စိတ်ထဲက ဆုတောင်းမိပေသည်။

လေယာဉ်သည် မြေမှ ခွာစ ပြုလေသည်။ မြေပြင်ပေါ်ရှိ လူအားလုံးကို မှုန်မှုန်မွှားမွှားသာ မြင်ရတော့သည်။ စိတ်ထဲမှာ လေး၍ တင်းကျပ်ကျပ်ဖြစ်လာသောကြောင့် အသာမှိန်း၍ နေလိုက်မိသည်။

မျက်စိထဲတွင် ကလေးများ၊ ငှင်းပြင်ဝါးခြမ်းပြားများ ကပ်၍ ချည်ထားသော ကန်တုံရှိ ဂန္ဓမာပန်းများသည် တစ်လှည့်စီ ပေါ်လာသည်။ သတင်းစာဆရာများနှင့် အမျိုးသမီးများကိုလည်း ပန်းတို့၏ နောက်တွင် မြင်ယောင်လာသည်။

ဤတိုင်းပြည်သည် ပန်းတိုင်းပွင့်ကြသည်မှာတော့ မှန်ပေသည်။

သို့သော် ဝါးခြမ်းတွင် ကပ်၍ ကြိုက်ရာပုံဖော်ခြင်းကို ပန်းလေးတို့မခံရပါလျှင် သဘာဝအတိုင်း ပွင့်လန်းလှပပေလိမ့်မည်ဟု စိတ်ထဲတွင် ထင်မြင်မိပေသည်။ တရုတ်ပြည်သစ်ကြီး၏ ပန်းခြံအတွက်တွင်မူ ဤကဲ့သို့ ပုံဖော်ခြင်းသည်ပင် ယနေ့အဖို့ သူ့ခြံနှင့်သူ့ပန်း ပန်ရ၍ပင် ဖြစ်ပေမည်။

နှင်းခဲများ ဖုံးနေသော မြေပြင်ကို နှုတ်ဆက်၍ ပူနွေးသော နေခြည်များ မြူးထူးရာ မြေပြင်ဆီသို့ ရှေးရှုခဲ့ပါသည်။

မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၅။

■

mgyoe.com

mgyoe.com


# လနှင့်တိမ်တိုက်

*ငွေနှင်းမှုန်ရီ ဝေဝေစီ၊ မြောက်လေဆော်သွေး အေးတဲ့လရာသီ၊ သမယ ခါမှီ–ပြာသိုခွာညို ညှာစို စိမ်းလဲ့လန်း… ရွှေနန်းတော်တွင်းလဲ့ဝင်း မူရာ ပလီ×××*

ဒီသီချင်းဟာ ဘယ်ကများ လွင့်လာပါလိမ့်၊ ပတ်ဝန်းကျင် အသွင် အပြင်တွေကလည်း ဆောင်းဝင်တော့မယ့်ဟန် ပြောင်းလဲစပြုလာကြပြီ။ သူတို့ အသည်းနှလုံးထဲမှာ ဒီသီချင်းဟာ ကျုပ် မရှိတော့တဲ့ နောက်မှာ တောင် စွဲကျန်ရစ်ခဲ့သေးတယ်ဆိုတော့ နှစ်သိမ့်စရာပဲပေါ့။ ဒီသီချင်းကို ကျုပ် ရေးခဲ့တာကိုး။

နွေရိပ်အောက်မှာ အပန်းဖြေကြတဲ့ စစ်သားတစ်စုကလည်း သီချင်း တစ်ပုဒ်ကို သီဆိုနေကြတယ်။

*"ကိုယ်တိုင် လှရာရာရွေးလို့ ဆင်မပေးရ၊ ဆံမြညှာကေ၊ စစ်မြေမှာ ကြာညောင်းရက်ရှည်၊ ရောက်မယ်အထင်နဲ့ မျှော်တဲ့ပူဇျာပွေ၊ တတွေး တွေး ဆွေးရှာရော့မယ်လေ"*

စစ်သားကြီးရဲ့ နွမ်းနယ်နေတဲ့ နှလုံးသားတွေဟာ ကျုပ် ရေးစပ်ခဲ့တဲ့ သီချင်းကို သီဆိုဟစ်ကြွေးလိုက်ရလို့ အပန်းပြေတန်ကောင်းပါရဲ့။

သီချင်းသံတွေဟာ လေထဲမှာ လွင့်ပျံမြူးနေလို့ ဘယ်သီချင်းဟာ ဘာအကြောင်းပါလိမ့်မယ်လို့ မတွေးတော့နိုင်တော့ဘူး။ နှင်းမှုန်တွေ အကြောင်းလည်း ပါရဲ့၊ မိုးဖွားနဲ့ လေအေးလေးတွေအကြောင်းလည်း

mgyoe.com

mgyoe.com


သူတို့ သီဆိုနေကြတာပဲ။ ကျုပ်ကတော့ ကျုပ် ဘာတွေ ရေးခဲ့တယ် ဆိုတာ တောင် သတိမရချင်တော့ဘူး။

ဒါပေမင့် ကျုပ်ရင်ထဲမှာ ပျော်ရွှင်နှစ်သိမ့်လို့ မဆုံးဘူး။ သူတို့ အားလုံးပဲ သူတို့ရဲ့ နွမ်းနေတဲ့ နှလုံးသားတွေ၊ ရွှင်မြူးနေတဲ့ နှလုံးသားတွေ ကို ပုံဖော်ရာမှာ ကျုပ်သီချင်းလေးတွေကို ကိုယ်စားပြုတဲ့အတွက် ကျုပ် အားရလို့မဆုံးဘူး။

ကလေးတွေကလည်း ကျုပ် သီချင်းကို လမ်းပေါ်မှာ ဟစ်အော်ပြီး သီဆိုသွားကြတယ်။ ချစ်သူကိုလွမ်းနေတဲ့ မိန်းမပျိုရဲ့ နှုတ်ခမ်းဖျားမှာရော၊ ရန်သူကို အားကြိုးမာန်တက် နှိမ်နင်းနေတဲ့ စစ်သည်တော်တွေရဲ့ နှုတ်ဖျား မှာရော၊ အချစ်ကြောင့်ပဲ ရွှင်လန်းနေတဲ့ သူငယ်၊ သူငယ်မတို့ရဲ့ နှုတ်ခမ်း ဖျားတွေပေါ်မှာရော ကျုပ် သီချင်းလေးတွေဟာ မြူးပျံ့နေတော့ ကျုပ်ရဲ့ ဝိညာဉ်ကလည်း သူတို့နဲ့အတူ ဝဲပျံ့နေတာပေါ့။

ဩော်... ဒါပေမင့်လည်း အနုပညာသမားဆိုတာကတော့ ခက်သား ကလား။ သူတကာရဲ့ နှလုံးသားကိုသာ ရွှင်မြူးအောင် ပြုနိုင်တာကိုး။ သူတို့ကိုယ်တိုင် စိတ်ပင်ပန်းနွမ်းနယ်မှုကိုတော့ သူတို့ဘာသာ မကုစားနိုင်ဘူး။

အနုပညာသမားတွေဟာ တော်တဲ့လူတွေလည်း ရှိသပေါ့၊ မတော်တဲ့ လူတွေလည်း ရှိတာပဲ။ ဒါပေမင့် အနုပညာသမားရဲ့ စာပေ၊ ဂီတတို့၊ သီချင်းတို့ဟာ လူတန်းစားအမျိုးမျိုးရဲ့ အသည်းနှလုံးကို အလိုလို စိမ့်ဝင် ကြတာပဲ။ လူတန်းစားအမျိုးမျိုး လက်ခံအောင်လို့ ဓားကြိမ်းကြိမ်းပြီး သွင်းဖို့ လည်း မလိုပေဘူးပေါ့။ အာဏာရှင်ကြီးတွေမှာတောင် သူတို့ဝါဒကို လူ အမျိုးမျိုး လက်ခံရေးအတွက် ခြိမ်းတစ်ခါ ခြောက်တစ်လှည့် ဓားရေးပြလိုက်၊ ဖလေချိုသွေးလိုက် လုပ်ကြရတာပဲ။ လူတွေကလည်း သူတို့ရဲ့ အာဏာစက် လက်နက်ကြောင့်သာ အာဏာရှင်များကို လေးစားကြောက်ရွံ့ကြရတာပဲ။

ဟော... ကျုပ် သီချင်းလေးတွေကတော့ ဘယ်သူ့ရဲ့ အသည်းနှလုံး ထဲကိုမှ ရိုက်မသွင်းရပါဘူးဗျာ...၊ သူတို့ အလိုလို သီဆိုကြတာပဲ။

ဒါပေမင့် တစ်ခါတစ်ခါ အနုပညာဟာ ဓားမိုးခံရတော့ အင်မတန် ဝမ်းနည်းကြေကွဲစရာ ကောင်းတာပဲ။ တချို့ အနုပညာသမားများမှာ တဏှာယ် ပင်ကိုအရည်အချင်း ရှိပေမယ့်လည်း ဓားမိုးထားတဲ့အောက်မှာ

mgyoe.com

mgyoe.com


နေရလေတော့ အမှောင်ထုထဲက ခွဲထွက်ထင်ပေါ် မလာနိုင်ပေဘူး။ တချို့ ကျတော့လည်း စင်တော်အကြိုက်နဲ့ မိကြပြီဆိုတော့ တစ်ဟုန်ထိုး တက်သွားတာ ရှိကြလေသပေါ့။

စာပေအနုပညာဆိုတာ အစဉ်ပဲ ထွန်းလင်းတောက်ပြောင်နေတယ် ရယ်လို့ ဘယ်ရှိနိုင်ပါမတုံး၊ မြုပ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့် သွားကြရတာပဲ။ ဒါပေမဲ့ အနုပညာသမားတွေရဲ့ အနုပညာဟာ လမင်းနဲ့ တူပေတယ်။ စိုးမိုးအုပ်ချုပ်ခြင်း ဆိုတဲ့ လူများရဲ့ စိတ်ကတော့ တိမ်တိုက်နဲ့ တူတာပေါ့။

ဘယ်ရာဇဝင်မှာပဲကြည့်ကြည့်၊ တစ်ခါတစ်ခါ အာဏာရှင်ကြီးများက အနုပညာစာပေတွေကို နှိမ်ထားကြတယ်၊ ချေမှုန်းဖျက်ဆီးကြတယ်။ ဒီအခါမှာလည်း အနုပညာတွေဟာ တိမ်ကောပျောက်ကွယ်လုမတတ် ငုံ့လျှိုးနေကြရတာပဲ။ တိမ်တောင်နဲ့တူတဲ့ အာဏာစက်တွေ (ဝါ) အုပ်ချုပ်သူတို့ရဲ့ မာန်တွေပေါ့။ ဒါပေမင့် အဲဒီအာဏာရှင် စိုးမိုးသူတွေရဲ့ အာဏာဟာ မဲမှောင်နေတဲ့ တိမ်တိုက်ကြီးလိုပဲ။ လမင်းကို တစ်ချိန်တစ်ခါ ဖုံးအုပ်ထားနိုင်ပေမယ့် သူတို့က မတည်မြဲကြပေဘူး။ မကြာခင်ဆိုသလိုပဲ တောင်လေနဲ့ တွေ့ကြတော့ တစ်ခဲနက် မည်းမှောင်နေတဲ့ တိမ်တိုက်တွေဟာ မိုးရေအဖြစ်နဲ့ လျှောကျပျောက်ကွယ်သွားရတာပဲ။

ဩော်... တရားရစရာ မကောင်းပေဘူးလား။

လမင်းကြီးကတော့ ဒီကမ္ဘာမှာ တည်နေဆဲ၊ ပျောက်ကွယ်သွားတယ်ရယ်လို့ ဘယ်တုံးကမှ အစဉ်အလာ မရှိခဲ့ဘူး။ ဒီတစ်ဖက်မှ တိမ်တိုက်ကြီးက ဖုံးထားပေမယ့် တစ်ဖက် ကမ္ဘာတစ်ခြမ်းမှာတော့ လင်းနေဆဲပဲ။ ဒီလိုပဲ စာပေ၊ အနုပညာဟာ တစ်ဖက်မှာ ငုံ့လျှိုးနေရပေမယ်လို့၊ တစ်ဖက်မှာ ထွန်းလင်းနေမှာပဲ။ ပြီးတော့ အဲဒီစာပေအနုပညာသမားတွေရဲ့ အနုပညာ၊ စကားလုံး၊ တေးဂီတတွေဟာလည်းပဲ လူတွေရဲ့ အသည်းနှလုံးမှာ ဘယ်တော့မှ မသေကြဘူး။ ခေတ္တခဏတော့ ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားလိမ့်မယ်။

လမင်းရဲ့ရောင်ခြည်ကို လူတန်းစားမရွေး ခံစားနိုင်သလို၊ အနုပညာရဲ့ အရသာကိုလည်း လူတန်းစားမရွေး ခံစားနိုင်ပါတယ်။ လမင်းရောင်ခြည်ဟာ နေရောင်ခြည်လိုတော့ တန်ခိုးအာဏာ မရှိပေဘူးပေါ့။ ပူပြင်းခြင်း

mgyoe.com

mgyoe.com


လည်းမရှိတော့ လူတွေဟာ မကြောက်ကြဘူး။

သို့သော်လည်း လရောင်ခြည်ဟာ မြင်တွေ့သူအားလုံးရဲ့ စိတ်နှလုံးကို ချမ်းမြေ့အေးမြစေပေတယ်။ တကယ်လို့သာ ဒီသတ္တလောကမှာ အနုပညာဆိုတဲ့ ပညာရပ်သာ မထွန်းကားခဲ့ရင် သတ္တဝါတွေဟာ အနားရကြမှာ မဟုတ်ပါဘူး။

တိမ်တောင်နဲ့ လမင်းကလည်း အောက်မြေပြင်ကနေ ကြည့်လို့သာ လမင်းကို တိမ်တိုက်ဖုံးသွားပြီလို့ လူသားတွေက ထင်မြင်နေရတာကလား။ တကယ်တော့ လမင်းရှိရာကို ဘယ်တိမ်တိုက်ကမှ မလာရောက်နိုင်ကြဘူး၊ လမင်းကိုလည်း မထိုးဖောက်နိုင်ဘူး။

မည်းမှောင်နေတဲ့ တိမ်တိုက်ရဲ့ နောက်ကွယ်မှာ လမင်းဟာ သူ့ရဲ့ ဝင်းပတဲ့ ရောင်ခြည်နဲ့ ကောင်းကင်ပြင်မှာ အစဉ် ထွန်းလင်းနေတာပဲ။ ကောင်းကင်အနှံ့ ကျယ်ပြန့်သမျှ သူ့ရောင်ခြည်ကို လွတ်လွတ်လပ်လပ်ကြီး လွှတ်ပြီးနေတာပဲ။ အနုပညာသမားတွေရဲ့ ခန္ဓာကိုယ်ကို ဘယ်လိုပဲ ချုပ်နှောင်ထားပေမယ့် သူတို့ရဲ့ စိတ်ဝိညာဉ်ကတော့ လမင်းရဲ့ ရောင်ခြည်လို အစဉ် လွတ်လွတ်လပ်လပ်ကြီး မြူးပျံ့နေကြတာပါပဲ။

ကျုပ်ရဲ့ သီချင်းလေးတွေကို ဆက်လက် သီဆိုနေကြတုန်းပါကလား။ ဒါတွေပေါ့...၊ ကျုပ်သာ သေသွားတယ်၊ ကျုပ်ရဲ့ သီချင်း၊ ဂီတတွေဟာ မသေကြဘူး။

သွားစရာခရီးကလည်း ရှိသေးတယ်။ ဘယ်ကိုသွားရမှန်းလဲ မသိဘူး။ လမ်းကလည်း မှုန်ရီနေလို့ သဲသဲကွဲကွဲ မမြင်ရဘူး။ ကျုပ်လိုပဲ အဖော်ဝိညာဉ်တွေဟာ ဘယ်ကိုမှန်းမသိတဲ့ ခရီးကို ဆက်လက်သွားနေကြပါလား။

ကျုပ်အနားတစ်ဝိုက်မှာ သီချင်းသံလေးတွေ ဝဲပျံ့လာတော့ ကျုပ်ခရီးသွားရတာ ရွှင်လန်းအားတက်စရာကြီးပဲ။ ဩော်... သံသရာဆိုတာ ဒီလိုပဲ ထင်ပါရဲ့၊ အဆုံးကိုရှာလို့ မရနိုင်ပါကလား။ ။

(ကွယ်လွန်ပြီးလေပြီးသော အနုပညာသမားများအား ရည်စူးပါ၏)

မြဝတီမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၅၅။

■

mgyoe.com

mgyoe.com

# ကမ္ဘည်းမထိုးနိုင်သောစာ

ဆရာမကြီး စာသင်ခန်းထဲသို့ ဝင်ရောက်လာပုံသည် နှစ်လိုချစ်ခင်ဖွယ်ရာ ကောင်း၏။ သူ့မျက်နှာသည် ပြုံးရွှင်သည်ဟု မဆိုသာသော်လည်း တင်းမာခက်ထန်သော မျက်နှာပေး မဟုတ်ပေ။ သိမ်မွေ့စွာ ပြုံးနေသောဟန်မှာ သူ့မျက်နှာတွင် မသိမသာ ပေါ်နေပေသည်။

သူသည် တပည့်များကို အေးဆေးစွာ စကားပြော၏။ သူ ပို့ချရမည့် ဘာသာရပ်မှာ ပုဂံခေတ် ရှေးဟောင်း ကျောက်စာများအကြောင်း ဖြစ်ပေသည်။

သူ့စကားပြောဟန်သည် ရှင်းလင်းပြတ်သား၍ စိတ်ဝင်စားစရာကောင်းပေသည်။ ကျွန်မသည် သူ၏ စာသင်သား တစ်ယောက် ဖြစ်၏။ ပထမဆုံး တွေ့ရချိန်မို့ သူ ပို့ချသော ဘာသာရပ်အကြောင်းထက် သူ့ရုပ်ကို စူးစိုက်မှုက ပို၍ နေပေသည်။ သူသည် ငယ်ရွယ်ပျိုမျစ်သော အရွယ် မဟုတ်တော့သည့်အတွက် သူ့အလှမှာ ခံ့ညားသည်ဟု ဆိုရပေမည်။ သူ့ပခုံးပေါ်တွင် တင်ထားသော ပဝါစိမ်းနုနုမှာ သူ ဝတ်ထားသော ထဘီစိမ်းနှင့် လိုက်လျောပေသည်။ ထဘီသည် အစိမ်းရင့်အောက်ခံပေါ်တွင် ရွှေစင်းများ ကျဲကျဲ ဖောက်ထားသောကြောင့် အစိမ်းရောင်က ပိုမို၍ လွှမ်းနေပေသည်။

တက္ကသိုလ် စာသင်ခန်း၏ ပြတင်းအပြင်တွင်လည်း မရန်းပင်အုပ်သည် မြက်ခင်းစိမ်းပေါ်တွင် စိုးမိုးနေကြပေသည်။ ထိုနေ့က စာသင်ခန်းသည် မြစိမ်းရောင် လွှမ်းနေသည်တကား။

mgyoe.com

mgyoe.com


ဆရာမကြီးသည် အသားလတ်လတ်၊ အရပ်မြင့်မြင့်ဖြစ်၍ ပဝါခြုံကာ ရွှေ့လျားဟန်မှာ ပို၍ ကြည့်ကောင်းနေသလို ဖြစ်ပေသည်။ သူသည် ကျောက်စာအကြောင်းကို မသင်သေးပေ။ ရှေးဟောင်း ကျောက်စာများကို လေ့လာခြင်း အကျိုးများကို သူသည် ရှင်းလင်းပြောပြရင်း ပုဂံခေတ်အကြောင်းကို ရောက်သွား၏။ ရှေးပုဂံပြည်သူ ပုဂံပြည်သားတို့အကြောင်းကို ပြော၍ ပြ၏။

"ပုဂံကျောက်စာတွေကို လေ့လာတယ်ဆိုရင်ပဲ ပုဂံခေတ်ရဲ့ ဘာသာရေး တွေးခေါ်ပုံတွေ၊ အုပ်ချုပ်ရေး အစီအစဉ်တွေနဲ့ ယဉ်ကျေးမှု၊ စစ်ဘက်ရေးရာ အကြောင်းတွေကို တွေ့လာနိုင်မယ်။ ဒါတွေတင်မက မြေမှုတွေဘာတွေမှာ တရားဆုံးဖြတ်တဲ့အကြောင်းတွေကို တွေ့ရရင်ပဲ မြန်မာလူမျိုးတို့ရဲ့ ပုဂံတစ်ခေတ် ယဉ်ကျေးမှု ထွန်းကားပုံကို နှစ်သိမ့်အားရစရာ တွေ့ရပေလိမ့်မယ်။ တချို့ ကျောက်စာတွေမှာဆိုရင် ဗုဒ္ဓဘာသာရဲ့ နက်နဲပုံ၊ သံသရာမှ တကယ် လွတ်မြောက်ရာ တရားဟာ တစ်ခုတည်းသော ဗုဒ္ဓဘာသာတရားသာ ဖြစ်တယ် ဆိုတာကို အဆီအနှစ် ပိုင်ပိုင်နိုင်နိုင်နဲ့ ဖော်ပြထားတာကို တွေ့ရပေမယ်။ တချို့ ကျောက်စာတွေမှာဆိုရင် ကုသိုလ်ကိုလိုလို့ မြေ၊ အိမ်၊ ရွှေငွေ ပစ္စည်းတို့နှင့်တကွ အလုပ်အကျွေး ကျွန်တို့ကို ဘုရားမှာ လှူဒါန်းကြောင်း ကမ္ပည်းကျောက်စာ ထိုးထားတာကို တွေ့ရခြင်းအားဖြင့် ပုဂံပြည်သူပြည်သားတို့ရဲ့ ဓလေ့ထုံးစံကို လေ့လာနိုင်တာပေါ့"

ဤနေရာ ရောက်သောအခါ ကျွန်မ မျက်လုံးများသည် ဆရာမကြီး၏ မျက်နှာသွင်ပြင်ကို မမြင်တော့ပေ။ ကျွန်မ မျက်လုံးထဲတွင် နေလောင်နေသော မျက်နှာမည်းမည်းကြီး တစ်ခုကို သွား၍ မြင်၏။ သူ့နှုတ်ခမ်းမှာ ထူ၍ ပါးစပ်က ပြဲနေပေသည်။ အစဉ် နေလောင်သော အသားမှာ သွေ့ခြောက်ညိုမည်း၍ ပြောင်လက်လက် ဖြစ်နေပေသည်။ ထော့နင်းထော့နင်းနှင့် လျှောက်သွားသော သူ့ဟန်သည် မျက်လုံးထဲတွင် အထင်းသား အထင်းသား ပေါ်လာ၏။ သူကား ပုဂံမြို့သားကြီး ကိုကြာရုံသာတည်း။ သူနှင့် ၁၉၅၅ ခုနှစ်လောက်က ပုဂံမြို့တွင် ရှောင်တခင် တွေ့ခဲ့ရပေသည်။ သူ၏ ဘိုးဘွား အစဉ်အဆက်တို့ကို ဘယ်ရှေးမင်းတို့သည် ကမ္ပည်းကျောက်စာ

mgyoe.com

ထိုးကာ ဘုရားတွင် လှူခဲ့သည်မသိ။ ကိုကြာရုံသည် ဘုရားကျွန် တစ်ယောက် ဖြစ်နေပေသည်။

သူနှင့် တွေ့စဉ်က ကိုကြာရုံဆိုသော နာမည်ကိုပင် ကျွန်မက စိတ်ဝင်စား၏။ ဝန်ကြီးချုပ်နှင့်တကွ ညှိသည်တော်များ ထိုင်ရန် ကော်ဇောချပ်များကို လက်တွင် ပွေ့ကာ သဗ္ဗညုဘုရားမှသည် အာနန္ဒာဘုရားသို့ ထော့နင်းထော့နင်းနှင့် ပြေးသွားသော ကိုကြာရုံ၏ သဏ္ဌာန်ကို ကျွန်မ မျက်လုံးထဲတွင် ယခုထက်တိုင်ပင် မြင်ယောင်နေလေသေးသည်။

သူ့ဘဝကို မေးကြည့်သောအခါတွင် ကျွန်မသည် ကိုကြာရုံအတွက် ပို၍ ရင်နာ၏။ ကိုကြာရုံ၏ ဘုရားကို ကြည့်ရှုစောင့်ရှောက်ရသော အခမှာ တစ်လမှ လေးကျပ်သာ ရ၏။

ထိုနေ့က ဘုရားကို ပြုပြင်ရန် ဝန်ကြီးချုပ်နှင့် ရန်ကုန်မှ လူကြီးများ၊ ပုဂံရှိ ဘုရားလူကြီးများ ဆွေးနွေးပွဲတွင်ပင် ကိုကြာရုံသည် အလုပ်ပြုတ်မလို ဖြစ်လိုက်သေး၏။ ရန်ကုန်မှ လူကြီးတစ်ယောက်က ကိုကြာရုံသည် ဘုရားကျွန် သူတောင်းစား တစ်ယောက် ဖြစ်၍ ဘုရားမှာ အလုပ်မခန့်သင့်ဟု ဆို၏။ ချက်ချင်းပင် ဝန်ကြီးချုပ်က "သူတောင်းစားလည်း လူပါပဲဗျာ။ ခန့်သာခန့်ပါ" ဆို၍ ကိုကြာရုံ အလုပ်ပြန်ရခဲ့ပေသည်။

ထိုနေ့ကတည်းက ကျွန်မသည် ကိုကြာရုံနှင့် အပေါင်းပါတို့ကို စိတ်ဝင်စားနေပေသည်။ ကိုကြာရုံကတော့ သူသည် သူတောင်းစား အမျိုးအနွယ် မဟုတ်ပါဟု ဆို၏။ အကယ်၍ သူတောင်းစား ဘုရားကျွန်အစစ်ပင် ဟုတ်သည် ထားဦးတော့၊ ကိုကြာရုံသည် အနိမ့်ခံကာ တစ်လ လေးကျပ်စားနှင့် အလုပ်လုပ်နေစရာ အကြောင်းမရှိပေ။

ကျွန်မသည် ထိုနေ့က ချက်ချင်းလိုပင် သမ္မတကြီး စဝ်ရွှေသိုက်၏ မိန့်ခွန်းကို သတိရနေပေသည်။ သမ္မတကြီးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ တိုင်းပြုပြည်ပြု ပါလီမန် လွှတ်တော်တွင် မိန့်ခွန်းပြောခဲ့၏။ ထိုမိန့်ခွန်းတွင် "ရာဇဝင်တွင် ရှေးရှေးအခါမှစ၍ ရှေးမင်းတို့၏ အာဏာစက်ကြောင့်၊ ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်ချိုင်းစသည့် လူတန်းစား အနှိမ်ခံနေရသူတို့လည်း ရှိနေသေးသည်။ ဤကဲ့သို့ လူတန်းစား အနှိမ်ခံနေရရှာသော ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊

mgyoe.com

mgyoe.com


ကျောင်းကျွန်၊ သင်ချိ စသည်တို့ကို ယနေ့မှစ၍ ရှေးအမင်းမင်းတို့၏ အာဏာစက်ကို ကျွန်ုပ် ပယ်ဖျက်၍ ထိုသူတို့၏ သဘောအတိုင်း လုပ်လိုသော အလုပ်မျိုးစုံကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြစေဟု ကျွန်ုပ် အမိန့်ချမှတ်သည်" ဟူ၍ ဖော်ပြခဲ့၏။ ထိုနေ့ မိန့်ခွန်းတွင်ပင် အခြေခံဥပဒေအရ နိုင်ငံတော်သားများသည် တူညီသော အခွင့်အရေး ရှိရမည်ဟု မိန့်ခွန်းပေးခဲ့ပေသေးသည်။ ပုဂံမှ ပြန်၍ လာခဲ့သော်လည်း ရင်ထဲမှာ တနုံ့နုံ့ဖြစ်၍ နေပေသည်။ အခြေခံဥပဒေက အတိအလင်း ဆိုပါလျက်နှင့် ကိုကြာရုံတို့သည် အနှိမ်ခံနေရပေသည်။ မြန်မာပြည်တွင် အနိမ့်ဆုံးလုပ်ခသည် ၈၂ ကျပ်ဟူ၍ ထုတ်ပြန်ကြေညာလျက် ရှိသားနှင့် ကိုကြာရုံသည် တစ်လမှ လေးကျပ်မျှသာ ရနေရသည်။ ထိုလခလေးကိုပင် သူတောင်းစားဖြစ်၍ မလုပ်ရဟု ကန့်ကွက်သူက ကန့်ကွက်သေးသည်။

ကျွန်မသည် ရင်ထဲတွင် နာနေလွန်း၍ ကိုကြာရုံတို့ အကြောင်းကို ဝတ္ထုတစ်ပုဒ် ရေးကာ "မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်" ဟူသော အမည်ဖြင့် မြဝတီထဲတွင် ထည့်လိုက်သည်။ ကိုကြာရုံထံသို့လည်း ပို့ခဲ့ပေသေးသည်။

၁၉၅၈ ခုနှစ် စက်တင်ဘာလက ကျွန်မသည် ပုဂံသို့ ရောက်ပြန်သည်။ အာနန္ဒာဘုရား ပရိဝုဏ်သို့ ခြေချလျှင် ချချင်းပင် ပုဂံမြို့သားကြီး ကိုကြာရုံကို သတိရလိုက်မိသည်။ သို့သော် ပရိဝုဏ် ပတ်ဝန်းကျင်တွင် ကိုကြာရုံကို ရှာ၍ မတွေ့မိပေ။ ဘုရားမှ အထွက်တွင်မူ မြင်းခြံမှ အရေးပိုင်နှင့် တွေ့၏။ သူသည် ကျွန်မ၏ ဝတ္ထုများကို ဖတ်ဟန် ရှိ၏။

"မခင်ယုရေ၊ ခင်ဗျားရဲ့ ကိုကြာရုံတော့ ဒုက္ခရောက်နေပြီ။ ခင်ဗျား ဝတ္ထု ဖတ်ပြီးကတည်းက သူဟာ သူတောင်းစား ဘဝက လွတ်ပြီ ဆိုပြီး လျှောက်လွှာတစ်စောင်နဲ့ အလုပ်လိုက်လျှောက်နေလေရဲ့။ ဘယ်မှာမှလည်း မရဘူးဗျာ" ဟု အရေးပိုင်က ဆို၏။ ကျွန်မသည် ကိုကြာရုံအတွက် စိတ်မချမ်းသာပေ။ သူတို့သည် ကျွန်မ ဝတ္ထုကြောင့် အားတက်ကြသည် မှန်သော်လည်း အခွင့်အရေးတွင် တခြားလူသာမန်တို့နှင့် တူညီစွာ မရရှိကြသည်ကို တွေ့ရသောအခါ သူတို့ ဝမ်းနည်းရှာပေလိမ့်မည်။

လွန်ခဲ့သော နှစ်နှစ်ခန့်ကမူ ဝန်ကြီး ဦးဘစောသည် သူတောင်းစားညီလာခံ ကျင်းပကာ သူတောင်းစားတို့နှင့်အတူ ထမင်းစားခဲ့ကြသည် ဆို

mgyoe.com

mgyoe.com

၏။ သို့သော် ထိုအကြောင်းအရာများသည် အခွင့်အရေး တိုက်ပွဲတွင် ဘယ်လို ထောက်ကူခဲ့သည်ကို ကျွန်မ သတိမပြုမိပေ။

၁၉၅၈ ခုနှစ် ကုန်ခါနီးတွင်မူ ကျွန်မ၏ ဒေါ်လေးသည် အထက်မြန်မာပြည်သို့ ခရီးထွက်ရာမှ ပြန်ရောက်လာ၏။

"မခင်ယု၊ မင်း ကိုကြာရှုံကို ဒေါ်လေး တွေ့ခဲ့တယ်"

သူက ဝမ်းသာအားရ ပြောပြ၏။ ကျွန်မ စိတ်ထဲကလည်း ဝမ်းသာသွားသည်။

"သူ့ခများဟာယ်၊ မင်း ဟိုတစ်ပတ်က လာတာ မတွေ့လိုက်ရတယ်လို့ စိတ်မချမ်းသာ ဖြစ်နေတယ်။ ဒေါ်လေးကို တွေ့တော့ မင်းအကြောင်း မေးလိုက်တာ သူတို့ လူသိုက်တွေ မင်းဝတ္ထု (မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်) ကို ဖတ်ကြတဲ့ အကြောင်းလည်း ပြောပြတယ်။ ခု သူရုံးမှာ တစ်လ ၈၂ ကျပ် နဲ့ မင်းစေ အလုပ်ရပြီ ဆိုတဲ့ အကြောင်း ပြောပြလိုက်ပါတဲ့"

ဒေါ်လေး ပြောစကား ကြားရချိန်တွင် ကျွန်မသည် အတော်ပင်ဝမ်းသာသွားပါသည်။ ခုမှပင် အခြေခံဥပဒေ၏ အခွင့်အရေးတို့ကို ကိုကြာရှုံ ခံစားရပေပြီဟု နှစ်သိမ့်မိပါသည်။

ကျွန်မ၏ အတွေးထဲတွင် ကိုကြာရှုံသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွား၏။ မြပဝါကို ရွရွလေး ခြုံထားသော ဆရာမကြီး၏ ခံ့ညားသော ရုပ်သွင်သည် ပြန်၍ ပေါ်လာသည်။ ပုဂံကျောက်စာများ အကြောင်း နိဒါန်းကို သူ ပြော၍ပင် ပြီးလုနီးနေပေပြီ။

ကျွန်မသည် စိတ်ကူးလွှန်တတ်သော ကျွန်မ အဖြစ်အတွက် ဆရာမကြီးကို အားနာနေပေသည်။ ဆရာမကြီးကတော့ သူ၏ ပို့ချသင်ပြချက်များကို ကျွန်မ ငြိမ်သက်စွာ နားထောင်နေသည်ဟု ထင်ကောင်းထင်မည် ဖြစ်သည်။ ကျွန်မ သတိရနေသည်ကတော့ ပုဂံမြို့သားကြီး ကိုကြာရှုံသာတည်း။

"ကဲ... နောက်တစ်ပတ်ကျမှ ကျောက်စာကို ဆက်လက် ဆွေးနွေးကြတာပေါ့" အချိန်ပြောင်းသော ခေါင်းလောင်းသံမှာလည်း ပေါ်လာခဲ့ပြီဖြစ်၍ ဆရာမကြီးသည် သူ့စကားကို အဆုံးသတ်ကာ အခန်းထဲမှ ထွက်သွားတော့သည်။

ကျွန်မခေါင်းထဲတွင် ပုဂံကျောက်စာ၊ ရှေးမင်းတို့နှင့် ကိုကြာရှုံသည်

mgyoe.com

mgyoe.com


လုံးထွေးနေသည်။ မျက်လုံးထဲတွင်တော့ ဆရာမကြီး၊ မြပဝါ၊ မြက်ခင်းနှင့် မရန်းပင်ပျိုတို့ ရောနှောကာ မြရောင်လွင်ပြင်ကို မြင်နေပေသည်။


အိမ်ပြန်ရောက်လျှင် မြဝတီမဂ္ဂဇင်းတိုက်မှ ကိုအုန်းကျော်ကို တွေ့ရ၏။ သူသည် ကျွန်မကို စာတစ်စောင်ပေးကာ ပြန်သွားတော့သည်။ စာအိတ်ပေါ်မှ လက်ရေးမှာ ရှေးဆန်၍ သပ်ရပ်သော်လည်း စာလုံးပေါင်း မမှန်ပေ။

သို့

ရန်ကုန်မြို့

မြဝဒီ မဂ္ဂဇင်းတိုက်၊ အမှတ် ၁၈၄၊ ၃၂ လမ်း ခင်နှင်းရှ လက်သို့ ပေးပါ။

စာအိတ်ပေါ်တွင် ကျွန်မ၏ အမည်များကို ယပက်လက်နှင့် ယုရမည့်အစား ရ, ကောက်နှင့် ရထားပေသည်။ အထဲက စာကို အောက်ပါအတိုင်း တွေ့ရ၏။



mgyoe.com

mgyoe.com


စာမှာ အထက်အပါအတိုင်း ရေး၍ ထား၏။

ဆိုလိုချင်သည်မှာ သူတို့ သူတောင်းစားများ လွတ်မြောက်ပြီ ဖြစ်ကြောင်း၊ ကျွန်မမှတစ်ဆင့် တိုင်းပြည်သိအောင် ကြေညာပေးစေရန် ရေးသားခြင်းဖြစ်ဟန် ရှိပေသည်။

ကျွန်မသည် စာရွက်ထဲရှိ စာလုံးလေးများကို ကြည့်ကာ ဝမ်းသာဝမ်းနည်း ဖြစ်မိပေသည်။ ရှေးမင်းအဆက်ဆက်တို့က လူသားတို့အား ဘုရားကျွန်အဖြစ် လှူဒါန်းချိန်တွင် အကျအန ကမ္ပည်းကျောက်စာ ထိုးခဲ့ကြ၏။ ယခု သူတို့ လွတ်မြောက်ချိန်တွင်လည်း ကမ္ပည်းကျောက်စာ ရှိသင့်သည် မဟုတ်ပါလား။ နောင်နှစ်ပေါင်းများစွာ၌ ရာဇဝင် လေ့လာသူတို့သည် ဘယ်ခေတ်တွင် လူတစ်စုသည် ဘုရားကျွန်ဖြစ်၍ ဘယ်ခေတ်၌ တကယ်တမ်း လွတ်မြောက်ကြသည်ကို လေ့လာနိုင်ကြမည် ဖြစ်ပေ၏။

မမှန့်တမှန် စာလုံးပေါင်း၍ ရေးလိုက်သော ထိုစာလေးမှာ သူတို့ ဘုရားကျွန်ဘဝမှ တကယ်တမ်း လွတ်မြောက်ကြောင်း "ကမ္ပည်းမထိုးနိုင်သည့် ကြေညာစာတမ်း" လေးသာတည်း။ ။

မြဝတီမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၅၉။

■

mgyoe.com

mgyoe.com



# ဝေဒနာမှပွင့်သော ပန်း

မနှစ်က ဒီလိုအချိန်ဆိုရင် တက္ကသိုလ် စာသင်ခန်းထဲမှာ ကျောင်းသူများနှင့်အတူ ကျွန်မ ရှိနေပါတယ်။ ယနေ့ ခုလို ပြန်လည် တွေ့ဆုံရတော့ အလွန်ပဲ ဝမ်းသာပါတယ်။

ပထမ အစီအစဉ်မှာ ကျွန်မ ပြောဆိုရမယ့် အကြောင်းက 'ယနေ့စာပေ' ဆိုတဲ့ အကြောင်းလို့ သိရပါတယ်။ ဒါပေမဲ့ ယနေ့စာပေ ဆိုတဲ့ အကြောင်းအရာက အလွန် ကျယ်ဝန်းလွန်းပါတယ်။ မြန်မာပြည်တွင်မက လက်ရှိ တစ်ခေတ်လုံး ကမ္ဘာ့စာပေအထိ ယနေ့တည်ရှိဆဲ စာပေအကြောင်း ပြောပြရမှာမို့ အလွန် ကျယ်ဝန်းပါတယ်လို့ ကျွန်မ ဆိုလိုတာပါ။ ကျွန်မ ကိုယ်တိုင်ကလည်း ကမ္ဘာ့စာပေမပြောနဲ့ မြန်မာ့စာပေကိုတောင် မကျွမ်းကျင် မနှံ့စပ်သေးပါဘူး။

ရှင်းရှင်း ဖွင့်ဟဝန်ခံရရင် ယနေ့ မြန်မာစာပေကိုတောင် လေ့လာ သုံးသပ်နိုင်စွမ်းတဲ့ အရည်အချင်း ကျွန်မမှာ မရှိသေးတဲ့အတွက် ကျောင်းသားများ ပထမ ရွေးချယ်ထားတဲ့ 'ယနေ့စာပေ' ဆိုတဲ့ အကြောင်းအရာကို မပြောပြနိုင်တာကို ကျောင်းသားများက ကျွန်မအား အနူးအညွတ် ခွင့်လွှတ် စေလိုပါတယ်။

ကျွန်မ ယနေ့ ပြောမှာကတော့ 'ကျွန်မ၏ ဝတ္ထုများ' ဆိုတဲ့ အကြောင်း အရာပါပဲ။ ဒီအကြောင်းကတော့ ကျွန်မ မီတဲ့ လက်တစ်ကမ်းမှာရှိတဲ့

mgyoe.com

mgyoe.com


အတွက် ကျွန်မ ပြောပြနိုင်ခြင်း ဖြစ်ပါတယ်။ ကျွန်မဆရာ ဦးအောင်လင်း သုံးတဲ့ အသုံးအနှုန်းနဲ့ သုံးရမယ်ဆိုရင် 'ရင်ပွင့်လေသောအခါ' လို့ ဆိုရပါမယ်။ ယနေ့မှာဆိုရင် ကျောင်းသားများနဲ့ တွေ့ဆုံပြီး ကျွန်မ အသည်းနှလုံးကို ဖွင့်ပြမယ့်နေ့ပါပဲ။

ကျွန်မဟာ ဒီလူ့ဘုံကို ဝတ္တုရေးဖို့ အလည်အပတ် ခေတ္တ လာရောက်ခြင်းပါပဲ။ ကျွန်မရဲ့ လာရောက် လည်ပတ်တဲ့အချိန်ဟာ ဘယ်လောက် ကြာမြင့်လို့ ဘယ်သောအခါ ကျွန်မ ပြန်သွားရမယ် ဆိုတာကိုတော့ ကျွန်မ ပြောပြနိုင်စွမ်း မရှိသေးပါဘူး။

စာပေအကြောင်းကို ပြောပြခိုင်းတဲ့အခါ စာရေးနည်းကို ပြောပြခိုင်းတဲ့အခါ ကျွန်မ မပြောပြတတ်လို့ ပရိသတ်နဲ့ ရှောင်ကွင်းပြီး နေခဲ့ပါတယ်။ ဘာဖြစ်လို့ မပြောပြတတ်လဲ ဆိုတော့ စာရေးပုံ ရေးနည်းကို သိလို့၊ စာရေးတတ်လို့၊ စာပေဂန္ထဝင်တွေမှာ နှံ့စပ်ကျွမ်းကျင်လို့ ခင်နှင်းယုဟာ စာရေးနေတဲ့ စာရေးဆရာ တစ်ယောက် မဟုတ်ပါဘူး။ ကျွန်မဟာ စာရေးချင်လို့ကို ရေးနေတဲ့ စာရေးသူ တစ်ယောက်ပါပဲ။ ဘယ်လောက်များ ရေးချင်သလဲ ဆိုရင် စာရေးခြင်း ဆိုတဲ့ လောကထဲမှာ စာသာရေး နေရမယ်ဆိုရင် ကျွန်မ ကလောင်ရယ်၊ ကျွန်မရယ် နှစ်ယောက်တည်း နေချင်ပါတယ်။ ကျွန်မရဲ့ ချစ်လှစွာသော မိခင်ကိုရော၊ ချစ်လှစွာသော ခင်ပွန်းသည်ကိုပါ မေ့ပြီး စာပေကမ္ဘာထဲမှာပဲ ဘဝကို မြှုပ်လိုက်ချင်ပါတယ်။

တချို့က ဆိုချင်ဆိုမယ်၊ စာရေးတတ်လို့ စာရေးနေတာ မဟုတ်ပါဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ဂုဏ်ယူပြောတဲ့ ဟန်မျိုးနဲ့များ ပြောနေတာလားလို့ မေးစရာ ရှိပါတယ်။ တစ်ခါက စာဖတ်သူ မိတ်ဆွေ တစ်ယောက်က "ခင်ဗျားမှာ စာဖတ်ပရိသတ် ဘယ်လောက် အားရှိတယ် ဆိုတာ သိပါရက်နဲ့ ကျွန်မ စာမရေးတတ်ပါဘူးလို့ မပြောပါနဲ့တဲ့။ မခင်ယုမှ စာရေးဆရာ မဟုတ်ရင်လည်း မြန်မာပြည်မှာ စာရေးဆရာ ဆိုတာ ဘာလဲ" တဲ့ သူ့မေးခွန်းက တော်တော်ခက်တဲ့ မေးခွန်း၊ ကျွန်မလည်း အဖြေရတော်တော် ခက်ပါတယ်။

ဒါပေမဲ့ ကျွန်မဟာ စာရေးတတ်လို့ ရေးနေတဲ့ စာရေးဆရာ တစ်ယောက် မဟုတ်ဘူး ဆိုတာတော့ ကျွန်မကိုယ်ကျွန်မ သိပါတယ်။ ကျွန်မ

mgyoe.com

mgyoe.com

ဝတ္ထုတွေကို ဖတ်ကြည့်လိုက်ရင်လည်း ကျွန်မဟာ စာရေးတတ်သလား၊ မတတ်ဘူးလားဆိုတာ သိသာနိုင်ပါတယ်။ ဒီလိုဆိုတော့ ခင်ဗျားဟာ လက်ရှိတစ်ခေတ်မှာ ဘာကြောင့် လူကြိုက်များတဲ့ စာရေးသူ တစ်ယောက် ဖြစ်လာပါသလဲလို့ မေးသင့်ပါတယ်။ ကျွန်မဟာ စာကို ရေးရာမှာ အသည်းနှလုံးနဲ့ ရေးတဲ့ စာရေးဆရာများအနက် တစ်ယောက် အပါအဝင် ဖြစ်လို့ပါပဲ။

ဦးနှောက်နဲ့ ရေးတဲ့ စာရေးဆရာတွေဟာ စာကို ဘယ်လို ရေးရမယ်၊ ဘယ်လို ရေးတာကို ဝတ္ထုအရှည်လို့ ခေါ်တယ်။ ဘယ်လို ရေးတာကို ဝတ္ထုအတိုလို့ ခေါ်တယ်။ ဇာတ်လမ်းကို ဟောဒီလို တည်လိုက်ရင်ဖြင့် ဇာတ်ကွက်ဟာ ဘယ်လို မဟာဘူး။ ပရိသတ် အကြိုက်ကို နောက်ဆုံးဆွဲယူရာမှာ (Climix) ကို သယ်ရာမှာ ဟောဒီလို သယ်သွားရမယ် ဆိုတာ သူတို့ သိကြပါတယ်။ သဒ္ဒါနည်းမှန်ကန်ရုံမက သမ္ဗန်ပတ်လျောက် အစီအစဉ်လည်း ကျနပြီးတော့ သတ်ပုံသတ်ညွှန်းလည်း မှန်ကန်တယ်။ အစီအစဉ်လည်း ကျနသေသပ်ပါ တယ်။ ကျွမ်းကျင်လိမ္မာပြီးဖြစ်တဲ့ အနုပညာသည် ပန်းပုဆရာကျော်ကြီးရဲ့ ပန်းပုရုပ်လက်ရာလို အပြစ်ဆိုဖွယ် မရှိပါဘူး။ သူတို့ဟာ အဖိုးတန် ကျမ်းများလည်း ပြုစုတတ်ပါတယ်။

ကျွန်မ ဝတ္ထုများကတော့ ဖတ်ကြည့်ပါ။ စာအရေးအသားမှာ သဒ္ဒါနည်း မမှန်တာတွေ အများကြီး တွေ့ရမယ်။ သတ်ပုံသတ်ညွှန်းဆိုလည်း ရေးပြီးစများ ကျွန်မ ခင်ပွန်းသည်ကို ပြလိုက်ရင် အင်မတန် စိတ်ဆိုးပါတယ်။ ကျွန်မကို သူ တက္ကသိုလ်ပို့ပေးတဲ့ အကြောင်းထဲမှာ ဒီသတ်ပုံမှန်အောင် မရေးနိုင်တဲ့အကြောင်း တစ်ကြောင်း ပါပါတယ်။ တက္ကသိုလ်မှာ ကျွန်မဆရာ ဦးတင်မောင်ဌေးဆိုရင်ဖြင့် ကျွန်မရဲ့ သတ်ပုံကို အသိဆုံးပါပဲ။ ဆရာကလည်း အစွမ်းရှိသမျှ သင်ပေးပါတယ်။ ကျွန်မလည်း အစွမ်းကုန်ကြိုးစားတဲ့အထဲက အနည်းဆုံး သုံးလုံးမမှားတဲ့ စာစီစာကုံးဆိုတာ မရှိခဲ့ပါဘူး။

စာရေးတော့လည်း ဟောဒါကတော့ ပရိသတ်မှ ကြိုက်စေတော့၊ ဒီဇာတ်လမ်းကတော့ ဒီလို ဆင်လိုက်မှ၊ ဒါကတော့ ဝတ္ထုတိုပုံစံနဲ့ ရေးလိုက်မယ်၊ ဒါကတော့ ဝတ္ထုရှည်ပဲ ဆိုတဲ့ အသိနဲ့ ကျွန်မရေးတာ မဟုတ်ပါဘူး။
mgyoe.com

mgyoe.com


ရှုမဝထဲမှာပါတဲ့ ကျွန်မရဲ့ ဆောင်းပါး 'ဂမုန်းခွက်ပေါက်' ထဲမှာ ကျွန်မ ဖွင့်ဟဝန်ခံထားသလိုပဲ 'ကြေးမုံရိပ်သွင်' မှာ ဆရာဦးမျိုးမင်း ရေးတဲ့ နိဒါန်းကို ဖတ်ပြီးမှ သြော်... ဝတ္ထုအတိုဆိုတာ ဒါပါလား၊ ဝတ္ထုအရှည်ဆိုတာ ဒီလိုပါလားလို့ သိလာပါတယ်။ အစကဖြင့် ဘာမှ အဲဒီအင်္ဂါရပ်တွေကို မသိပါဘူး။

ဒါဖြင့် ခင်ဗျား ဘယ်လို စာရေးလဲလို့ မေးရင် ကျွန်မ ဖြေပါမယ်။

ကျွန်မ ဝတ္ထုများဟာ "ဝေဒနာမှ ပွင့်သောပန်းများပဲ"

ကျွန်မ အသည်းနှလုံးထဲမှာ ကျွန်မ တကယ် ခံစားလာရပြီ။ ပြင်းပြင်းပြပြကို မနေနိုင် မထိုင်နိုင် ဖြစ်လာရပြီဆိုရင် ကျွန်မ စာရေးတော့တာပါပဲ။ ပဋိစ္စသမုပ္ပါဒ်လိုပဲ ဖဿပစ္စယာဝေဒနာပေါ့၊ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ တွေ့ထိခံစားနေရတဲ့ ရုပ်ဝတ္ထုအာရုံနဲ့ ကျွန်မ မနောဝိညာဉ်နဲ့ သို့မဟုတ် အသည်းနှလုံး ထိလိုက်တဲ့အခါ တွေ့လိုက်တဲ့အခါ ဝေဒနာ ပေါ်လာတာပါပဲ။ ဝေဒနာဆိုတာ ဝမ်းနည်းတာလည်း ဝေဒနာပဲ။ ဝမ်းသာတာလည်း ဝေဒနာပါပဲ။ နာကျင်တာလည်း ဝေဒနာပါပဲ။ နှစ်သိမ့်တာလည်း ဝေဒနာပဲ။ အဲဒီအခါမှာ ကျွန်မ အသည်းနှလုံးမှာ ခံစားရသလို တစ်ခါတည်း ကျွန်မရဲ့ စာဖတ်ပရိသတ်ရဲ့ အသည်းနှလုံးကို ပုံပြီး သွန်ပြီး ပို့ပေးလိုက်တာပါပဲ။ ရိုးရိုးစကား ပြောရရင် လျှပ်စစ်ဓာတ်မီးလိုပါပဲ။ ဓာတ်ဖိုနဲ့ဓာတ်မ ဖျတ်ခနဲ တွေ့လိုက်ရင် မီးထပွင့်တာပဲ။

ကျွန်မ ဝတ္ထုတွေကလည်း ကျွန်မ အသည်းနှလုံးနဲ့ ပြင်ပအာရုံတွေနဲ့ တွေ့တဲ့အခါ ပွင့်လာတဲ့ မီးပွင့်များပါပဲ။

အဲဒီ ပြင်ပအာရုံဆိုတဲ့ ပတ်ဝန်းကျင်ဟာ ယနေ့ ပြည်သူလူထု တွေ့ကြုံနေတဲ့ ပတ်ဝန်းကျင်နဲ့ ထပ်တူ ထပ်မျှပါပဲ။ ဒါကြောင့် သူတို့ အသည်းနှလုံး ခံစားမှုနဲ့ ကျွန်မ အသည်းနှလုံး ခံစားမှုဟာ ထပ်တူထပ်မျှ ကျသွားတဲ့အတွက် သူတို့ဟာ ကျွန်မကို ချစ်လာကြပြီး ကျွန်မဟာလည်း သူတို့ရဲ့ အချစ်တော် စာရေးဆရာ တစ်ယောက်အဖြစ် စာရင်းပါဝင်လာခြင်း ဖြစ်ပါတယ်။ ကျွန်မဟာ သူတို့နဲ့ အတူရှိနေခြင်း ဖြစ်ပါတယ်။

ဒါကတော့ ဘယ်သူမဆို သူတို့နဲ့ ရင်းရင်းနှီးနှီး ဆက်ဆံပြီး ဆင်းရဲတဲ့အခါ ဆင်းရဲတဲ့အလျောက်၊ ချမ်းသာတဲ့အခါ ချမ်းသာတဲ့အလျောက်

mgyoe.com

mgyoe.com


သူတို့ဘဝကို လေ့လာပြီး အကျွမ်းတဝင်နေတတ်တဲ့ သူကို သူတို့ ချစ်ကြတာပါပဲ။ စာဖတ်သူများဟာလည်း ဒီလိုပါပဲ။

ကျွန်မ ဝတ္ထုများကို ဘယ်လို ရေးတယ် ဆိုတာ ကျွန်မ ရေးပြီး ဝတ္ထုများအနက်က ၃၊ ၄ ပုဒ်ကို ဖော်ပြပါရစေ။

ဥပမာ **စန္ဒာနဲ့ အာရုံ**ဆိုရင် ကျွန်မရင်ထဲမှာ ခံစားရလို့ ရေးတာပါ။ ကျွန်မတို့ ခပ်ရွယ်ရွယ် ကျွန်မအစ်ကိုများ နိုင်ငံရေးကြောင့် ထောင်ကျနေချိန် နိုင်ငံရေးလုပ်နေချိန်မှာ ကျွန်မတို့အိမ်ရဲ့ စီးပွားရေးဟာ မကောင်းခဲ့ဘူး။ ကျွန်မရဲ့ အဘွားလေးဟာ အင်မတန် လက်ဖွာပြီး ကောင်းမှ စားတယ်။ စားတဲ့နေရာမှာလည်း တောထုံးစံပဲ၊ ဘယ်သူရေ ဘယ်ဝါရေ လာပါဦးဆိုပြီးမှ စားလေ့သောက်လေ့ ရှိပါတယ်။ အဲဒီအချိန်မှာ စီးပွားရေးမဟန်တော့ သူ သိပ်စိတ်ကျဉ်းကျပ်တာပဲ။ စိတ်ထင်တိုင်း လျှာအရသာ စိတ်ရဲ့ အရသာနောက်ကို မလိုက်နိုင်ဘူးပေါ့။

ကျွန်မ အစ်ကိုဟာ ယခု သူ အထွတ်အထိပ် ရောက်တော့ အမေကို ကျကျနနထားတယ်။ အိမ်ကြီးကလည်း အင်းလျားကန်စောင်း အင်မတန် ကျယ်ဝန်းလှပတဲ့အိမ်၊ မွေ့ရာကြီးကလည်း တစ်တောင်လောက်၊ အဝတ်အစားဆိုလည်း အဘွားရဲ့ အသားနဲ့ အဝတ်ကြမ်းနဲ့ တွေ့ထိရင် မခံနိုင်မှာစိုးလို့ ပိုးသားလို ပျော့တဲ့ အဝတ်အစားမှ ဆင်ပေးထားတယ်။ အစားအသောက် ဆိုတာတော့ စပျစ်သီး၊ ပန်းသီးအစုံ လိုလေသေးမရှိ ပေးထားပါတယ်။ ချွေးမတွေ သားတွေဟာ ဝိုင်းဝိုင်းလည်နေတာပဲ။ ပြုစုနေကြတာ။ အဲဒီညဟာ အဘွားမမာလို့ အလှည့်ကျ စောင့်ကြတော့ ကျွန်မ အလှည့်ကျတဲ့နေ့ပါပဲ။ အဘွားဟာ နောက်တစ်ပတ်ဆို ဆုံးတော့မယ်။ ကျွန်မ အဘွားကို ကြည့်ရင်း စိတ်ထဲမှာ စာရေးချင်တယ်။ ဒါလောက် အေးချမ်းတိတ်ဆိတ် ငြိမ်သက်ပြီးနေတဲ့ အိမ်ကြီးမှာ စာရေးသူ တစ်ယောက်အနေနဲ့ စာရေးဖို့ အကြောင်းကလည်း တွေ့ထားတော့ အင်မတန် ရေးချင်တာပေါ့။

အဘွားကို စပျစ်သီး ခွာကျွေးရင်း အဘွားက ပါးစပ်ထဲက စပျစ်သီးတွေကို တထွီထွီနဲ့ ခါးလှချည်ရဲ့ ဆိုပြီး ထွေးထုတ်နေတယ်။ ကျွန်မ စိတ်ထဲမတော့ ဖြစ်မှ ဖြစ်ရလေခြင်းလို့။

အဘွားကိုယ်ကလည်း အရိုးကြီးပဲ ကျန်လို့ မွေ့ရာထဲ နစ်နေတာ

mgyoe.com

mgyoe.com


ရှာလို့ မတွေ့ရမတတ်ပဲ။

“ဒီခန္ဓာကိုယ်ကြီးဟာ အတွေ့အာရုံကို ခံစားနိုင်တဲ့ ဓာတ်သဘော တွေ ပျက်နေတဲ့နောက် ဘာအသုံးကျတော့လဲ။ စပျစ်သီးကတော့ ကောင်း လို့၊ ညွန့်လို့၊ အဘွားလျှာက လျှာ ဆိုတဲ့ ရုပ်ဝတ္ထုက ရှိတော့ ရှိတယ်။ ဇိဝှာဝိညာဉ်ဆိုတဲ့ အရသာကို ခံစားနိုင်တဲ့ အာရုံမရှိတော့တဲ့နောက် ဒီ စပျစ်သီးကလည်း ပိုနေတာပဲ” ဆိုတဲ့ အသိက ကျွန်မခေါင်းထဲ ဖျတ်ခနဲ ဝင်လာတယ်။ အဘွားသာ အရွယ်ကောင်းတုန်း၊ ခံစားနိုင်တုန်း ဒီစည်းစိမ် သာရခဲ့ရင် ဘယ်လောက် ကောင်းမလဲ ဆိုပြီး အဘွားအတွက် နှလုံးသား ထဲမှာ နာကျင်သွားတယ်။

အဲဒီည လူနာစောင့်ရင်း ကျွန်မဟာ ‘ခန္ဓာနဲ့အာရုံ’ ဆိုတဲ့ ဝတ္ထု တစ်ပုဒ် ရတာပဲ။

နောက် **‘မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်’** ဆိုတဲ့ ဝတ္ထု၊ ဒီဝတ္ထု ရေးစဉ်တုန်းက ကျွန်မဟာ ဝန်ကြီးချုပ်ရဲ့ အတွင်းရေး အတွင်းဝန်ဘဝ ရှိနေပါသေးတယ်။ ဝန်ကြီးချုပ် ပုဂံကို ရောက်သွားတော့ ကျွန်မလည်း ပါသွားပါတယ်။ ပုဂ္ဂိုလ်ကြီးများ၊ အရာရှိကြီးငယ် အစုံအလင်ပါပဲ။ သူတို့ ဟာ ပုဂံရဲ့ ဘုရားများကို ဖူးမြော်ကြရင်း စုလစ်မွမ်းချွန်တွေနဲ့ ပြည့်နေတဲ့ ရှေးပုဂံ ဗိသုကာ ဆရာများရဲ့ လက်ရာကို ချီးမွမ်းလို့ မကုန်၊ ဂုဏ်ယူလို့ မဆုံး ဖြစ်နေကြပါတယ်။

ပုဂံခေတ်က တောက်ပြောင်ခဲ့တဲ့ ရှေးဘိုးဘွားတွေခေတ်ကဖြင့် ပြန် လည်တသစရာ ဇာတိမာန် တက်ကြွစရာပါပဲ။

ဒါပေမဲ့ ကျွန်မဟာ အဲဒီစုလစ်မွန်းချွန်နဲ့ ပေါင်းကူးတွေအောက်မှာ ကျွန်မတို့ ရှေ့က ပြေးလွှားသွားနေတဲ့ ပုဂံမြို့သားကြီး ကိုကြာယုံကို စိတ် ရောက်နေတယ်။ အာနန္ဒာဘုရားရောက်လို့ ရင်ပြင်မှာ အပန်းဖြေရင်း ထုံးစံ အတိုင်း ဆွေးနွေးကြတော့ ကျွန်မဟာ ပရိသတ်အစွန်မှာ ထိုင်နေပါတယ်။

ဝန်ကြီးချုပ်က ဒီပုဂံဘုရားများကို ရှင်းလင်းပြီး ဆွမ်းပန်းကအစ သန့်ရှင်းရေးလုပ်ဖို့ ဘယ်သူတွေ တာဝန်ယူလဲလို့ ဘုရားလူကြီးများကို မေးပါတယ်။ ဒီတော့ ဘုရားလူကြီးများက ဘုရားကျွန် သုံး၊ လေးယောက် ခန့်ထားတဲ့အကြောင်း၊ သူတို့ကို လခ တစ်လ ၄ ကျပ် ပေးရတဲ့အကြောင်း၊

mgyoe.com

mgyoe.com
ပြောပြပါတယ်။

လခ ၄ ကျပ်လို့ ကြားရရင်ပဲ ကျွန်မရင်ထဲ ဒိတ်ဒိတ်နဲ့ ဖြစ်သွားတယ်။ ပရိသတ်အစွန် ခပ်လှမ်းလှမ်းမှာ ရေအိုးလေး ပိုက်ထိုင်နေတဲ့ ကိုကြာယုံကို ကျွန်မ မျက်စိရောက်သွားတယ်။ ကိုကြာယုံဟာ တစ်လ ၄ ကျပ် စားရတဲ့ ဘုရားကျွန်ထဲမှာ တစ်ယောက်ပါသူဖြစ်တော့ မျက်စိလေး ပေကလပ် ပေကလပ်နဲ့ ကျွန်မလိုပဲ အဝေးက နားထောင်နေပါတယ်။

အဲဒီအချိန်မှာ ဝန်ကြီးချုပ်နဲ့အတူပါလာတဲ့ ပုဂ္ဂိုလ် အတော်ကြီးကြီး တစ်ယောက်က "ဒီလူတွေ ဘုရားကျွန်ဖြစ်လို့ ဒီဘုရားမှာ မခန့်ရဘူး" လို့ ပြောလိုက်တယ်။

ကျွန်မ ရင်ထဲမှာတော့ ဒိတ်ခနဲကနေ ဒိုင်းခနဲ ဖြစ်သွားတယ်။ ကျွန်မဟာ ဣန္ဒြေကို မရတော့ဘူး။ ဖြစ်မှဖြစ်ရလေခြင်း ဆိုတဲ့ ဝမ်းနည်းစိတ်ပေါ်လာတဲ့အပြင် ချက်ချင်းလိုပဲ ကျွန်မနားထဲမှာ လွတ်လပ်ရေး ပထမရတဲ့နှစ် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့က ပါလီမန်မှာပြောတဲ့ သမ္မတကြီး မိန့်ခွန်းကို ချက်ချင်း ကြားယောင်လာပြန်တယ်။ "ပြည်ထောင်စု မြန်မာပြည်သည် ယနေ့တွင် လွတ်လပ်သောနိုင်ငံ ဖြစ်သည်နှင့်အညီ တစ်ဦးကိုတစ်ဦး ကြောက်ရွံ့ရခြင်း၊ တစ်ဦးကိုတစ်ဦး နှိပ်စက်ခြင်းမှစ၍ မကောင်းသော အလေ့ဆိုးများကို လုံးဝ ပယ်ဖျက်ပစ်ရန် ကျွန်ုပ် အစိုးရက ရည်ရွယ်သည်။ ရာဇဝင်တွင် ရှေးရှေးအခါမှစ၍ ရှေးမင်းများ၏ အာဏာစက်ကြောင့် ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်ချိစသည့် လူတန်းစား အနှိမ်ခံနေရသူတို့လည်း ရှိနေသေးသည်။ ဤကဲ့သို့လူတန်းစား အနှိမ်ခံနေရရှာသော ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်ချိ စသည်တို့ကို ယနေ့မှစ၍ ရှေးအမင်းမင်းတို့၏ အာဏာစက်ကို ကျွန်ုပ် ပယ်ဖျက်၍ ထိုသူတို့၏ သဘောအတိုင်း လုပ်လိုသော အလုပ်မျိုးစုံကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြစေဟု ကျွန်ုပ် အမိန့်ချမှတ်သည်။ ဤပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှိရှိသမျှသော နိုင်ငံသားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပါရှိသည့်အတိုင်း တစ်ဦးနှင့် တစ်ဦး အခွင့်အရေးချင်း တူညီကြစေ" လို့ ပါပါတယ်။

ဒီတော့ အစိုးရရဲ့ ဝါဒက ဒီလို ရည်ရွယ်တယ်။ ဒီအစိုးရမှာ အရေး

mgyoe.com


ပါအရာရောက်တဲ့ ဒီပုဂ္ဂိုလ်ကြီးကတော့ ဘယ့်နှယ် ဘုရားကျွန်မို့ ဒီလူတွေ အလုပ်က ဖြုတ်ရမယ်လို့ ပြောရသလဲ ဆိုပြီး ကျွန်မဟာ မခံမရပ်နိုင်တဲ့ စိတ်နဲ့ ရှေ့တိုးသွားမိတယ်။

ဒီအချိန်မှာ ၄ ကျပ်စားနေရတဲ့ ကိုကြာယုံ မျက်နှာလေး ဆီးစေ့လောက် ငယ်သွားတဲ့ ဟန်ကို ကျွန်မ ပရိသတ်ကို ပြချင်လိုက်တာ။

ချက်ချင်းလိုပဲ ဝန်ကြီးချုပ်က–

"မဟုတ်သေးဘူး၊ ဘုရားကျွန်ဖြစ်လို့ ဒီလူတွေ အလုပ်က ဖြုတ်ရမယ် ဆိုတာကတော့ အခြေခံဥပဒေနဲ့ မညီပါဘူး။ ဘုရားကျွန်လည်း လူပါပဲ" လို့ ဝင်ပြောတော့မှ ကျွန်မလည်း အသက်ရှူနိုင်သွားတယ်။ ကိုကြာယုံရဲ့ ပြူးနေတဲ့ မျက်လုံးကလည်း မျက်တောင်လေး ခတ်လာနိုင်တော့တယ်။

ချက်ချင်းပဲ အဲဒီတစ်ခဏမှာ ကျွန်မ အသည်းနှလုံးဟာ ဖျတ်ခနဲ မီးပွင့်သွားတာပဲ။ "ငါ စာရေးမယ်၊ အိမ်ရောက်ရင် ဒီအကွက်ကို ဝတ္ထုရေးမယ်" ဆိုပြီး ဘုရားပတ်ဝန်းကျင် ထနောင်းပင် ပေါက်ရောက်ပုံ၊ အညာပုဂံရဲ့ ရှုခင်းတွေကို အသေးစိတ် လေ့လာလာခဲ့တာပဲ။ အဲဒီအဖြစ်လေးက "မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်" ဝတ္ထု မြဝတီမှာ ပေါက်ပွားလာပုံပါပဲ။

ယနေ့တော့ဖြင့် ကျွန်မရဲ့ ပုဂံမြို့သားကြီး ကိုကြာယုံဟာ ယဉ်ကျေးမှုကောင်စီရဲ့ လက်အောက်မှာ တစ်လ ၈၂ ကျပ် ရနေပါပြီ။ ဘယ်လိုရသလဲ ဆိုတာတော့ ဒီဝတ္ထုလုံးချင်းကို ဇန်နဝါရီလ တစ်ရက်နေ့မှာ ပြန်ထုတ်မှာမို့ ဒီတော့မှပဲ အသေးစိတ် ရေးပါတော့မယ်။

ကျွန်မ ဆိုလိုချင်တာက ကျွန်မဟာ မိုးပျံနေတဲ့ ပုဂံရဲ့ စုလစ်မွမ်းချွန်နဲ့ ရှေးဟောင်း ဗိသုကာ လက်ရာများကို ဂုဏ်ယူလေးစားသည်နှင့်အမျှ မြေပေါ်မှာရှိနေတဲ့ ကိုကြာယုံနဲ့အတူ ကျွန်မ အသည်းနှလုံးများကို ပုံလိုက်ရတာကို ပိုပြီး ကြည်နူးပါတယ်။

ကိုကြာယုံထံက "ကျွန်တော်တို့ဖြင့် လခ ၈၂ ကျပ် ရပါပြီ" လို့ စာရတဲ့နေ့ကဖြင့် ကျွန်မဟာ ဘုရားမှာ ဆုတောင်းမိတယ်။

"ဤပုဂံဘုရားကျွန်များရဲ့ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးရတဲ့ ကျေးဇူးကြောင့် ဒီသံသရာ ကျွန်ဘဝက ကျွန်မလည်း လွတ်မြောက်ပါစေလို့ ဆုတောင်းမိပါတယ်"

mgyoe.com

mgyoe.com


တတိယ ပြောပြချင်တာကတော့ "မိချို" ဝတ္ထု ဖြစ်လာပုံပါပဲ။ ကျွန်မရဲ့ ဝတ္ထုများထဲကဆိုရင် "မိချို" ဟာ "မွေး" ပြီးရင် ဒုတိယ ဂယက် ရိုက်တဲ့ ဝတ္ထုပါပဲ။ မိချိုဟာ Rebecca ကို ခိုးချတယ်လို့ အစွပ်စွဲခံရတဲ့ ဝတ္ထုပါပဲ။ ဒါပေမဲ့ ကျွန်မဟာ ခုထိ Rebecca ဝတ္ထုကို ဖတ်လို့ကို မကြည့်ရ သေးပါဘူး။

စင်စစ် "မိချို" ဟာ ကျွန်မ ရင်ထဲမှာ မခံနိုင်လွန်းလို့ ပေါက်ကွဲလာ တဲ့ ဝတ္ထုတစ်ပုဒ်ပါပဲ။ ကျွန်မတို့ရဲ့ Personal အိမ်ထောင်ရေးကို ဖွင့်ဟ ပြောရတဲ့အတွက် အများကြီး ပရိသတ်ကို အားနာပါတယ်။ ဒါပေမဲ့ ခင်နှင်း ယုရဲ့ ဝတ္ထုများဟာ ခင်နှင်းယုရဲ့ ပတ်ဝန်းကျင်ပါပဲ။ ခင်နှင်းယုရဲ့ ပတ်ဝန်း ကျင်ဟာလည်း ခင်နှင်းယုရဲ့ အသည်းနှလုံးမို့လို့ ခွဲခြားလို့တော့ မဟုတ်ပါ ဘူး။

ကျွန်မရဲ့ ခင်ပွန်းသည်ဟာ စစ်မှုထမ်းတစ်ယောက်ပီပီ ကျွန်မကို လည်း စစ်သားတစ်ယောက်လိုပဲ လေ့ကျင့်ပေးခဲ့ပါတယ်။

ခွဲခွာနေရတဲ့အခါလည်း နှစ်သစ်ကူးလို နှစ်ဆန်းတစ်ရက် ရောက် ရင်ပဲ "ဒီနှစ်အတွက် အစ်ကိုကြီး ဘာသန္နိဋ္ဌာန်ကို ချမှတ်ထားသည်၊ ဒါ ကြောင့် အချို ဒီနှစ်မှာ ဘာကို ပြီးအောင် လုပ်ရမယ်" ဆိုတဲ့ စာဟာ အဝေးကနေ ကျွန်မဆီ ရောက်လာတာပဲ။

အတူနေရတဲ့အခါမှာလည်း မနက်ရောက်ရင် "ဒီနေ့ ပြီးအောင် လုပ် ရမယ့် အလုပ်က နံပါတ် ၁ ဘာ၊ နံပါတ် ၂ ဘာဆိုပြီး သူက ရုံးထွက်သွား ရော။ အဲဒီအချိန်မှာ သူ ပထမ ညွှန်ကြားချက်အတိုင်း သက်ကြီး တက္က သိုလ်ကိုလည်း ကျွန်မ တက်ရသေးတယ်။ သူ ညွှန်ကြားချက်အရ အလုပ် တွေလည်း ပြီးအောင် လုပ်ရတယ်။ ရုံးရောက်တော့လည်း ပြဿနာပေါင်းစုံ နေတဲ့ ဝန်ကြီးချုပ် ခိုင်းတဲ့ အလုပ်ကို လုပ်ရတယ်။ ညနေစောင်းလို့ အိမ် ပြန်ရောက်ပြီး မောနေတာပဲ။ အဲဒီအချိန်မှာ ကျောင်းတက်ဖို့ နောက်ကျ နေရင်ပဲ။

"အချိုဟာ ကျောင်းတက်ဖို့ဆိုရင်ပဲ အကြောင်းအမျိုးမျိုး ပြနေတာ" ဆိုပြီး ကြိမ်းတာပဲ။ ကျွန်မဟာ ရှင်းရှင်းဖွင့်ဟဝန်ခံရရင် အဲဒီတုန်းက ကျွန်မခင်ပွန်းသည်ကို ကျွန်မ သိပ်စိတ်ဆိုးတာပဲ။ ပြန်လည်း မပြောရဲဘူး။

mgyoe.com

mgyoe.com


"ဒီလူမှာ အသည်းနှလုံး မရှိဘူး။ ငါ့ကို အလုပ်သမား တစ်ယောက်လိုပဲ ခိုင်းတယ်။ ငါက အကျည်းတန်ပေတာကို။ တကယ်လို့သာ ငါ့နေရာမှာ လှပတဲ့ မိန်းမတစ်ယောက်ရခဲ့ရင် သူဟာ အလှအပကို မြတ်နိုးပြီး ပူဇော်နေမှာပဲ။ ငါ့ကို ခိုင်းသလို ခိုင်းရက်မှာ မဟုတ်ဘူး" ဆိုတဲ့ အထင်ရှိခဲ့တယ်။

အဲဒီလို စိတ်နာကြည်းနေတုန်း ကျွန်မ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ 'မိချို' တွေကို တစ်ပုံကြီးပဲ။ သူတို့ဟာ အလုပ်အပေါ်မှာ သစ္စာရှိရတာအမော၊ သခင့်အပေါ်မှာ အသက်ပုံပေးမတတ် ချစ်ခဲ့ရပေမင့် သူတို့သခင်ကလည်း သူတို့ရဲ့ အစွမ်းကို အသိအမှတ်မပြု။ အလုပ်လုပ်လို့ အသက်သာဆုံးရှုံးသွားရတယ်။ ဩော်... တစ်ခါတုန်းက ငါ ခိုင်းချင်တိုင်း ခိုင်းခဲ့တဲ့ ရဲဘော်ရယ်လို့မှ အသိအမှတ်အပြုမခံရှာရတဲ့ လူတွေ ပြည့်နေတာပဲ။

ဘယ်သူတွေက ကြီးပွားနေလဲဆိုတော့ ဘာမျှ အပင်ပန်းမခံ၊ သခင့်အပေါ် သစ္စာမရှိဘဲ တစ်နေ့ သူတို့ လည်ကို ပြန်လှီးမယ့် လူတွေက လျှမ်းလျှမ်းတောက် ကြီးပွားနေတဲ့ ကျွန်မ ပတ်ဝန်းကျင်ကို တွေ့ရတော့တယ်။

ဒီတင်ပဲ ငါ့လိုပဲ ခံစားနေရတဲ့လူတွေဟာ တိုင်းပြည်မှာ အများကြီးပါလား။ ငါ့ပတ်ဝန်းကျင်မှာ မိချိုတွေ အများကြီးပါလား ဆိုပြီး ကျွန်မ အသည်းနှလုံးမှာ နာကျင်ခံစားရသမျှ 'မိချို' ဝတ္ထုမှာ သွန်ချတာပါပဲ။

'မိချို' လို့ အမည်တပ်ရတာကတော့ ကျွန်မအမည်က အချိုမို့လို့ပါပဲ။ အဲဒီဝတ္ထုလည်း ထွက်လာရော (Rebecca) ခိုးချတယ်လို့ တချို့က စွပ်စွဲတယ်။ ဘယ်လိုပဲ စွပ်စွဲစွပ်စွဲ ကျွန်မအဖို့ အမြတ်ထွက်တာကတော့ ကျွန်မ ခင်ပွန်းသည်ဟာ ဒီဝတ္ထုဖတ်ပြီးမှ ကျွန်မကို နားလည်ပါတယ်။ နေမကောင်းရင်လည်း တကယ့်ကို ပန်းလို့လဲနေပြီဆိုတာ သူ သိလာပါတယ်။

အရင်လို ၂၄ နာရီမှာ ၂၄ နာရီလုံး အလုပ်အလုပ်ဆိုတဲ့ သူတို့ဝါဒကိုလည်း လျှော့လိုက်ပါတယ်။ သူတို့ရဲ့ မောင်ဂိုမာရီ၊ ရိုမာလ်ချာချီ အစရှိတဲ့ စစ်စာအုပ်တွေကိုလည်း သိပ်မဖတ်ခိုင်းတော့ဘူး။ မိချိုဟာ စင်စစ်မတော့ ကျွန်မရဲ့ကိုယ်စား ကျွန်မ ပတ်ဝန်းကျင်မှာ ရှိတဲ့ အလုပ်လုပ်ချိန်မှာ သေအောင် လုပ်ရပြီး အကျိုးခံစားရချိန်ကျတော့ ပစ်ပယ်ခံရတဲ့ မျက်နှာမွဲ အလုပ်သမားများရဲ့ ကိုယ်စားပါပဲ။ စိတ်ကူးယဉ် ဝတ္ထုတစ်ပုဒ် မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


စတုတ္ထဝတ္ထုကတော့ အားလုံး ချစ်မြတ်နိုးကြတဲ့ 'မွေး' ပါပဲ။ အားလုံး စာဖတ်ပရိသတ်ရဲ့ ဝေဖန်စာထဲမှာ မွေးဟာ ခင်နှင်းယုလား၊ ခင်နှင်းယုဟာ မွေးလား ဆိုတဲ့ ပြဿနာမေးခွန်းဟာ အမြဲပါခဲ့ပါတယ်။ အမှန်ကတော့ ခင်နှင်းယုဟာ ခင်နှင်းယုပဲ။ မွေးဟာ မွေးပါပဲ။ ဒါပေမဲ့ ခင်နှင်းယု အသည်းနှလုံးက ပေါက်ဖွားလာတဲ့ မွေးဟာ ခင်နှင်းယုနှင့် တစ်စိတ်တစ်ဒေသတော့ တူမှာပါပဲ။

ကျွန်မတို့ မိသားစုမှာ အဆုတ်နာ လေမုန်တိုင်းကြီး အတိုက်ခံရပြီးတဲ့နောက် ကျွန်မဟာ အိန္ဒိယက အာရောဂျံ ဆေးရုံမှာ သွားရောက် ကုသခဲ့ရပါတယ်။ ဝတ္ထုထဲပါတဲ့အတိုင်းပေါ့။ ကျွန်မ အိမ်လေး နောက်က အိန္ဒိယတိုင်းသူကို မြင်ရတိုင်း ကျွန်မ စာရေးချင်တယ်။

သူဟာ ဒီဆေးရုံမှာပဲ သူ့ဘဝကို စွန့်လွှတ်ရတော့မယ်။ သူ့ခင်ပွန်းသည်ဟာလည်း အတိအလင်းပဲ နောက်အိမ်ထောင်ပြုတော့မယ် ဆိုတဲ့အကြောင်း စာရေးလိုက်တယ်။ အိမ်ထောင်မပြုခင် သူ့ကလေးတွေနဲ့ လာလည်မယ် ဆိုတဲ့ အကြောင်းလည်း စာရေးလိုက်တယ်။

ဒီအဖြစ်ကို နေ့စဉ်မြင်နေရတဲ့ ကျွန်မဟာ ရင်ထဲမှာ ဆို့ဆို့လာတာပဲ။ ကာယကံရှင်ရဲ့ မျက်နှာကို ကျွန်မ မကြည့်ရက်အောင်ပဲ ဖြစ်ခဲ့ရတယ်။ သူဟာ ဒီဘဝမှာ ပြုံးနိုင်သေးတာကို မြင်ရလေလေ လူ့ဘဝမှာ လူဟာ သူ ဒုက္ခခံရချိန်ရောက်ရင် သူ့စွမ်းအားလေးနဲ့ ကြိုးစားခံနိုင်တဲ့ သတ္တိရှိပါလား ဆိုတဲ့ သဘောလည်း ပေါက်လာပါတယ်။

အို စင်စစ်မတော့ လူနာတစ်ယောက်နေတဲ့ အိမ်လေး တစ်ဆောင်မှာ ဝတ္ထုဇာတ်လမ်းကတော့ တစ်ပုဒ်စီ ရှိကြတာပါပဲ။

အဲဒီအချိန်မှာ ကျွန်မအိမ်ကို သိပ်သတိရတာပဲ။ ကျွန်မ မဒရပ်ကို ထွက်လာတဲ့အချိန်မှာလည်း ကျွန်မ ခင်ပွန်းသည်ဟာ တာဝန်ဝတ္တရားနဲ့ တခြားနေရာတစ်ခုကို ထွက်ခွာသွားချိန်ဆိုတော့ ကျွန်မတို့ နှစ်ယောက်ဟာ အိန္ဒိယမသွားခင် တစ်ယောက်နဲ့ တစ်ယောက် မတွေ့ခဲ့ကြပါဘူး။

ကျွန်မဟာ မိန်းမစိတ် ဝင်လာပါတယ်။ ငါကော မြန်မာပြည်ကို ပြန်သွားခဲ့ရင် ငါ့ခင်ပွန်းသည်နဲ့ ပြန်လာမှ ဆုံကြပါဦးမလား၊ ဒါလောက် ရှည်ရှည်လျားလျား ခွဲခွာနေကြရတဲ့ကာလ အပိုင်းအခြားမှာ ယောကျ်ား

mgyoe.com

mgyoe.com


တစ်ယောက်ဟာ ဘယ်လိုပဲ ချစ်ချစ် သူ့ခန္ဓာကိုယ်ရဲ့ ဆန္ဒကို ဆက်လက်ထိန်းသိမ်းနိုင်ပါဦးမလား ဆိုတဲ့ သောကဟာ ဝင်လာတယ်။

ဒါတင်မက အိန္ဒိယတိုင်းသူရဲ့ ဝိညာဉ်ဟာ ကျွန်မကို ကပ်လာတယ်။ ဖြစ်ရတဲ့ အကြောင်းတွေရဲ့ အရင်းခံဟာ အဆုတ်နာပဲ။ အဆုတ်နာကို ကျွန်မ သိပ်နာကြည်းတာပဲ။ အဲဒီမှာ သန္နိဋ္ဌာန်ချလိုက်ပါတယ်။ မြန်မာပြည် ပြန်ရောက်ရင် အဆုတ်နာ တွန်းလှန်တိုက်ဖျက်ရေးအတွက် ဝတ္ထုတစ်ပုဒ်တော့ ရေးမယ် ဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ။

ပြီးတော့လည်း ကျွန်မတို့မှာ အသိုင်းအဝိုင်း ကောင်းလွန်းလို့ အိန္ဒိယ အရောက်သွားပြီး ကုနိုင်သနိုင်ပေမယ့် ရန်ကုန်ဆေးရုံကြီးကိုတောင် မတက်နိုင်တဲ့ အဆုတ်နာ လူနာတွေဟာ ဒုနဲ့ဒေးပဲ။ ဒါကြောင့် မွေးမှာ မိတ္ထီလာလိုနေရာမှာ အဆုတ်နာကု ဆေးရုံကြီး တစ်ရုံ ဆောက်လုပ်ဖို့ ရည်ရွယ်ချက်နဲ့ မွေးဝတ္ထုကို စတင် ရေးခဲ့ပါတယ်။

အဲဒီလို ရည်ရွယ်ပြီး ရေးပုံရေးဟန်ကတော့ ကျွန်မ ပင်ကိုဟန်အတိုင်း အသည်းနှလုံးနဲ့ စာရေးခဲ့ပါတယ်။

ကျွန်မဟာ အင်မတန်ပဲ လွမ်းဆွတ်တသတတ်ပြီး လွတ်လပ်ခွင့်ကို မြတ်နိုးသူ တစ်ယောက်ပါပဲ။ ကျွန်မ အလုပ်လုပ်ရတဲ့ ဝင်ဒါမီယာ ပတ်ဝန်းကျင်ကြီးရဲ့ အုံ့မှိုင်းကျဉ်းကျပ်နေတဲ့ ဘဝမှာ ကျင်လည်ရလေလေ ကျွန်မငယ်ငယ်တုန်းက အစွမ်းကုန် ပြေးလွှားဆော့ခဲ့ရတဲ့ လရောင်အောက်က ဝါးခယ်မဘုရားကြီးလမ်းကို သတိရလေပဲ။ ကျွန်မတို့ ငယ်ငယ်တုန်းက စာကျက်ချိန်မှာ အချိန်ပြည့် ကျက်ရသလို ဆော့ချိန်မှာလည်း အစွမ်းကုန် ဆော့ရပါတယ်။

မိုးတွေများ သည်းသည်းရွာချရင် အဘွားပေးတဲ့ ယွန်းထည် မောင်းထောင်ခွက်တွေ ဆောင်းပြီး မိုးရေထဲမှာ ပြေးလွှားဆော့ခဲ့ရတာတွေ၊ နေသာတဲ့နေ့တွေမှာဆိုရင်လည်း မြစ်ကမ်းပါး သောင်ပြင်ကနေ မြစ်ပြင်ကျယ်ကြီးထဲကို ပြေးဆော့ကူးသွားရချိန်များ ဘယ်လောက် ပျော်ပြီး ဘယ်လောက်လွတ်လပ်ခဲ့တယ် ဆိုတာ ခုတွေးမိရင်တောင် ခုပျော်ပါသေးတယ်။

အရွယ်ရောက်စ စိတ်ကူးယဉ်တတ်တဲ့ အရွယ်ရောက်ပြန်တော့လည်း ဝါးခယ်မမြို့ပြင်က လယ်ကွင်းစပ်ကနေ ငေးမျှော်လိုက်ရင် မြလိုစိမ်း

mgyoe.com

mgyoe.com


နေတဲ့ လယ်ကွင်းဟာ ညိုမှောင်နေတဲ့ မိုးကုပ်စက်ဝိုင်းကို သွားပြီး တွေ့ ထိမတတ် ကျယ်ပြန့်သွားတဲ့ မြင်ခင်းကို မြင်ရတယ်။ အဲဒီလိုမြင်ရတဲ့ ကျွန်မဟာ ရင်ထဲမှာ သိပ်လွတ်လပ်ပြီး အသက်ရှူရချောင်တာပဲ။ ညိုမှောင်တဲ့ မိုးကုပ်စက်ဝိုင်းဆီကို လယ်ကွင်း စပ်ကနေ ထပ်ပျံကြတဲ့ ဗျိုင်းခြေတံရှည် ဖြူဖြူဖွေးဖွေးတွေရဲ့ ငွေရောင်ဟာ နောက်ခံ ခဲရောင်နဲ့ဆိုရင် ငွေပန်းတွေ ကောင်းကင်ပျံနေသလို သိပ်ပနံရတာပဲ။ ဒီတုန်းက သူတို့နဲ့အတူ ကောင်းကင်မှာ ပျံသန်းပြီး စိတ်ကို လွတ်လပ်ကြည်နူးနေတာပဲ။

ကျွန်မ အလုပ်လုပ်နေတဲ့ ဘဝကတော့ သံကြီးတမန်ကြီးများနဲ့ တွေ့ရတော့လည်း "စိတ်နှလုံး ချမ်းမြေ့ရွှင်လန်းပါရဲ့လား" အစရှိတဲ့ သာယာချောင်တဲ့ စကားလုံးတွေ ရွတ်ပြီး ခေါင်းကို ညွတ်၊ ကိုယ်ကို ကိုင်းပြီး ကြိုဆိုရ၊ စစ်ဗိုလ်မှူးကြီးများ တွေ့ရတော့လည်း ခေါင်းကို ညွတ် အစွမ်းကုန် ပြုံးပြရ၊ နိုင်ငံရေးသမား တွေ့ရတော့လည်း "အစ်ကိုကြီးတို့၊ ပါတီအခြေအနေ ဘယ်လိုရှိပါသလဲ"၊ ကုန်သည်နဲ့ တွေ့ပြန်တော့လည်း ရောင်းရေးဝယ်တာနဲ့ ပတ်သက်ပြီး အဆင်ပြေအောင် ပြောရနဲ့ တစ်ခါတည်း သိပ်စိတ်ကျဉ်းကျပ်တာပဲ။ အဲဒီအချိန်များဆိုရင် ကျွန်မကိုယ်ကို ကျွန်မ ခွာပြီး ကြည့်တဲ့အခါ စကားပြောနေတဲ့ စက်ရုပ် တစ်ရုပ်လိုပါပဲ။ ခေါင်းကလည်း ညွတ်ရတာ အမော။ အဲဒီလို အိပ်ချိန်ကလွဲလို့ အလုပ်အလုပ်နဲ့ လုပ်နေရတဲ့ သူတစ်ယောက်ဟာ သူ့ဌာနေမှာ သူ ငယ်စဉ်က နေခဲ့ရတဲ့ လွတ်လပ်ခွင့်ကို မလွမ်းဘဲနေမလား။

ကျွန်မဟာ မိုးလေးတစ်ဖြိုက် ရွာလာရင် ဒါမှမဟုတ် မိုးနှောင်းစ နှင်းဝေလာရင် ဒါမှမဟုတ် နှင်းတွေ စဲက ရွက်သစ်များ ခေါင်းထောင်ချိန်၊ နွေဦး အဲဒီလို ရာသီတစ်ခုနဲ့တစ်ခု အကူးမှာဆိုရင် အို… ကျွန်မမြို့ကို ကျွန်မ အရူးအမူးကို ပြေးကြည့်ချင်တာပဲ။

ကျွန်မတို့ မောင်နှမတွေအားလုံး သူငယ်ချင်းတွေနဲ့ စုပြီး လယ်ကွင်းစပ်မှာ ပြေးဆော့ချင်လာတာပဲ။ အစွမ်းကုန် ဟစ်ပြီး သီချင်းဆိုချင်တယ်။

အဲဒီဆန္ဒတွေဟာ မွေးရဲ့ ကလေးဘဝကို အသက်ဝင် လှုပ်ရှားပစ်လိုက်တာပါပဲ။

mgyoe.com

mgyoe.com


ကိုကိုနိုင်၊ အတွတ်နဲ့ မွေးတို့ရဲ့ ဇာတ်လမ်းကတော့ ကျွန်မရဲ့ အတတ်ပညာပါပဲ။ ဒီနေရာမှာ ကျွန်မ ရပ်ပစ်လိုက်လို့၊ ကောင်းခန်းမှာ ရပ်ပစ်တယ်လို့ မထင်စေလိုပါ။ သိပ်ရှည်လျားသွားမှာစိုးလို့ ရေးပုံကိုပဲ ပြောပြပါရစေ။

ဒီမှာ ဘက်မှာ ကျွန်မရဲ့ နှလုံးသား ခံစားမှုကို အခြေခံ ဇာတ်တည်ပြီးတဲ့အခါ 'မိချို' လိုပဲ ကျွန်မ ပတ်ဝန်းကျင် ကြည့်လိုက်တော့ ကျွန်မတို့ တိုင်းပြည်မှာလည်း 'မွေး' ဇာတ်ထုပ်ခင်းနေတယ်။

မွေးမှာ လူဆိုးမရှိဘဲ ဇာတ်ထုပ်တစ်ထုပ်လုံး တည်ထားတယ်။ မြန်မာပြည်ရဲ့ လက်ရှိအခြေအနေမှာလည်း လူဆိုးမရှိဘဲ ပတ်ချာလည်နေတဲ့ အချိန်ပဲ။

ကိုကိုနိုင်ကလည်း ပြောမှာပဲ "ကျွန်တော်ဟာ မွေးရဲ့ အဆိုးဆုံးဆိုတဲ့အချိန်မှာ ပခုံးဝင်ထမ်းလာခဲ့တဲ့ အကောင်ပါပဲ။ ကျွန်တော့် သာယာမှုလေးတွေဆို အားလုံးစွန့်ပြီး မွေး စိတ်ချမ်းသာမှုကို ပုံပေးတဲ့သူပါ။ မယားငယ်လေး တစ်ချက်နေမိတဲ့ အမည်းစက်ကြောင့် ကျွန်တော်ဟာ လူဆိုးကြီး ဖြစ်ရတော့မှာလား" ဆိုမယ်။

အတွတ်ကလည်း စင်စစ်မတော့ လူဆိုးလေးတော့ မဟုတ်ရှာဘူး။ သူဟာ အစွမ်းကုန် မွေးရဲ့ ဘဝကို တစ်ဖက်သတ် အချစ်နဲ့ ကူညီခဲ့တာပဲ။ ဒါပေမဲ့ အချိန်ကို မတွက်တတ်တဲ့ သူ့ပင်ကိုဉာဉ်ကြောင့် သူ့ဘဝမှာ မအောင်မြင်ဘူးဆိုရမယ်။ မွေးဆိုရင်လည်း သူ့ဘဝမှာတော့ သူ အစွမ်းကုန် ကြိုးစားတာပဲ။ ဒါပေမဲ့ ဘဝအကျိုးပေး မကောင်းလေတော့ မွေးမှာလည်း စိတ်ချမ်းသာခဲ့ရတယ်ကို မရှိဘူး။

မြန်မာ့နိုင်ငံရေး ဇာတ်ခုံမှာ ဘယ်သူဟာ ကိုကိုနိုင်လဲ၊ ဘယ်သူဟာ အချိန်ကို မတွက်တတ်သော အတွတ်လဲ၊ ဘယ်သူဟာ မွေးလဲဆိုတာ ပရိသတ် တွေးကြည့်ဖို့ ကျွန်မ ချန်ခဲ့ပါရစေ။

မွေးဝတ္ထုရေးချိန်ဟာ ဦးနု အစိုးရကနေ ဗိုလ်ချုပ်ကြီး အစိုးရကို အာဏာလွှဲပြောင်းချိန်ပဲ။ သူတို့ကလည်း အာဏာလွှဲလို့ ပြောင်းလို့ ကောင်းတုန်း၊ ကျွန်မကလည်း အဲဒီပတ်ဝန်းကျင်နဲ့ ကျွန်မ အသည်းနှလုံး ခံစားမှုကို စပ်ပြီး ဝတ္ထုရေးလို့ ကောင်းတုန်းပေါ့။

mgyoe.com

mgyoe.com


အဲဒီလိုနဲ့ 'မွေး' ဟာ ပရိသတ် အသည်းနှလုံးထဲကို ရောက်ခဲ့တာပါပဲ။ အခု ကျွန်မ ပြောခဲ့တာဟာ ကျွန်မ ဝတ္ထုများ ဘယ်လိုဖြစ်ပေါ်လာတယ် ဆိုတဲ့ အကြောင်းများပါပဲ။

ဒီတော့ မေးစရာ ရှိတယ်။ အသည်းနှလုံးနဲ့ချည်း ရေးတော့ ဝတ္ထုတွေဟာ ပြီးရောလားလို့ မေးစရာ ရှိတယ်။

မဟုတ်သေးပါဘူး။ တစ်ခါက ကျွန်မ ဆရာ ဦးထင်ဖတ် ပြောခဲ့သလိုပဲ။ သဒ္ဒါနည်းမှန်ကန်ဖို့၊ သတ်ပုံသတ်ညွှန်း မှန်ကန်ဖို့၊ ဝါကျ အထားအသို စာပေဆန်ဖို့၊ သေသပ်ဖို့ကိုလည်း ကျွန်မတို့ဟာ ဂရုစိုက် လေ့လာသင်ကြားရပါသေးတယ်။ ဒါကြောင့် ကျွန်မဟာ သင်ကြားလေ့လာရလို့ပဲ မဆုံးနိုင်သေးလို့ စာရေးဆရာ ဘယ်တော့ဖြစ်မယ် ဆိုတာကို မတွေးနိုင်သေးတာပေါ့။

ကျွန်မ ရေးတဲ့အခါမှာ တစ်ခု ဂရုစိုက်တာကလည်း ကျွန်မ စာပေထဲမှာ ရှေ့ခီတောင်တန်းကြီးတို့၊ မစ္စစ္စပီမြစ်၊ ပဲရစ်မျှော်စင်တို့၊ ကရင်မလင်နန်းတော်ကြီးတို့ အရိပ်အယောင်တွေထက် ဧရာဝတီမြစ်ကြီးနဲ့ အနောက်ရိုးမရဲ့ အရိပ်အယောင်တွေ လွှမ်းစေချင်တယ်။ ကျွန်မ စာပေထဲမှာ ပဲရစ်ရေမွှေးနဲ့ မက်စဖက်တာ ရနံ့ထက် ရိုးသားစွာ မွှေးတဲ့ သနပ်ခါးရနံ့ကို ပိုပြီး သင်းပျံ့စေချင်ပါတယ်။

မြန်မာ့လယ်တောများထဲက လယ်တောသူတို့ရဲ့ တေးသံ၊ သို့မဟုတ် ငိုသံရှိုက်သံ၊ မြန်မာကလေးတို့ရဲ့ မြေတလင်းပေါ်မှာ ပြေးဆော့သံလေးတွေနဲ့ ကျွန်မရဲ့ ဝတ္ထုများကို တန်ဆာဆင်ချင်တာပဲ။ တစ်ခါတစ်ရံလည်း အလုပ်သမားတို့ နာကြည်းခံခက်တဲ့ ညည်းညူသံတွေလည်း ပါချင်ပါမပေါ့။

ဒါဟာ ကျွန်မ စာရေးပုံကိုသာ ပြောပြတာနော်။ ဝတ္ထုဆိုတာ ဒီလို ရေးရတယ်လို့ ကျွန်မ ပြောတာ မဟုတ်ပါဘူး။

ကျွန်မတို့ စာစရေးကတည်းက မြန်မာအချင်းချင်းပဲ ကျုပ်တို့တော့ မြန်မာဝတ္ထုဆို မဖတ်ဘူး ဆိုပြီး အပစ်ပယ် အနှိမ်ခံခဲ့ရတယ်။ ကျွန်မတော့ ဝမ်းမနည်းပါဘူး။ နိုင်ငံခြား ဥယျာဉ်ထဲက စာပေပန်းပွင့်ကြီးတွေကို ကျွန်မ လှမ်းကြည့်တယ်။ သူတို့ဆီမတော့ သင့်တော်တဲ့ အပူချိန်ပေးတဲ့ ကိရိယာနဲ့

mgyoe.com

mgyoe.com


မြေညြဇာဆိုလည်း လောကဓာတ်နည်းတွေနဲ့ ဆိုတော့ ပန်းပွင့်ကြီးတွေက အက်နေတာပဲ။ အဲဒါတွေမြင်ပြီး အညွန့်ပေါက်စ ကိုယ့်ပန်းပင် အထင်သေးပြီး ဖနောင့်နဲ့ ပေါက်ပစ်တော့ ဘာဖြစ်လဲ ကိုယ့်အပင် သေတာပေါ့။ ခြံနီးချင်း နိုင်ငံခြားသားတွေကလည်း "ဘာမှ ကိုယ်ပိုင်မရှိဘဲ သူများပဲ အားကျတတ်တဲ့သူတွေလို့" ကျိတ်ရယ်မှာပဲ။

ကျွန်မကတော့ ကျွန်မ ပန်းပင်လေးကို မြန်မာနည်းနဲ့ပဲ မြေဆွေးထည့်ပြီး စိုက်မယ်။ ရေမှန်အောင် လောင်းမယ်။ ပိုးတွယ်လာရင်လည်း ဆေးပြင်းလိပ် ရေစိမ်ပြီး လောင်းမယ်။ ကျွန်မ စာပေပွင့်လေးဟာ မြန်မာဟန်နဲ့ မြန်မာဆန်ဆန် ပွင့်လာရမပေါ့။ သူတို့ဆီမှာ ပန်းပွင့်ဟာ ခြောက်လက်မကြီးရင် ကျွန်မတို့ ပန်းပွင့်က သုံးလက်မတော့ ကြီးမှာပဲ။ သူတို့နည်းလည်း မလွတ်အောင် ကြည့်မှာပဲ။ ဒါမှလည်း တစ်နေ့ ဟောဒါဖြင့် မြန်မာ့ခြံက ထွက်တဲ့ မြန်မာနည်းနဲ့ စိုက်တဲ့ မြန်မာစာပေ ပန်းပွင့်ရယ်လို့ ကမ္ဘာမှာ ပြနိုင်မှာပေါ့။

အခု ပြောခဲ့တာကတော့ စာပေအပေါ် ကျွန်မရဲ့ သဘောထားကို အကျဉ်းချုပ်ပြလိုက်တာပါပဲ။

ကျွန်မ ရင်ထဲမှာ အပြင်းအထန် ရေးချင်တဲ့ ဝတ္ထု သုံး၊ လေးပုဒ်တော့ ရှိသေးတယ်။ အဲဒါတွေ ရေးပြီးရင် ဟောပြောပွဲ အစက ပြောခဲ့သလို ခေတ္တခဏ လာရောက် လည်ပတ်တဲ့ ဒီလူ့ဘုံကနေ ကျွန်မတော့ ပြန်ချင်ပြီ။ ဘာကြောင့်လဲဆိုတော့ ဒီလူ့ဘုံမှာ စာရေးရုံတင်မှ မဟုတ်ဘဲ တွေ့ကြုံရတာတွေ များတော့ ကျွန်မ မပျော်ပါဘူး။ စာရေးချိန်လေးပဲ နေရတာ ပျော်ပါတယ်။

ဒါပေမဲ့လည်း အနတ္တသဘောအရ ပြန်ချင်လို့လည်း မပြန်နိုင်ဘူး။ နေချင်လို့လည်း မနေနိုင်ဘူး။ နိုင်ငံကူးလက်မှတ်ရမှ ဒီလူ့ဘုံက ခွာဖို့ကို ဆုံးဖြတ်လို့ရမှာကိုး။

နေလာခဲ့ရတဲ့ ပတ်ဝန်းကျင်ကို ငြီးငွေ့တယ်သာ ဆိုရတယ်။ အဲဒီ ပတ်ဝန်းကျင်ဆိုတဲ့ ဖဆပလ ဆယ်နှစ်ဆယ်မိုးခေတ်တို့၊ ဝင်ဒါမီယာ ပတ်ဝန်းကျင်တို့ကိုသာ ကျွန်မ မတွေ့ခဲ့ရင်လည်း ကျွန်မ စာပေဟာ ပရိသတ်နှလုံးသားထဲမှာ ရှိချင်မှ ရှိမှာပါပဲ။

mgyoe.com

mgyoe.com


ကမ္ဘာ့စာပေမှာရော၊ မြန်မာ့စာပေမှာရော ယနေ့ထိ ပြုစုပျိုးထောင်နေကြတဲ့ စာပေပညာရှင်အားလုံးကို ကျွန်မ ဦးညွှတ်ပါတယ်။

အခွင့်သင့်ရင်လည်း နောက်တစ်ခါ ပြန်လည်ဆုံကြသေးတာပေါ့။

အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ။

(၁၉၆၁ ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် မြို့မကျောင်းသားဟောင်းများအသင်းတွင် ပြောကြားသော ခင်နှင်းယု၏ ဟောပြောချက် ဖြစ်သည်။)

မြဝတီမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၆၁။

■

mgyoe.com

mgyoe.com

## အဝိုင်းနှင့် လေးထောင့်

လမ်းဆုံသို့ ရောက်၍ နေလေပြီ။

* * *

စာမေးပွဲသည် ၁၀ ရက်မျှသာ လိုတော့သည်။ မနှစ်က အလုပ်မှ ခွင့်တစ်ရက်မျှမရ၍ စာကြည့်ချိန် မရခဲ့ပေ။ သို့သော် သုံးဘာသာ အောင်ခဲ့၍ ဘုရားသခင်နှင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား ကျေးဇူးတင်ရပေဦးမည်။

ယခုလာမည့် စာမေးပွဲတွင် ကျန်သော နှစ်ဘာသာအတွက် ခွင့်ရသော ရက်အတွင်း ကြိုးစားရပေမည်။ မသင်ဖူးသော နှစ်နှစ်စာ ပါဠိကို နှစ်ပတ်အတွင်း ရအောင် ကြည့်ရပေမည်။ ဤသို့ပင် မနိုင်မနင်း ကသောင်းကနင်းနှင့် ဘဝကို စခဲ့ရသည်မှာ များလှလေပြီ။

"ဖြစ်သမျှ အကြောင်းပေပဲ"

ဤနှလုံးသွင်း စိတ်ထားနှင့် ကိုယ့်စိတ်ကို ကိုယ် နှစ်သိမ့်ခဲ့ရလေသည်။ စာအုပ်များကို တစ်အုပ်ပြီး တစ်အုပ် ရှေ့ဌ ချ၍ စာကြည့်ရန် ပြင်ရတော့သည်။ ဝတ္ထုများကိုလည်း မရေးသေးဘဲ ရပ်ထားရဦးမည်။ စာမကြည့်ခင် စိတ်များသည် ဆရာ့၊ ဆရာများထံသို့ လွင့်ပျံ၍ သွားကြပြန်သည်။

mgyoe.com

mgyoe.com


လက်ဦး ဆရာတစ်ဦးဖြစ်သော ဦးတင့်တယ်သည် တစ်ခါတုန်းက သွေးသောက်မဂ္ဂဇင်းတွင် ဆောင်းပါးတစ်ခု ရေးဖူးသည်။ သူ့ဆောင်းပါးသည် ပိုက်ဆံအတွက် စာရေးနေရရှာသော ဗမာပြည်ရှိ စာရေးဆရာများအကြောင်း ဖြစ်၏။ သူ့ဆောင်းပါးသည် မှန်ကန်၍ ဆီလျော်ပြေပြစ်ပေသည်။ စိတ်ထဲတွင် ဦးတင့်တယ်၏ ဆောင်းပါးကို သတိရချိန်တွင် စာကိုပဲ ကြိုးစားချင်လာပြန်သည်။ "ငါ စာရေးဆရာအဖြစ်နဲ့ အသက်မမွေးဘူး။ ပိုက်ဆံကြောင့်တော့ ဘယ်တော့မှ စာမရေးဘူး...." ထိုစိတ်ဓာတ်များမှာ နှလုံးသားထဲသို့ ဝင်ရောက်လာပြန်ပါသည်။

ကျွန်မအား စင်တင်ပေးသူ ဆရာ ဦးသန်းဆွေကလည်း တစ်ခါတုန်းက ပြောဖူး၏။ "ပိုက်ဆံကြောင့်များ စာရေးရတဲ့အခါလောက် ကျွန်တော်စိတ်ဆင်းရဲတာ မရှိဘူး"

မှန်ပေလိမ့်မည်။ သူတို့စကားလုံးများထဲသို့ စူးစမ်းရှာဖွေလိုက်သောအခါတွင်မူကား မြတ်နိုးဖွယ်ကောင်းသော သူတို့၏ စိတ်နှင့် မရှောင်လွှဲနိုင်သော အကြောင်းတရားများကို တွေ့ရပြန်သည်။ သူတို့သည် သူတို့စာပေများကို ပိုက်ဆံနှင့် မလဲချင်ကြပေ။ သို့သော် မရှောင်လွှဲနိုင်သော ကာယိကဒုက္ခ၊ စိတ္တဒုက္ခတို့ကြောင့် သူတို့သည် စာပေကို ငွေနှင့် တန်ဖိုးဖြတ်ကြရပြန်သည်။

စိတ်ထဲတွင် ဆုံးဖြတ်ချက် ပို၍ ပြင်းထန်လာပြန်၏။

"စာပေကိုပဲ ကြိုးစားမယ်။ အသက်မွေးဝမ်းကျောင်းအတွက် ဒီဂရီရမှ ဖြစ်မယ်။ စာရေးတာနဲ့ အသက်မွေးရင် ကိုယ် ရေးချင်တာ မရေးရတော့ဘူး။ ပိုက်ဆံကြောင့် အားလုံး မျက်နှာတွေကို ငဲ့နေရမယ်။ ပိုက်ဆံကြောင့် လူကြိုက်များတဲ့ ဖက်ရှင်စာတွေကို ရေးနေရမယ်။ ပိုက်ဆံက ငါ့ကလောင်ကို ဆွဲခေါ်သွားတော့မှာပဲ။ ကိုယ့်နှလုံးသားထဲမှာ ပေါ်လာတဲ့ ထင်မြင်ယူဆချက်ကို ဖွင့်မပြနိုင်ရင် ဘာလို့ စာရေးနေမလဲ။ လက်ရှိ ဖြစ်နေတာတွေကို ဘာဖြစ်နေပါတယ်ဆိုတာမှ ရေးမပြနိုင်ရင် ငါ့စာဟာ အသေကြီး ဖြစ်နေမှာပဲ။ ဒီတော့ ဝမ်းရေးအတွက် တောင့်အောင် ပညာ ကြိုးစားသင်မယ်။ ပြီးတော့မှ ရေးချင်တဲ့ စာတွေကို နှလုံးသားထဲက အန်ပြီး ရေးချလိုက်မယ်"

ဤအတွေးအခေါ်များမှာ စာမကြည့်ခင် စာအုပ်ကို မကိုင်ခင်ပင်

mgyoe.com

mgyoe.com


ဖြစ်ပေါ်နေ၏။

စာအုပ်ကို ဖွင့်လိုက်ပြန်၏။ ပထမဆုံး စိတ်ငြိမ်အောင် ဘုရားသခင် ဟောကြားသော စိတ္တဝဂ်ကို ဖတ်ခြင်းက သင့်လျော်ပေမည်။ ဖတ်ရင်း ဖတ်ရင်း စာလုံးများသာ မျက်စိရှေ့တွင် ရှိသည်။ စိတ်များက အဝေးသို့ လွင့်လျက် ရှိသည်။ တစ်ခါ အဝေးရှိ စိတ်များ ရင်ထဲသို့ ပြန်ဝင်လာကြပြန်သည်။ သို့သော် စာအုပ်ပေါ်သို့ မညွတ်လာကြပေ။ ရင်ထဲတွင် လှိုင်းတံပိုးလိုကြွ၍ ကြွ၍ လာ၏။ မော၍ မော၍ လာ၏။ ဓမ္မပဒ စာအုပ်သည် စားပွဲပေါ်သို့ တဖြည်းဖြည်း ကျသွားသည်။

စိတ်သည် ရင်ထဲတွင် ဝတ္ထုများကို တစ်ပုဒ်ပြီး တစ်ပုဒ် ရေးနေပြန်သည်။ မိုးဦး၏ ပန်းပွင့်များကို ဖွဲ့နွဲ့ရသည်မှာ ပျော်စရာ ကောင်းလှ၏။ နေခြည်သည် ကန်ပေါ်သို့ ညွတ်ကျနေပုံကို ရေးရသည်မှာလည်း ပန်းချီစုတ်ချက်လို နှစ်သိမ့်စရာ ကောင်း၏။

"အို... ဝတ္ထုရေးလိုသော စိတ်များကား နှလုံးသားတွင် ကျပ်၍ လာပါပကော"

ဓမ္မပဒ စာအုပ်ကို အသာဖယ်၍ ရှိတ်စပီးယား စာအုပ်ကို ကောက်၍ ကိုင်လိုက်ပြန်သည်။

"ဒုက္ခပေပဲ"

ရှိတ်စပီးယား၏ အချစ်ကို စူးစိုက်၍မရ။ စိတ်၏ ဝတ္ထုထဲမှ မိန်းကလေးအချစ်သည် ရှိတ်စပီးယား၏ ဇာတ်လိုက်ကလေး ပိုးရှား (Portia) အချစ်နှင့် ရောသွားကြပြန်သည်။ စိတ်ကား သိမ်း၍ မနိုင်တော့ပြီ။ ဝတ္ထုများကိုသာ ရေးချင်သည်။ စာရေးလိုသောစိတ် ဆိုသည်မှာ ဘယ်သူမျှ ဖန်တီး၍လည်းမရ၊ ဆို့ပိတ်၍လည်း မရပါလား ဆိုသည်ကို ယခုမှ သဘော ပေါက်လာသည်။

တစ်ခါက သခင်နုသည် 'ရက်စက်ပါပေ့ကွယ်' ဝတ္ထု ဥယျောဇဉ်တွင် စာရေးလိုသော စိတ်သည် သူ့ရင်ထဲတွင် လှိုင်းသဖွယ် ကြွလာသည်ဟု ဆို၏။ သူ့ဆိုလိုချက်ကို ထိုစဉ်က သဘောမပေါက်မိ၊ အရသာ မခံစားတတ်၊ ယခုမှပင် အရသာပေါ်ပေပြီ။

ကျွန်မအား စင်တင်ပေးသော ရှုမဝမဂ္ဂဇင်းကိုလည်း တစ်ပုဒ် ရေး

mgyoe.com

mgyoe.com


ပေးရမည်။ ဝတ္ထုလေး နာမည်မှာ 'ဘုတ်ဆုံမင်္ဂလာဆောင်' ဖြစ်သည်။

မကင်းရာ မကင်းကြောင်းဖြစ်သော သွေးသောက်တွင်လည်း ရေးပေးရဦးမည်။ သွေးသောက်မှ ဝတ္ထုတောင်းစဉ်ကလည်း စာမေးပွဲကြောင့် မရေးခဲ့ရ။

'အိမ်မြှောင်ကလေး' ဝတ္ထုကို သွေးသောက်သို့ ပေးမည်။

ကျွန်မ ကလောင်ကို အရောင်တင်ပေးသော 'မြဝတီ' မဂ္ဂဇင်းအတွက်လည်း 'နွားတစ်ထောင်' ဝတ္ထုကို ရေးပေးချင်သေးသည်။

ဟင်း... စိတ်စိတ် စိတ်များကား အတိုင်းအဆမရှိ လွင့်ကြလေပြီ။ ဝတ္ထု တိုင်းပြည်သို့ သွားရောက် လည်ပတ်ကြသည်။ ဂြိုဟ်များသည် နေကို ပတ်၍ လည်သလို ဝတ္ထုလေးများသည် အနားတွင် ပတ်လည်ဝိုင်းနေသည်။

ဝတ္ထုပဲ ရေးမလား၊
စာကိုပဲ ကြိုးစားမလား။

စားပွဲပေါ်တွင် စာအုပ်များကို အားလုံး ထားရစ်၍ အိမ်ရှေ့ ဝရန်တာသို့ ထွက်လာရ၏။

ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ထိန်းမရသော စိတ်အတွက် ဝမ်းနည်းရပြန်သည်။ ဆရာ ငွေဥဒေါင်းကို သွား၍ သတိရပြန်၏။ တစ်ခါက ဆရာက ဆိုသည်။

"မခင်ယု၊ မင်းဘဝဟာ လေးထောင့်နဲ့ အဝိုင်းလိုပဲ။ ဘယ်တော့မှ စပ်ဟပ်မိမှာ မဟုတ်ဘူး။ မင်းဖြစ်နေတာက တခြား၊ မင်း လုပ်ချင်တာက တခြား" ဟု ဆို၏။ မှန်ပေသည်။

စာအုပ်ထုတ်ဝေသူ ဒေါ်သန်းစိန်ကို သတိရလာပြန်သည်။ သူသည် လုံးချင်းဝတ္ထုတစ်ပုဒ်ကို တောင်း၏။ ဒါပေမဲ့ အလုပ်၏ မလွတ်လပ်မှုနှင့် စာမေးပွဲကြောင့် သူ့ကို ရေးမပေးနိုင်၊ ထိုစဉ်က ဒေါ်သန်းစိန်က ဆိုသည်။

"မင်းတော့ တစ်ခုခုကို လက်လွှတ်ရလိမ့်မယ်။ မင်း တကယ်မြတ်နိုးတဲ့ စာပေနောက်ကိုပဲ လိုက်မလား။ ဒီဂရီကိုပဲ ယူမလား။ ဒီဂရီဟာ မင်းရဲ့ စာပေလက်ရာကို အနှောင့်အယှက် ဖြစ်လာလိမ့်မယ် ထင်တယ်။ ပြီးတော့ မင်းဟာ စာပေမှာ စွဲနေပြီပဲ"

mgyoe.com

mgyoe.com


ဒေါ်သန်းစိန် ပြောသည်မှာလည်း မှန်၏။ ဒါပေမဲ့ ကိုယ့်စိတ်ကို ဘာဖြစ်နေမှန်း မသိသည်က အတော်ခက်သော အလုပ်ပေပဲ။ ကန်မှာ ရေများ ပြည့်လျှံလာသလို စိတ်ထဲတွင် ဝတ္ထုလေးတွေ ပြည့်လာသည်။ ရှမဝတွင် လည်းကောင်း၊ မြဝတီတွင် လည်းကောင်း၊ မရေးသည်မှာ ကြာပြီ။ လျှံထွက်လုမတတ် ဖြစ်နေသော ဝတ္ထုရေးချင်သည့် စိတ်ကို စာမေးပွဲက ဆီး၍ တားထားသည်။

ဤဝတ္ထုလေးများ ပေါက်ကွဲ၍ ထွက်လာလျှင် ဘယ်လောက် လှပလာမည်လဲဟု တွေးကြည့်မိပြန်၏။ 'ဘာဖြစ်လို့ ရေးမချသလဲ' 'စိတ်ကို ချုပ်ထားရသလဲ' ဟူ၍ ကိုယ့်ကိုယ်ကိုယ် မေးမိပြန်၏။ အဖြေကိုကား မပေးတတ်ပေ။ ရေးချင်သည်မှာတော့ အများကြီး ဖြစ်၏။ စာမေးပွဲပြီးလျှင် ရေးချလိုက်မည် ဟူ၍ စိတ်ကို ချော့မိပြန်သည်။

ချော့၍ လျှော့လိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်သန်းစိန်အတွက် လုံးချင်းဝတ္ထုမှာ စိတ်ထဲသို့ ရောက်လာသည်။

"လ၏သမီး..."

"လ၏သမီး" ဝတ္ထုကို ရေးချင်သည်မှာ ကြာပေပြီ။ အကြောင်းကြောင်းတို့ကြောင့် မရေးဖြစ်ခဲ့ရပေ။ စိတ်၏ အလွန်မောစရာ ကောင်းပေသည်။

စာရေးရင်း ရေးရင်းနှင့် စာရေးခြင်းပေါ်တွင် မှီ၍ အသက်မွေးရသောအဖြစ်ကို ရောက်သွားမှာလည်း စိုးမိပြန်သည်။

ဆရာကြီး မဟာဆွေကမူ စာရေးဆရာဆိုသည်မှာ တခြား အသက်မွေးဝမ်းကျောင်း မလုပ်ဘဲ ငတ်တော်ပြတ်ပြတ် စာကိုပဲ ရေးရမည် ဆို၏။ ဆရာ့ဆရာများကမူ အဘက်ဘက်က ဆိုကြပြန်သည်။

ဆရာတက်တိုးကမူ စာရေးခြင်းကို အပျော်မယားသဖွယ် ထားရမည် ဆို၏။

ဘယ်လမ်းကို လိုက်ရမည် ဆိုသည်ကို မတွေးတတ်ပေ။ ကိုယ့်ကိုယ်ကိုယ်လည်း ဘယ်လောက်အထိ မှား၍ ဘယ်လောက်ထိ မှန်သည်ကိုလည်း မသိပေ။

"Of Human Bondage" တွင်မူ ဆွန်းမားဆက်မော်မ်က ဆိုပြန်၏။

mgyoe.com

mgyoe.com


"ငွေသည် အာရုံခြောက်ပါးတွင် ဆဋ္ဌမမြောက်အာရုံ ဖြစ်၏။ ငွေမရှိဘဲနှင့် ကျန်အာရုံငါးပါးကို မခံစားနိုင်ဟု ဆို၏။ ငွေရရှိရေးအတွက် အနုပညာပေါ်တွင် လုံးလုံး အမှီပြုနေရရှာသော ပန်းချီဆရာ စာရေးဆရာ အနုပညာသည်များကို သနားသည် ဆို၏။ တချို့ကမူ အနုပညာသည်များကို လေ့ကျင့်ပေးရာ၌ ဆင်းရဲခြင်းသည် အကောင်းဆုံးဟု ဆို၏။ ဤကဲ့သို့ ယူဆသူများမှာ ကိုယ့်အတောင်ပံ ကိုယ် ချိုးသည်နှင့် တူ၏" ဟူ၍ မော်မ်၏ ဝတ္ထုထဲတွင်လည်း ပါလာပြန်သည်။

ဆရာဦးသိန်းဖေမြင့်နှင့် တွေ့စဉ်ကလည်း "ဒီဂရီတော့ မလိုတော့ပါဘူးကွယ်" ဟု သူက ဆို၏။

ကဲ... သို့ကလို ဖြစ်လာပါလျှင် စာပေကို မြတ်နိုးလှချည်ရဲ့ သဘောနှင့် စာကိုပဲ သက်သက် ရေးရမည်လား။

သို့တည်းမဟုတ် ငွေများ အစုလိုက်အပုံလိုက် စုပြီးသောအခါမှ သူဌေးသမီး တစ်ယောက်သည် သူ နှစ်သက်သော ဝါသနာ တစ်ခုကို လိုက်စားသလို စာကိုပင် ရေးရမည်လား။ ဤသို့ ဆိုပါလျှင်လည်း စာပေရေးသားခြင်းသည် ကိုကိုမမ သူဌေးတို့၏ ဖက်ရှင် ဖြစ်ရတော့မည်။

အမှန်တော့လည်း ဘဝတွင် တိုးဝှေ့ဝင်ရောက်ရင်း တိုက်ခိုက် ကျော်နင်းသွားရသော ဘဝမျိုးစုံမှ ရောင်စုံပြန်၍ ဟပ်လာသော စာပေမှာ သာ၍ မြတ်နိုးဖွယ် ဖြစ်၏။

လမ်းဆုံတွင် ဘယ်ဘက်ကို ချိုးသည်ဖြစ်စေ၊ ညာဘက်သို့ ချိုးသည် ဖြစ်စေ၊ အန္တရာယ်တို့သည် နှစ်ဖက်လုံးတွင် စောင့်လင့်နေ၏။

ကလောင်၏ ညာဘက်လမ်းတွင်လည်း ငွေအတွက် ငွေ ငွေ ငွေကို ဆာလောင်မွတ်သိပ်ခြင်း ပြင်းစွာ စာရေးပါလျှင် တစ်နေ့တွင် ကလောင်မှာ ငွေဝယ်ကျွန်ဘဝသို့ ဆိုက်ရောက်ပေမည်။

ဘယ်ဘက်ကို ချိုးကြဦးစို့။ ငွေကို လုံးဝ ပဓာနမထားဘဲ စာပေကိုသာ ဦးစားပေး၍ ရေးမည် ဆိုပါလျှင် နောက်ဆုံး ငတ်မွတ်ခေါင်းပါးသော အခါ ဘယ်ပုထုဇဉ်သည် ဤဒုက္ခကို ကြံ့ကြံ့ခံနိုင်ပါမည်နည်း။ တစ်နေ့သောအခါတွင် ငွေအတွက်ပင် ဦးညွှတ်ရပေဦးတော့မည်။

ခေါင်းမာလှသော နောင်တော့် နောင်တော်များသည်ပင်လျှင် ငွေ၏

mgyoe.com

mgyoe.com


ခြေရင်းတွင် ဦးညွှတ်ကြရရှာလေပြီ။

ထိုအန္တရာယ်တို့ကြားမှ မြတ်နိုးဖွယ်ကောင်းသော ကလောင်ကို အဘယ်ကဲ့သို့ ကယ်တင်ရပါမည်နည်း။

ကလောင်နှင့် နေရသည်မှာ ပျော်၏။ ကလောင်သည် ရေးသူနှင့် ဖတ်သူတို့အတွက် ချမ်းမြေ့နှစ်သိမ့်ဖွယ် စာပေများကို ပေါက်ဖွားပေ၏။ စာပေနှင့်သာ အစဉ်နေရလျှင်တော့ စိတ်သည် ချမ်းမြေ့ပေမည်။ စာပေသည် မိုးတစ်ဖြိုက်ကိုလည်း ဖန်ဆင်း၏။ မိုးအကျတွင် မြက်တို့လည်း စိမ်းလန်း၍ ပန်းပွင့်တို့လည်း အိပ်ရာမှ နိုးကြပြီ။ ရွှေဝါဖူးတို့သည် မိုးစက်နှင့် အတွေ့တွင် ဝတ်လွှာများကို ဖြန့်ခြံကြပေတော့မည်။ ဤပန်းမွှေ့ရာတို့ထက်တွင် အိပ်စက်နားနေချင်လှပါ၏။ မွှေး၍ အေးသော လေကို ရှူချင်ပါ၏။ မိုးကို သီသော ငှက်ငယ်၏ သဘာဝတေးကိုလည်း နားထောင်လိုပါ၏။ ရာသီမိခင်၏ ရင်ခွင်ထက်တွင် တစ်ရေးဖြင့် အိပ်စက် နားနေလိုပါ၏။

သို့သော် ထိုအတွေးများသည် စာပေ၏ အိပ်မက်များပါကလား။ တကယ်တော့လည်း တကယ့် ကိုယ်တွေ့သည် အတွေးလောက် နူးညံ့သိမ်မွေ့မှုကား မရှိ။ တစ်နေ့ထက်တစ်နေ့ ကြာညောင်း၍ ဘဝကို တိုးဝင်တိုင်း ကြမ်းတမ်းခက်တရော်လှ၏။ ချီးမွမ်းသံ၊ ကဲ့ရဲ့သံ၊ ပကာသနသံ၊ မာနသံ၊ ဒေါသသံ၊ မောဟသံ၊ ကြေးသံ၊ ဂုဏ်သံ၊ ထိုအသံတို့ကြားဖို့ တိုးဝှေ့ဝင်ရောက်ရဦးမည်ပါတကား။

စာအုပ်ကို ပြန်ကောက်ရပေဦးမည်။

* * *

"ဘာကြောင့် ဝတ္ထုများ မရေးပါသလဲ"

ဟူ၍ စာဖြင့် ရေးသား မေးမြန်းကြသော 'မြဝတီ' ၏ ပရိသတ်များသို့ ဤဆောင်းပါးဖြင့် ပြန်ကြားပါသည်။"

မြဝတီမဂ္ဂဇင်း။

■

mgyoe.com

mgyoe.com



## စာပေနှင့်ကုန်သည်

ယခုတစ်လော စာအုပ်များ ထုတ်ဝေဖြန့်ချိခြင်းနှင့် ပတ်သက်၍ ပြဿနာအမျိုးမျိုး ပေါ်လာသည်နှင့်အမျှ စာအုပ်ရေထုတ်လုပ်မှုလည်း များလာသည်။ ထုတ်ဝေသူလည်း ပေါလာသည်။ စာဖတ်သူများလည်း အရေအတွက် တိုးတက်လာလေသည်။ စာရေးသူတို့သည်လည်း အတော်ရေးသား၍ လာကြလေသည်။

စာရေးဆရာကြီး ဗန်းမော်တင်အောင် ရေးခဲ့သော ဆောင်းပါးလိုပင် လိုင်စင်ခေတ်မကောင်းတော့၍ ငွေကို လည်ပတ်တိုးပွားအောင် လုပ်လိုသော ငွေရှင်ကုန်သည်များသည်လည်း စာအုပ်ထုတ်ဝေရေး လောကသို့ ဝင်ရောက်လာကြ၏။

ကျွန်မသည် တစ်နေ့က မမျှော်လင့်သော စာတစ်စောင်ကို ဖတ်လိုက်ရ၏။

**“ဒေါ်ခင်ယုခင်များ။**

ချိန်းထားသော နေ့ရက်တွင် ငွေပေးဖို့ ပျက်ကွက်သည့်အတွက် ခွင့်လွှတ်စေလိုပါသည်။ ကျွန်တော်တို့တွင် မိုးတွင်းထုတ်ဝေဖို့အတွက် စာရေးသူတချို့ကို ငွေကြိုတင်ပေးထားရ၍ တိုက်တွင် ငွေမလည်ဘဲ ငွေမြုပ်နေပါသည်”

mgyoe.com

mgyoe.com


စာမှာ အရှည်ကြီး ဖြစ်သော်လည်း ထိုအပိုဒ်လောက်သာ ကျွန်မ စိတ်ကို လှုပ်ရှားစေ၍ ထိုမျှသာ ဖော်ပြပါသည်။ ကျွန်မသည် ထိုစာကို ဖတ်ရင်း စိတ်ထဲမှ ပြုံးလည်း ပြုံးမိ၏။ အံ့လည်း အံ့သြသွားမိသည်။

တစ်ညနေက အိမ်ရှိ မာလီကြီးမြေးနှင့် စကားလက်ဆုံကျရာတွင် သူက သူ့အဖေအကြောင်း ပြောပြပါသည်။

"အဖေ့လယ်က စပါးတော့ ထွက်ပါတယ်။ ဒါပေမင့်၊ လက်ထဲမဝင် ခင်ကတည်းက မိုးတွင်းစာ မီးဖိုအတွက်ရော၊ လယ်အတွက်ပစ္စည်းတွေကို ရော၊ အိမ်အတွက် အသုံးလိုသမျှကိုရော၊ ရွာက ကုန်စုံဆိုင်က ယူရတယ်။ ပြီးတော့ ငွေလိုရင်လည်း မိုးတွင်းစာအတွက် သူတို့ဆီကပဲ ငွေယူထားရ တယ်။ စပါးပြန်ပေါ်တော့ အဲဒီပစ္စည်းဖိုးတွေရော၊ ငွေအတွက်ရော၊ စပါးနဲ့ ပြန်ချေရတယ်။ ပြန်ချေတဲ့အခါမှာ ငွေတစ်ရာကို အတိုးက လေးဆယ်နှုန်း ပေးရတော့ ထွက်တဲ့ စပါးနဲ့၊ ကြွေးရှင်းရတာနဲ့၊ စပါးပေါ်ချိန်ကျတော့ အဖေတို့မှာ ဝမ်းစာလောက်ပဲ ကျန်တော့တယ်။ အဲဒီတော့ တစ်ခါ မိုးဦးကျ ခါနီးကျရင် ဒီကုန်စုံဆိုင်က ပစ္စည်းယူ၊ ငွေယူရပြန်ရော၊ တစ်နှစ်တစ်နှစ် အဲဒါနဲ့ လည်နေတာပဲ"

ကျွန်မသည် ထိုသူငယ်ကလေး ပြောစဉ်က၊ လေးဆယ်ရာခိုင်နှုန်း အတိုးငွေနှင့် တလည်လည် ဖြစ်နေသော ထိုသူငယ်ဖခင်အတွက် ဘယ်လို ပြဿနာ ပြေလည်အောင် လုပ်သင့်သလဲဟု တွေးမိ၏။ လေးဆယ်ရာခိုင် နှုန်း အတိုး ဟူသည်မှာ ကြောက်မက်ဖွယ်ရာကြီးပင်တည်း။ ထိုအတွေးကိုမှ လက်စမသတ်နိုင်သေးခင် အထက်ဖော်ပြပါ စာကို ထုတ်ဝေသူ တစ်ယောက် ထံမှ ဖတ်ရသောအခါ စိတ်အတော် ထိခိုက်သွားလေသည်။

လယ်ရှင်နှင့် ငွေရှင်များသည် စပါးပေါ်ချိန်တွင် စပါးရရှိရေး အတွက် မိုးဦးတွင် စပါးပေးနှင့် ငွေမြှုပ်နှံကြပေသည်။ လယ်သမားတို့ သည်လည်း သူတို့၏ စပါးများ မည်မျှထွက်မည်ဟု မသိရှိ၊ မခန့်မှန်းနိုင် ခင်ကပင် ငွေရှင်ထံသို့ ရောင်းချထားကြရသည်။ ယခုလည်း ထုတ်ဝေသူထံ က စာက...

"မိုးတွင်းအတွက် စာအုပ်ထုတ်ဝေနိုင်ဖို့ စာရေးဆရာတချို့ကို ငွေ ကြိုတင်ပေး၊ မြှုပ်နှံထားရပါသောကြောင့်" ဟူ၍ ဖော်ပြထားသောအခါ

mgyoe.com

mgyoe.com


ကျွန်မ စိတ်အတော် ထိခိုက်သွားမိလေသည်။ ကျွန်မနှင့် ရေးဖော်ရေးဖက်တို့သည် ကုန်သည်၊ ငွေရှင်ကြီးများက ဝယ်ယူထားကြ၏။ ကုန်သည်တို့သည် ဂိုဒေါင်တွင် လိုင်စင်နှင့် မှာယူရောက်ရှိသော ကုန်ပစ္စည်းကို သိုလှောင်သလို မိုးဦးအတွက် စာအုပ်များကို ကြိုတင်ငွေမြှုပ်နှံကာ သိုလှောင်ထားကြပါပကော။ မိုးတွင်းရောက်လျှင် ကုန်ပစ္စည်းလို ချရောင်းကြမည်။ စာရေးသူတို့ကရော ဤမိုးတွင်းတွင် သူတို့ ဦးနှောက်မှ စာအုပ် ဘယ်လောက် ထွက်မည်ဟု သူတို့ ခန့်မှန်း၍ ရလေသလော၊ လယ်သမားကြီးကမှ ပင်ထောင်ရောင်းချဖို့ဖြစ်စေ၊ ကြိုတင်ယူထားသော အကြွေးအတွက်ဖြစ်ပေစေ၊ မိမိတို့ စပါးအထွက်ကို နှစ်ဝက်လောက်တွင် ခန့်မှန်းနိုင်၏။ ကျွန်မတို့ စာရေးဆရာတို့သည် ဘယ်ဥတုတွင် ဘယ်လောက် စာရေးနိုင်မည်ဟု ခန့်မှန်း၍ ရပါသလော။

ကျွန်မသည် စဉ်းစားရင်း အတော်ဆွေး၍သွား၏။ လယ်သမားအကြောင်း စာရေးကြဖို့ တချို့ စာရေးဆရာများ စိုင်းပြင်းနေချိန်တွင် ကျွန်မကတော့ မရေးချင်ပေ။ လယ်သမားအကြောင်း ရေးမည့် စာရေးဆရာတို့၏ ပြဿနာကို ကျွန်မက ဦးစားပေးစဉ်းစားမိ၏။

ထုတ်ဝေသူအမျိုးမျိုး ရှိကြသည့်အနက် ကုန်သည်လောကမှ လာကြသော ထုတ်ဝေသူတို့သည် ကုန်သည်ဆန်ကြ၏။

ကျွန်မ၏ ပထမဆုံး မဂ္ဂဇင်းဝတ္ထုရှည် ရေးစဉ်က ကုန်သည်ဆန်သော ထုတ်ဝေသူ တစ်ယောက်နှင့် တွေ့ခဲ့ရ၏။ ထိုဝတ္ထုမှာ "နွေနှောင်းရွက်ကျန်" ဖြစ်လေသည်။ လုံးချင်းထုတ်ဝေရန် ဆရာတက်တိုးထံကပင် အမှာစာ တောင်းယူကာ ထုတ်ဝေသူသို့ ပေးထားခဲ့၏။ သူ့ထံမှ ငွေမတောင်း၊ ကျွန်မအား သင့်လျော်သော ရေဒီယိုတစ်လုံး ဝယ်ပေးရန်သာ တောင်းဆိုခဲ့သည်။ ရေဒီယိုကိုပင် "ဘယ်လောက်တန်" ဟူ၍ တန်ဖိုးကို မဖော်ပြပေ။

သို့သော် သူ့ထံမှ ကျွန်မစာအုပ်သည် ထွက်မလာခဲ့ပေ။ တစ်လတစ်လနှင့် နီးစပ်သူ တစ်ယောက်နှင့် စုံစမ်းကြည့်သောအခါတွင်မူ သူတို့သည် ကုန်သည်တွက် တွက်နေကြသည်။ ကျွန်မ၏ ပထမဆုံး စာအုပ်ဖြစ်၍ ကလောင်သစ်အဖြစ်နှင့် ထွက်ရချိန်တွင် စာအုပ်ရောင်းရပါမည်လား၊ ကျွန်မ တောင်းဆိုသော ရေဒီယိုနှင့် စာအုပ်ထုတ်ဝေရေးအတွက် ငွေရင်း

mgyoe.com

mgyoe.com


စိုက်မှုတို့အပေါ်တွင် အကျိုးအမြတ်ခံစားခွင့် ရှိပါမည်လား (ငွေတိုးတွက် ကိုက် မကိုက်) တွက်နေကြခြင်းကြောင့် ကြန့်ကြာနေသည်ဟု သိရသည်။

ကျွန်မသည် ထိုသူတို့ထံမှ ထို၀တ္ထုရှည်ကို ပြန်လည်တောင်းယူကာ ဦးသန်းဆွေမှ တစ်ဆင့် ရှုမ၀မဂ္ဂဇင်းသို့ ပေးလိုက်၏။

ပထမ ထုတ်ဝေလိုသူမှာ ကံဆိုးရှာ၍ ကျွန်မသည် ကံကောင်းသွား၏။ ရှုမ၀တွင် ပါလာသော ထို "နွေနှောင်းရွက်ကျန်" ၀တ္ထုနှင့်ပင် ကျွန်မ သည် မဂ္ဂဇင်း၀တ္ထုရှည်စင်ပေါ်သို့ တစ်မုဟုတ်ချင်း ရောက်ခဲ့ရသည်။ ထို ပထမ ထုတ်ဝေသူကို ရည်စူး၍ စာရေး ဖြစ်ခဲ့သောကြောင့် ထိုသူကိုမူ ကျွန်မ ယခုထိ ကျေးဇူးတင် သတိရလျက် ရှိပါသည်။

မနှစ်ကလည်း ထုတ်ဝေသူ တစ်ယောက်မှာ ကျွန်မနှင့် လာရောက် စကားပြောစဉ်တွင် သူ့တွင် ငွေရင်းမည်မျှရှိ၍ စာအုပ်ဘယ်လောက် ထုတ် ဝေနေသည်တော့ မပြောတတ်ပေ။ စကားပြောပုံမှာ...

"မုန့်ဆီကြော်၊ ပဲကြော်၊ ဘူးသီးကြော်၊ အကြော်စုံပါတယ်၊ တစ်ခုမှ ငါးပြားရယ်" ဟူသော အကြော်သည်သံ ပေါက်နေပေ၏။ သူသည် စာအုပ် များကို ကုန်ထုတ်လုပ်သလို ထုတ်မည်။ ဘယ်စာရေးဆရာကို ငွေဘယ် လောက်ပေးထား၍ အိတ်ထဲ ထည့်ထားသော လေသံမျိုးနှင့် ပြောလာ၏။ ကျွန်မကိုတော့ ဘယ်လိုမှ သူ့စကားများမှာ မထိခိုက်ပါပေ။ သို့သော် ကျွန်မ၏ ရေးဖော်ရေးဖက်များအပေါ်တွင် လည်းကောင်း၊ ရေးသော စာအုပ်များအပေါ်တွင် လည်းကောင်း၊ "မုန့်ဆီကြော်" သာသာ ပြောသွား သောအခါ ကျွန်မ အလိုလို ခံပြင်းသွား၏။ စိတ်ထဲတွင် အခံရခက်လာ၏။ သူ့အား ဘယ်လိုမှ ပြန်မပြောပါသော်လည်း သူ့ကိုမူ ကျွန်မ စာအုပ် ရေး၍ မပေးတော့ပေ။

တချို့သော ထုတ်ဝေသူတို့သည် စာပေစိတ်မရှိ၊ ငွေကို အကြောင်း ပြု၍ ကျွန်မတို့အား ဆက်ဆံနေသည်ကို သိရသောအခါတွင်မူ ကျွန်မ စိတ်ထဲတွင် နာကြည်းမိ၏။ တချို့ ထုတ်ဝေသူတို့ကမူ စာပေစိတ်၊ အနု ပညာ၏သဘော၊ အသည်းနှလုံးအကြောင်း နားလည်ကြဟန် ရှိပေသည်။ ထိုသူများအနေနှင့် တောင်းခံလျှင်မူ ပိုက်ဆံတစ်ပြားမှ မယူဘဲ စာမူကိုပေး လျှင် ပေးရပါစေ၊ စေတနာရှိပေသည်။ ထို "မာန်" မှာ စာရေးဆရာတို့တွင်

mgyoe.com

mgyoe.com


ပါလေ့ပါထရှိသော "မာန်" လား မသိပါပေ။

တစ်နှစ်ကပင် ရုပ်ရှင်ထုတ်လုပ်သူ တစ်ယောက်က ကျွန်မ ဝတ္ထု တစ်ပုဒ် လာဝယ်ရင်း စကားစပ်မိစပ်ရာ ပြောကြသည်။ သူသည် တခြား စာရေးဆရာ တစ်ယောက်ထံမှ ဝတ္ထုယူ၍ ရုပ်ရှင်ရိုက်နေဆဲ ဖြစ်၏။

"အလကားပါဗျာ... ဒီစာရေးဆရာဆိုတဲ့ လူတွေကို အထင်မကြီးပါ ဘူး။ အခုရိုက်နေတဲ့ ဇာတ်လမ်းကလည်း တော်စတွိုင်းရဲ့ စစ်နဲ့ ငြိမ်းချမ်း ရေး ဝတ္ထုက နည်းနည်းကူးချ၊ ဟိုကဖြည့် ဒီကဖြည့်နဲ့ ရုပ်ရှင်ဇာတ်လမ်း ဖြစ်အောင် လုပ်ထားတာ၊ ကျုပ်တို့ကလည်း ဇာတ်လမ်းကောင်းမယ် ထင် ရင် ခေါ် ငွေပေးပြီး ဟိုဟာဒီဟာ နည်းနည်း တိရိပြီး ရိုက်လိုက်တာပဲ"

သူသည် အတော် ပေါ့ပေါ့ဆဆပင် ပြောနေ၏။ ကျွန်မသည် သူ ပြောသော စာရေးဆရာကို သိ၏။ ခမျာ သူ့အပေါ်တွင် ရုပ်ရှင်ထုတ်လုပ်သူ က ထိုမျှ အထင်သေးသည်ကို သိရလျှင် မည်မျှ ရင်ကွဲရှာမည်နည်း။ အမှန် စင်စစ် ရုပ်ရှင်ထုတ်လုပ်သူက စဉ်းစားသင့်သည်။ တော်စတွိုင်းဆီကပင် ခိုးခိုး၊ ကုလားဇာတ်ကားမှပင် ကူးချချ၊ ဤဇာတ်ကားမှာ စွံသွား၍ အကျိုး အမြတ် ခံစားရပါလျှင် စာရေးသူမှာ အလွန်နာမည်ကြီးပါမှ ငါးထောင် အပြည့်ကို အမှန်အကန် ရရှိသည်။ (အမှန်အကန်ဆိုရာ၌ တချို့ နာမည်မရ သေး၊ မျက်နှာငယ်သေးသည့် စာရေးဆရာတချို့မှာ စာချုပ်တွင် ငါးထောင် ရပါသည်ဟု ချုပ်ဆို၍ တကယ်တွင် သုံးထောင်၊ နှစ်ထောင်လောက်သာ ရသည်ဟု သိရသည်) နောက်ပိုင်း အကျိုးခံစားခွင့်အားလုံးမှာ ကုမ္ပဏီ ပိုင်ရှင်ကသာ တစိမ့်စိမ့် ခံစားရပေသည်။

ကျွန်မနာမည်တက်စက ရေး၍ ပထမဆုံး ရုပ်ရှင်အဖြစ် ရောင်းချရ သော နဂါးငွေ့တန်း ဝတ္ထုပင်လျှင် (ညဥ့်ပန်းချီရုပ်ရှင်) အဖြစ် ကျွန်မကသာ မကျေမနပ်နှင့် မအောင်မြင်ဘူးဟု ထင်သည်။ တစ်နေ့က ရိုက်ကူးသူ ဒါရိုက်တာနှင့် စကားဆုံမိသောအခါတွင်မူ "မခင်ယုကသာ မအောင်မြင် ဘူး ထင်နေတာ၊ အဲဒီကုမ္ပဏီ ပျက်သာသွားရော သူတို့ ဒီကားကရတဲ့ ငွေနဲ့ ခုထိ ထိုင်စားနေနိုင်တာ" ဟု ပြောပြပါသည်။

ကျွန်မဆန္ဒမှာမူ ဘယ်လိုပင်ဖြစ်ဖြစ် စာရေးဆရာ၊ ထုတ်ဝေသူ၊ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာများမှာ အနုပညာ အခြေခံ၍ အသက်မွေး

mgyoe.com

mgyoe.com


ကြသူများသာတည်း။ တစ်ဦးနှင့် တစ်ဦးလည်း အကျိုးပြု ဆက်သွယ်နေကြသည်။

"အနုပညာတွင် သစ္စာတရား" ရှိသည်။ အနုပညာနှင့် ဆက်သွယ်၍ လုပ်ကိုင်နေသူ ဟူသမျှတွင် တစ်ဦးနှင့် တစ်ဦး စေတနာ ဟူသော တရားကို အခြေခံ၍ ဆက်ဆံသွားလျှင် နှစ်ဦးနှစ်ဖက်လုံးတွင် အကျိုးရှိသည်ဟု ကျွန်မ ထင်သည်။

ငွေရှင်ကလည်း "ငါ့မှာ ငွေရှိသည်၊ ဒီအနုပညာသမား ဆိုတာတွေ ငွေနဲ့ ကိုင်ပေါက်ရင် အားလုံး ခိုင်းလို့ရတယ်" ဟူသော အယူအဆနှင့် ဆက်ဆံလျှင် ခဏပန်း အောင်မြင်ချင် အောင်မြင်မည်။ အနုပညာ၏ သစ္စာတရားသည် ထိုငွေရှင်အား မကြာခင် ဒဏ်ခတ်တတ်ပေသည်။

အနုပညာသမား (စာရေးဆရာ၊ ဒါရိုက်တာ၊ ဇာတ်လိုက်၊ သီချင်းရေးဆရာ အစရှိသော အားလုံးကို ဆိုလိုပါသည်) များတွင် သာ၍ ဆိုးသည်။ စေတနာဆိုတာလေး မပါဘဲ ငွေကိုသာ အကြောင်းပြုလိုက်သည့် တစ်ပြိုင်နက် ကျဆုံးသွားတတ်ခြင်းမှာ မြန်ဆန်လှပေသည်။ ထို့ကြောင့်ပင် အနုပညာတွင် သစ္စာတရားရှိသည်ဟု ကျွန်မ ဆိုလိုခြင်း ဖြစ်ပေသည်။

ခြင်္သေ့သည် ယုန်သူငယ်ကိုပင် ဖမ်းဖမ်း၊ ဆင်ပြောင်ကြီးကိုပင် ဖမ်းဖမ်း၊ သူ၏ ခွန်အားကို ထုတ်ရာ၌ အစွမ်းကုန် တညီတည်းသော အားကို အသုံးချ၍ ဖမ်းဆီး၏။ ကျွန်မတို့ စာရေးဆရာ အနုပညာသမားများတွင်လည်း ဘယ်စာရေးရေး၊ ဘယ်ဇာတ်ကိုပင် ကက၊ ခြင်္သေ့စွမ်းအား ထုတ်သလိုပင် တညီတည်းသော အားကို အစွမ်းကုန် အသုံးချရမြဲသာတည်း။ မျက်နှာလိုက်၊ ဘက်လိုက်၍ အတိုးအလျှော့ လုပ်လာလျှင် ကျဆုံးမှု မြန်ဆန်တတ်လေသည်။

ယခုလည်း ရုပ်ရှင်ထုတ်လုပ်သူက ကျွန်မမိတ်ဆွေ စာရေးဆရာ အပေါ်တွင် ငွေရှင်ဆန်ဆန် ပြောဆိုနေပြန်လေသည်။ ကျွန်မသည် လူကသာ လူ့ဝတ္တရားအတိုင်း ထိုင်သာ နားထောင်နေရသည်။ စိတ်ထဲကတော့ အတော် ခံပြင်းလာသည်။ ကျွန်မသာ မိန်းကလေးမဟုတ်ဘဲ ယောကျ်ားလေး တစ်ယောက်သာ ဆိုလျှင်တော့ တစ်ခုခု ပြုမိမည်လား မသိပေ။ သူကပင် တစ်ခါ စကားဆက်၍-

mgyoe.com

mgyoe.com


"ဒေါ်ခင်ယု… အချိန်ပေးပါလေ၊ ကျွန်တော်တို့ (…) အဲဒီ ကုလားဘိုင်စကုတ် သွားကြည့်ရအောင်၊ ပြီးတော့ အဲဒီဇာတ်လမ်းကို ဒေါ်ခင်ယု စကားလုံးသွင်းပြီး ဝတ္ထုဖြစ်အောင် ရေးပေးပါ။ ကျွန်တော်တို့ ကုမ္ပဏီက ဝယ်ပြီး ရုပ်ရှင်ရိုက်ချင်လို့"

လာလာချည်သေး၊ ကျွန်မရှေ့တွင်ပင် ရေးဖော်ရေးဖက် စာရေးဆရာ တစ်ယောက်အား စော်ကားရုံမက၊ ကျွန်မကိုလည်း ငွေပေးခိုင်းလျှင်ရသည် ဟူသော အချိုးမျိုး ချိုးလာပြန်သည်။ ကွယ်ရာရောက်လျှင် သူ ပြောဦးမည်။

"အလကားပါဗျာ၊ ကုလားဘိုင်စကုတ်ကို သူတို့ ငွေပေးပြီး စကားလုံးသွင်း ရိုက်လိုက်တာပါပဲ။ ခုနေခါ သူတို့နာမည်ပါရင် ရုပ်ရှင်ဈေးကွက်မှာ ကောင်းတယ်မို့လား" ဟူသော ကုန်သည်စကားကို ပြောမည် သေချာသည်။ အဘယ်ကြောင့်ဆိုသော် ဟိုစာရေးဆရာ တစ်ယောက် အကြောင်းကိုပင် ကျွန်မရှေ့တွင် ခပ်ပေါပေါ ပြောသွားသော သူတစ်ယောက်သည် ကျွန်မအကြောင်းကိုရော ကွယ်ရာတွင် မပြောဘဲနေမည် မဟုတ်ပေ။ ကျွန်မသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း သူ့ကို စကားပြန်ပြောရ၏။

"စိတ်မရှိပါနဲ့… ကျွန်မ ကိုယ်ပိုင်စိတ်ကူးနဲ့ ရေးတဲ့ ဝတ္ထုတွေမှာတောင် စိတ်ဝင်စားမှုမရှိလာရင် စာရေးလို့မရဘူး၊ ခုဟာက သူများဝတ္ထု၊ သူများ စိတ်ကူးနဲ့ ရေးထားတာကို ကျွန်မ စကားလုံးသွင်းရမယ်ဆိုတော့ ကျွန်မ အဲဒါမျိုး မလုပ်တတ်ဘူး၊ ရုပ်ရှင်ဇာတ်ညွှန်းတောင် ကျွန်မ တမင် မရေးဘူး။ ရေးတတ်အောင်လည်း မကျင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ စာရေးဟန် ပျက်သွားမှာစိုးလို့" သူသည် စိတ်ကျေနပ်ဟန် မရှိပေ။

"ဘာလဲ ဒေါ်ခင်ယုအဖို့က ငွေမလိုဘူးပေါ့လေ၊ ခြံနဲ့ဝင်းနဲ့ တိုက်နဲ့ ဖြစ်နေတော့ ငွေမလိုဘူးပေါ့…၊ ဒီတော့ ဒီလိုဟာတွေ မရေးချင်ဘူးပေါ့"

သူကတော့ ရိုးရိုးသားသား ပြောလေသလား မသိ၊ ကျွန်မ နားထဲတွင်တော့ ငွေ… ငွေ… ဟူသော ကုန်သည်ဆန်ဆန် ထိုသူ ပြောပုံများကို နည်းနည်းမှ မကျေနပ်ပေ။ ကျွန်မနှင့် သူသည် ရုပ်ရှင်လုပ်ငန်းအတွက် ဆွေးနွေးခြင်း ရပ်စဲသွားတော့သည်။

mgyoe.com

mgyoe.com


ပြားခြောက်ဆယ် ခေတ်စားစဉ်က ထုတ်ဝေသူ တစ်ယောက်ကမူ...

"ဒေါ်ခင်ယု စာမူကို ဟိုတိုက်ပေး၊ ဒီတိုက်ပေး မပေးပါနဲ့၊ ကျွန်တော်တို့ တစ်တိုက်တည်းက ထုတ်ဝေသွားပါရစေ"

သူတို့သည်လည်း ကုန်သည်လောကမှ ထွက်လာသူတို့တည်း။ စာပေကို လက်ဝါးကြီးအုပ် တစ်ဦးတည်းပိုင် လုပ်ချင်ဟန် ရှိပေသည်။

"ဒီလိုတော့ မလုပ်ပါနဲ့၊ ရွှင်ကြည်ကြည်ကိုတောင် ကျွန်မ ကျေးဇူးရှင်လည်း ဖြစ်တယ်၊ ရေးပြီးခဲ့တဲ့ မဂ္ဂဇင်းဝတ္ထုရှည်ဟူသမျှ ရွှင်ကြည်ကြည်ကို ပေးမယ်လို့ ကတိရှိလို့ပဲ၊ ဒီလို တစ်ဦးတည်း ဆက်ဆံပြီး ထုတ်ဝေသွားတာတော့ ကျွန်မ မလုပ်ချင်ဘူး" ဟူ၍ တောင်းပန်လိုက်ရ၏။

ထိုကုန်သည်ဆန်သော ထုတ်ဝေသူ တချို့အား ဘယ်လိုလုပ်၍ စာပေ ဟူသည့် အကြောင်းကို နားလည်အောင် ဖြေရှင်းပြောပြရပါမည်နည်း။ အသည်းနှလုံး၊ ဦးနှောက်တို့ မည်သည်မှာ စက်မှုလက်မှု ပစ္စည်းတို့ကဲ့သို့ လည်းကောင်း၊ ငါးပိ၊ ငါးခြောက်တို့ကဲ့သို့ လည်းကောင်း၊ ထုတ်လုပ်ချင်တိုင်း ထုတ်လုပ်၍ မရကြောင်း၊ ဂိုဒေါင်တွင် ကုန်လှောင်၍ထားသလို မရကြောင်း၊ ငွေထုပ်ပိုက်၍ အနားတွင် စောင့်နေသော်လည်း ခေါင်းထဲမှ စာများက တစ်လုံးတလေပင် ထွက်လာဖို့ ခဲယဉ်းကြောင်း၊ ပိုက်ဆံတစ်ပြားမှ ထုတ်မည့်သူမရှိသည့်အချိန် ဖြစ်သော်လည်း စာများက ရေစီးသလို အသည်းနှလုံးမှ စီးယိုထွက်လာတတ်ကြောင်းကို သူတို့ နားလည်အောင် ဘယ်လိုလုပ်၍ ပြောပြရပါမည်နည်း။

စာပေကို မြတ်နိုး၍ ထုတ်ဝေသော ထုတ်ဝေသူ တချို့ကျတော့လည်း သနားစရာပင်တည်း။

"ကျွန်တော်တို့မှာ ကိုယ်ပိုင်စက်က မရှိ၊ ငွေရင်းကလည်းနည်း၊ ကျွန်တော်တို့လေးစားတဲ့ စာရေးဆရာနဲ့ စာအုပ်ထုတ်လုပ်နေရင်းက အရှိန်လေးလည်း ရလာရော ဟော... ငွေရင်းများတဲ့ (ကုန်သည်ထုတ်ဝေသူ) သူတွေက ငွေကြိုတင်ပေးထား၊ ချုပ်ကိုင်ထားတာနဲ့ ကျွန်တော်တို့ စာမူ မရနိုင်ပြန်ဘူး၊ အဲဒါနဲ့ အရှိန်သေပြီး ခုတော့ ကျွန်တော်တို့လို ငွေရင်းနည်းတဲ့သူတွေ တစ်စတစ်စ နစ်ရတော့မယ် ထင်ပါရဲ့"

သူတို့ ညည်းညူသံ ကြားတော့လည်း ငါးသမဝါယမ၊ အထည်

mgyoe.com

mgyoe.com


သမဝါယမတို့လို အရင်းရှင်ဆန်၊ ကုန်သည်ဆန်သော ထုတ်ဝေသူတို့အား ရင်ဆိုင်ဖို့ စာအုပ်ထုတ်ဝေရေး သမဝါယမပင် လုပ်ရတော့မည့်အခြေ ဖြစ်နေပြန်တော့သည်။

ဒီကြားထဲ ရေဒီယိုမှ ကျွန်မ ရေးသော "သခွတ်ပန်း" ဝတ္ထုစာအုပ် အပါအဝင် စာအုပ်များကို တခြား ရာပန်းဆီတို့၊ နွယ်သာကီသွေးဆေး၊ ဘရာစီယာတို့နှင့်အတူ အော်ဟစ်ကြော်ငြာ၍ ရောင်းချနေပြန်တော့လည်း ကိုယ့်ဟာကိုယ် ရယ်ချင်သလိုလို၊ ရှူးချင်သလိုလို ဖြစ်မိ၏။

ဩော်... ဤလောကတွင် အသည်းနှလုံးနှင့် ဦးနှောက်တို့အကြောင်း ကို ထိုသူတို့ သဘောမပေါက်ကြသေး၊ ထိုသဘောမပေါက်သေးသမျှ ကာလပတ်လုံး စာရေးဆရာတို့ ပြဿနာသည်လည်း ရှင်းလင်းအံ့ မထင် ပေ။

သို့သော် ကိုယ့်ပြဿနာ ကိုယ်မရှင်းနိုင်သော ဤစာရေးဆရာတို့ သည် အခြားသော ပြဿနာတို့ကိုမူ တင်ပြရှင်းလင်းကာ သူတို့စာပေပေါ် တွင် ဆွေးနွေးဝေဖန်ကြရဦးမည်တကား။

ရှုမဝမဂ္ဂဇင်း၊ မတ်၊ ၁၉၆၃။

■

mgyoe.com

mgyoe.com


## အပယ်ခံပြဿနာ

မနှစ်က မိုးလယ်တွင် စာပေကလပ်မှ ကြီးမှူးပြုလုပ်သော စာရေးနည်းသင်တန်းမှ သင်တန်းဆင်းပွဲသို့ ကျွန်မ သွားရောက်ခဲ့၏။ သင်တန်းဆင်းပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပခြင်း မဟုတ်ပေ။ သင်တန်းသားများနှင့် သင်တန်းပေးသူဆရာများ ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သင်ကြားပြီးသော ဘာသာရပ်များအတွင်းမှ မရှင်းမလင်းသည်များကို ဆွေးနွေးကြခြင်း ဖြစ်၏။ ဦးယော၊ ဆရာဦးထင်ဖတ်၊ ဆရာဇော်ဂျီ၊ ဦးတင်အေးတို့နှင့် တကွ ဒဂုန်တာရာ၊ မြသန်းတင့်၊ ဂျာနယ်ကျော်မမလေးတို့နှင့် နာမည်ရပြီး စာရေးဆရာ အတော်များများ တက်ရောက်၏။

များသောအားဖြင့် သင်တန်းသားများ မေးခွန်းကို ဆရာကြီး ဦးယော၊ ဦးထင်ဖတ်နှင့် ဆရာဇော်ဂျီတို့က ဒိုင်ခံ၍ ဖြေဆိုပေသည်။ မေးခွန်းများကို တစ်ခုပြီး တစ်ခု ကြားလာရသောအခါတွင် အမေးခံရသော စာရေးဆရာကြီးများသည် စိတ်အနည်းငယ် ပျက်လာပုံရလေသည်။ ကျွန်မတို့သည် နားထောင်သမားများ ဖြစ်ကြ၏။

ဆရာများကလည်း သင်တန်းရက် အတောအတွင်း သင်ပြပြီးသည်များထဲမှ မရှင်းမလင်းသည်ကို မေးစေချင်ဟန် ရှိ၏။ သင်တန်းသားများကလည်း မေးခွန်းတစ်ခု နှစ်ခုမှလွဲ၍ ဆရာများ အလိုရှိသော မေးခွန်းကို မမေး၊ သူတို့ မေးသော မေးခွန်းများမှာ–

mgyoe.com

mgyoe.com


"စာရေးဆရာ ဘယ်လိုဖြစ်ရမလဲ"

"စာမူ အပယ်မခံရအောင် ဘယ်လိုလုပ်ရမလဲ"

ဟူသော မေးခွန်းများကိုသာ ထပ်ခါတလဲလဲ မေးကြ၏။ တချို့ မေးခွန်းများထဲတွင် သူတို့ စာမူများ အပယ်ခံရပုံ နာကြည်းဖွယ် ဇာတ်လမ်း အတိုချုပ်များကိုလည်း ကရုဏာဒေါသောနှင့် တင်ပြကြ၏။ ဆရာတို့က လည်း သူတို့ စိတ်ကျေနပ်အောင် တတ်အားသမျှတော့ အဖြေ ပေးကြရှာပါ ၏။ သို့သော် မေးစေချင်သူတို့၏ ဆန္ဒနှင့် ထွက်ပေါ်လာသော မေးခွန်းများ မတိုက်ဆိုင်သောအခါ ဆရာတို့ကို ကြည့်ရသည်မှာ အတော်ပင် ပင်ပန်း နွမ်းနယ်ဟန် ပေါက်လေသည်။

ကျွန်မသည် နားထောင်ရင်း စာရေးဆရာ ဖြစ်ချင်သူများ၏ စိတ် ဝေဒနာကို ကျွန်မကိုယ်တိုင် တစ်ခါ ခံစားခဲ့ရဖူးသည်ဖြစ်၍ သူတို့ အတွက် ကိုယ်ချင်းစာမိပါ၏။ သူတို့ ဖြစ်လိုသော ဆန္ဒအတွက်ကိုလည်း အပြစ် မတင်လိုပါပေ။ သို့သော် စာရေးဆရာဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဟူ သော မေးခွန်းမှာ အမေးလွယ်သလောက် အဖြေရခက်သည်ဟု ကျွန်မ ထင်ပါသည်။ ထိုနေ့က စာရေးဆရာကြီးများလည်း ထိုမေးခွန်းကို တိတိ ကျကျ မဖြေကြပေ။ ထို့ပြင်လည်း "ကျွန်တော်တို့ ရေးသော ဝတ္ထုများထဲမှ ကောင်းသည်ဟု ဆရာတို့ ယူဆပါလျှင် ယခု ထုတ်ဝေဆဲ ထင်ရှားနေသော မဂ္ဂဇင်းများတွင် ပါအောင် ထည့်ပေးမလား" ဟူသော မေးခွန်းကို ကျောင်း သား တစ်ယောက်က မေးလာ၍ ဆရာကြီးများ အတော် စိတ်ရှုပ်သွား၏။ သင်တန်းတက်သူတို့အဖို့ မိမိ၏ စာမူ အပယ်ခံရခြင်းမှာ အလွန်ကြီးသော "ပြဿနာ" တစ်ခု ဖြစ်နေဟန် တူပေသည်။ စင်စစ် သင်တန်းသားတို့သည် "စာရေးဆရာဘဝဆိုသည်မှာ လူ့ဘဝတစ်ခုပင် ဖြစ်သည်" ဟု ယူဆထား ပါက ထိုအပယ်ခံရခြင်းကို သူတို့ ပြဿနာ တစ်ခု ဟူ၍ သူတို့ ယူဆမည် မဟုတ်ပေ။

ကျွန်မတို့သည် ပုခက်တွင်းမှသည် ဂူတွင်းအထိ လျှောက်၍ သွား ကြရာတွင် ပန်းနှင့်လည်း အပေါက်ခံရ၏။ ကျောက်ခဲနှင့်လည်း အပေါက် ခံရ၏။ တစ်ခါတစ်ရံ အတန်းထဲတွင် ဆရာဒဏ်ပေး၍ တစ်တန်းလုံးက ဝိုင်းပယ်ခံရ၏။ အရွယ်ရောက်သော် တစ်မြို့လုံး ချီးကျူးချင် ချီးကျူးကြ

mgyoe.com

mgyoe.com


၏။ သို့သော် နောက်ဆုံးတွင်တော့ ကျွန်မတို့ အားလုံးသည် လူစုလူဝေးနှင့် ဂူတွင်းသို့ အပို့ခံရကာ အားလုံးက တစ်ယောက်တည်း စွန့်ပစ်၍ ထားခဲ့ခြင်းကို ခံကြရသည်သာ ဖြစ်၏။

မည်သူမှ ပုခက်တွင်းမှ ဂူတွင်းသို့သွားရာ လမ်းခရီးတွင် ပန်းကြဲသောလမ်းဝယ် ဝေါယာဉ်ကို အမြဲစီး၍ သွားကြရသည် မဟုတ်ပေ။

ထို့အတူ စာရေးဆရာဖြစ်အောင် ကြိုးစားကြရာတွင်လည်း အပယ်ခံရခြင်းသည် စာရေးဆရာတိုင်း မလွဲမသွေ တွေ့ကြုံသွားရမည့် မှတ်တိုင်ဖြစ်ပေရာ ထိုမှတ်တိုင်ကို တွေ့ရသည့်အတွက်လည်း စိတ်နှလုံးမသာ မဖြစ်သင့်ပေ။ ကရုဏာဒေါသောလည်း မဖြစ်သင့်ပေ။ ပယ်သူတို့ကိုလည်း အာဃာတထားနေ၍ မဖြစ်ပေ။

ကျွန်မစိတ်ထင်ဆိုလျှင် စာရေးဆရာဖြစ်ချင်သူသည် "ရေးရမည်က ကိုယ့်တာဝန်၊ ထည့်သည် မထည့်သည်က အယ်ဒီတာ၏ တာဝန် ဖြစ်သည်" ဟု ကျွန်မကိုယ်အတွက်မူ ကျွန်မသည် "ဒီမူ" အတိုင်းပင် စာများကို ရေးသားလာခဲ့လေသည်။ ကျွန်မ၏ အပယ်ခံရသော စာမူများကို ထိုနေ့က သင်တန်းသားများအား ကျွန်မ ပြသလိုစိတ် ပေါ်မိပေသည်။ မည်သည့် စာရေးဆရာမဆို အပယ်ခံအဆင့်မှ တက်လာရခြင်း ဖြစ်သည်ဟု ကျွန်မ ထင်ပေသည်။

အယ်ဒီတာ့ခေါင်းနှင့် စာရေးဆရာ ခေါင်းမှာ တူသည်ဟု ကျွန်မ မထင်ပေ။ ကျွန်မကို တစ်ခါတစ်ရံ မိတ်ဆွေများက အိမ်မှာ ထိုင်နေမယ့်အတူတူ မဂ္ဂဇင်းတိုက် တစ်ခုခုတွင် အယ်ဒီတာလုပ်ရန် ပြောကြသည်။ ကျွန်မသည် ကျွန်မခေါင်းအား အယ်ဒီတာလုပ်၍ ရလိမ့်မည်ဟု မထင်ပေ။ "ကျွန်မ အယ်ဒီတာ မလုပ်ဘူး" ဟူ၍ ဖြေဆိုခဲ့ပါသည်။ စင်စစ်တွင်လည်း ကလောင်ကို ကိုင်၍ စာရွက်ပေါ် ရေးနေကြတာချင်း တူကြသော်လည်း သတင်းစာဆရာ၊ အယ်ဒီတာ၊ ဝတ္ထုရေးသူ၊ နိုင်ငံရေး ဆောင်းပါးရှင်များနှင့် ဝေဖန်ရေးသမားများသည် တစ်ဦးနှင့်တစ်ဦး မတူကြပေ။ အယ်ဒီတာချင်း အတူတူပင် သတင်းစာ အယ်ဒီတာ၏ ဦးနှောက်နှင့် မဂ္ဂဇင်း အယ်ဒီတာ ဦးနှောက်ပင် မတူ ဟူ၍ ကျွန်မ ထင်ပေသည်။ ကျွန်မ ရင်တွင်းမှာမူ ကျွန်မ စာမူ အပယ်ခံရသောအခါတိုင်း "ငါက စာရေးဆရာ ဦးနှောက်နဲ့

mgyoe.com

mgyoe.com


ရေးတာ၊ တကယ်လို့ ဒီစာမူကို ငါသာ အယ်ဒီတာနေရာက ဖတ်ကြည့်ရင် ဒီလိုပဲ ပယ်မိမှာပဲ” ဟူ၍ ကျွန်မကိုယ်ကို ကျွန်မ ပြန်တွေးကြည့်ရလေ့ သည်။ ကလောင်နုသူတို့တွင် မဟုတ်၊ ကလောင်ရင့်သူတို့လည်း အပယ် ခံရသည်ကို သင်တန်းသားများ ဂရုပြုမိကြမည် မထင်ပေ။

အပယ်ခံရတိုင်း ကျွန်မတို့သည် ထိုဝေဒနာကို မေ့ပျောက်ပစ်ကာ ဆက်လက် ရေးသားသင့်သည်ဟု ကျွန်မ ထင်ပေသည်။ ကျွန်မတို့သည် များသောအားဖြင့် ချစ်ဦးသူနှင့် သော်လည်းကောင်း၊ ချစ်သောသူတို့နှင့် သော်လည်းကောင်း ခွဲခွာခဲ့ကြရဖူး၏။ ရှင်ကွဲလည်း ကွဲခဲ့သည်။ သေကွဲ လည်း ကွဲခဲ့ကြသည်။ ခွဲခွာစအခါက ထိုဝေဒနာမှာ ကမ္ဘာမီးလောင်သလို ပင် အသည်းနှလုံး ပူပန်ခဲ့ကြသည်။ သို့သော် နောက်တစ်ချိန် ဘဝတစ် ကွေ့တွင် ထိုအပူထက်မကသော စကြဝဠာ မီးကို တွေ့ကြရသောအခါ ကျွန်မတို့သည် ပထမမီး၏ ဒဏ်ရာကို နှလုံးသား တစ်နေရာတွင် မသိ မသာ မေ့ချန်ရစ်ရပေတော့သည်။ အမြဲသာ မကျေမချမ်း ဒေါမနဿတွေ သာ ဖြစ်နေရလျှင်တော့ ပုခက်တွင်းမှ ဂူတွင်းသို့ သွားနေရသော ကျွန်မတို့ ဇာတ်လမ်းများသည် အေးကွက် တစ်ကွက်မျှမရှိသော အပူတိုက် ဇာတ် လမ်းများ ဖြစ်ပေတော့မည်။ ကျွန်မတို့ ရေးသားသော ဝတ္ထုများ၏ ဇာတ် လမ်းဇာတ်ကွက် ရေးသားပုံ မကောင်း၍ အပယ်ခံရသည်မှာ တော်သေး သည်။ ကျွန်မ “ခင်နှင်းယု” အမည်နှင့် နာမည်မတက်ခင်က တွေ့ကြုံခဲ့ရ သော အဖြစ်အပျက် တစ်ခုကို ပြန်လည်၍ တင်ပြချင်ပေသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျွန်မ ဖဆပလတွင် လုပ်နေဆဲ ဖြစ် ၏။ ကိုချစ်လှိုင် (ယခု တော်လှန်ရေးကောင်စီ သတင်းစဉ် ဌာနတွင် လုပ် နေသူ) သည် ကျွန်မနှင့် စာပေဝါသနာချင်း တူကြသည်။ လူချင်းလည်း ခင်ပေသည်။ သူသည် စာပေအကြောင်း ခဏခဏ ဆွေးနွေးကြရင်းမှ ကျွန်မထံမှ စာမူတစ်ခု တောင်း၏။ (––––) အဲဒီမဂ္ဂဇင်းမှာ ထည့်ချင်လို့ပါ ဟူ၍ တဖွဖွ တောင်းသောကြောင့် “ကြိုးနီ” ဟူသော ဝတ္ထုတိုလေးကို ရေးပေးလိုက်၏။ ဖဆပလခေတ်သို့ ပြောင်းခဲ့သော်လည်း အတွင်းဝန်ရုံး တွင် ဗြိတိသျှ ကိုလိုနီခေတ်က စက်ယန္တရား မပြောင်းလဲသေးဘဲ “ကြိုးနီ” စနစ် တည်နေ ဆဲကို သရုပ်ဖော်ထားသော ဝတ္ထုတိုလေး ဖြစ်သည်။

mgyoe.com

mgyoe.com


နောက်တစ်ပတ်တွင် သူသည် ဒေါသဖြစ်လာဟန် မျက်နှာကြီး နီ၍ ကျွန်မအား လာတွေ့၏။

"ကျွန်တော် စိတ်ပျက်တယ်ဗျာ။ သူတို့ပဲ လိုချင်လို့ တောင်းပေးပါ ဆိုလို့ ကျွန်တော် တောင်းပေးရတာ၊ ခု အယ်ဒီတာက မထည့်ချင်ဘူးတဲ့"

သူ့စိတ်ထဲတွင် အတော် မခံချင်ပုံ ရ၏။

"အယ်ဒီတာဆိုတာ ဘယ်စာမူဖြစ်ဖြစ် ပယ်ပိုင်ခွင့် ရှိတာပဲ။ မထည့် ချင်တော့လည်း နေပေစေပေါ့။ ကိုချစ်လှိုင်ရာ" ဟု ကျွန်မက အေးအေးပင် ပြန်ပြော၏။

"မဟုတ်ဘူးဗျ၊ ကျွန်တော် စိတ်ဆိုးတာက သူက ပယ်ရတဲ့ အကြောင်း မှာ (Theme) မကောင်းလို့ ရေးပုံမကောင်းလို့ မဟုတ်ဘူးတဲ့၊ 'ဦးနုနှမ' မို့လို့တဲ့ဗျာ"

ကိုချစ်လှိုင်သည် ပုဂ္ဂိုလ်စွဲကို မုန်းတီးဟန် ရှိ၏။ ကျွန်မကမူ ဟက် ဟက်ပက်ပက် ရယ်လိုက်ပါသည်။

"နောက်တစ်ခါဆိုရင် ဘယ်တော့မှ ဒီလူတွေကို ရေးမပေးနဲ့ဗျာ" ဟု သူက ထပ်၍ ပြောပါသည်။ ဤကဲ့သို့ပင် အသားလွတ်သက်သက် လိုချင်သည်ဟု တောင်းပြီးမှ မပြထိုက်သော အကြောင်းပြကာ အပယ်ခံရ သော စာမူများလည်း ကျွန်မတွင် ရှိပေသည်။ (ယခု တော်လှန်ရေးကောင်စီ တက်လာသောအခါတွင် ကျွန်မ၏ ကြိုးနီကို ပယ်လိုက်သော လူတစ်စုက လက်သီးလက်မောင်းတန်း၍ ကြိုးနီစက်ယန္တရားကြီးကို ဖြိုခွင်း ရမည်ဟု တလောက ကြွေးကြော်သံ ကြားရသောအခါ ကျွန်မသည် ကျိတ်၍ ရယ်မိ ၏။ ကိုချစ်လှိုင်သည်လည်း ရယ်မောကောင်း ရယ်မောပေလိမ့်မည်။)

ထိုကိစ္စမှာ 'ခင်နှင်းယု' အဖြစ် နာမည်မတက်ခင်က ဖြစ်၏။ ယခု ခင်နှင်းယုအဖြစ် နာမည်တက်လာပြန်တော့လည်း 'အပယ်မခံရတော့ဘူး လား' ဟု မေးစရာ ရှိပါသည်။ ကျွန်မ၏ ခင်ပွန်းသည် ဗိုလ်ကြီးကျော် သောင်းကိုယ်တိုင်က မြဝတီတွင် အယ်ဒီတာလုပ်စဉ်က ကျွန်မ၏ ဝတ္ထု အား မှတ်ချက်နှင့်တကွ ပယ်၏။ တချို့ ဝတ္ထုများကိုလည်း အကြောင်းမပြ ဘဲ ပယ်၍ ကျွန်မ ဝတ္ထုများသည် စာအုပ်ပေါ်မက အယ်ဒီတာ စားပွဲပေါ်သို့ ပင် မရောက်ဘဲ ဗိုလ်ကြီး ကျော်သောင်း၏ အိမ်စားပွဲတွင်ပင် အစပျောက်ရ၏။

mgyoe.com

mgyoe.com


ယခုတလောပင် သခင်သာခင်က အိမ်ကို လာရောက်လည်ရင်း ရောက်ရောက်ချင်း သူ နှုတ်ဆက်လိုက်သည်က–

"ဘယ့်နှယ် မိခင်ယု၊ ခင်ဗျား စာမူ ရှမဝ ပယ်ဆိုပါလား" ဟု မေး၏။

"ဟုတ်ကဲ့၊ ရှုမဝကတင် မဟုတ်ဘူး။ မြဝတီကလည်း ပယ်တယ်" ဟု ကျွန်မ ဖြေလိုက်ပါ၏။

"ဘာတွေရေးထားလို့လဲ"

"ကျွန်မ ရေးတာကတော့ ကျွန်မချစ်တဲ့သူကို ကြိုက်တော့ ကြိုက်ပါရဲ့၊ လက်မထပ်နိုင်ဘူး ဆိုတဲ့ အကြောင်း ရေးတာပဲ"

ကျွန်မသည် ဒါပင် ပြန်၍ ဖြေတတ်ပေသည်။ အယ်ဒီတာတို့ကို အပြစ်တင်စရာ မဟုတ်ပေ။ သူတို့သည်လည်း သူတို့၏ ဦးနှောက်အား "ဘောင်တစ်ခုခုတွင် သွတ်သွင်းထားကြရလေရာ ထိုဘောင်နှင့် အံမကိုက်ညီငြားအံ့၊ ကျွန်မတို့ စာမူများသည် အပယ်ခံရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့်ပင် မဖြစ်တဖြစ် စာရေးဆရာများရော၊ ဖြစ်ပြီး စာရေးဆရာများရော သေသေချာချာ တွေးကြည့်လျှင် အပယ်ခံခြင်းသည် ကြီးကျယ်သော ပြဿနာ မဟုတ်သည်ကို လက်ခံလာကြပေလိမ့်မည်။

တစ်နေ့ကပင် ကျွန်မ၏ဆရာ ဦးသန်းဆွေက–

"မခင်ယု၊ ခင်ဗျား စာမူကိုတော့ ကျွန်တော် သတ္တိရှိရှိ ပယ်ရဲတယ်ဗျ။ တခြားလူတွေက ပယ်ရင် တယ်ရန်တွေ့တာကိုး" ဟု သူ ပြောသွားလေသည်။

အဆုံးတစ်နေ့တွင်မူ ကျွန်မတို့ အသည်းနှလုံးကြားတွင် အိပ်စက်နားနေလိုပါသည်ဟု အစဉ် ပြောလာသော ချစ်သူပင်လျှင် ကျွန်မတို့အား ကျောက်သားများ ဝိုင်းရံထားသော ဂူတွင်းဝယ် တစ်ယောက်တည်း ထားခဲ့မည် ဖြစ်ပေသည်။

ထို 'အပယ်' ခံရခြင်းထက် မည်သည့် ပစ်ပယ်ခံရခြင်းသည် ကြီးကျယ်ပါဦးမည်နည်း။

ရှုမဝမဂ္ဂဇင်း။

■

mgyoe.com

mgyoe.com


## ရဲဘော်ဇနီး၏ ကဗျာကြမ်းကြီး

သူငယ်ချင်းကောင်း ယောက်မတို့လေ။

ငါတို့ဌာနေ၊ သာဖွယ်ထွန်းတဲ့၊ ကျွန်းနုမြေမှာ၊ အခြေတုလွတ်၊ ပန်တပွတ်တဲ့ဟေ့။ သာညွှတ်ရွှင်ကြည်၊ ဧရာဝတီနဒီကမ်းဘေး၊ အေးကလည်းအေးသနဲ့၊ အရှေ့ကိုပြေးလျှင်၊ ကွေးကွေးညင်ညင်၊ ရေပြင်တချောင်း၊ သိုက်ဟောင်းစကားလာ၊ ရွှေချိုးဖြူနဲ့ မူလခဲတို့၊ စံမြိပျော်ရာ၊ ရေဝန်းသာတဲ့။

တို့တပ်မဟာ၊ အမည်သစ်တဲ့၊ ရှမ်း (တစ်) မှသည်၊ တောင်ဘက်ဆီသို့၊ သီသီငယ်ယွန်းလျှင်၊ ငယ်ကျွမ်းတို့ပျော်စခန်း၊ မရမ်းကွေ့ခေါ်၊ ရွာအဖော်နှင့်၊ တသီတစင်၊ ထန်းပင်ကွေ့ကို တွေ့လိမ့်မယ်။

အနောက်ကိုတည့်တည့်၊ မျှော်ပြန်ခဲ့မူ၊ ပြံ့ပြံ့ထင်ထင်၊ မအူပင်မြို့ကြီး၊ မနီးမဝေး၊ မယ်တို့ဆီမှ၊ ပပဝတီ အမည်မွေးတဲ့၊ မော်တော်လေးနဲ့၊ မနှေးနှင်လျှင်၊ တစ်နေ့တွင် ငါးခေါက်၊ အရောက်သူပို့လို့၊ တို့တစ်တွေမှာ၊ အနေမချို့ခဲ့ဘူးကွယ်။

တို့တပ်ရင်းက၊ စိုက်ခင်းမြေမှာ၊ မနှစ် တစ်နွေ၊ မိုးလေမှန်မှန်၊ ပိုးနှံငယ်ကင်းလေတော့၊ စပါးတင်း ထောင်ကျော်၊ ပျော်ပျော်ရောင်းလို့၊ စုပေါင်းရှင်ပြု၊ လှူလိုက်တဲ့ အလှူကြီး၊ ရွာနီးချုပ်စပ်၊ ပရိသတ်လည်း၊ လေးမဏ္ဍပ်ပြည့်လျှံ၊ ကျွက်ကျွက်ညံလို့၊ ဟန်ပန်လည်းမထား၊ လက်ရည်တစ်ပြင်၊ စားလိုက်ပုံ အလျင်မတော့၊ မြန်ခွင်ပြည်သား ပီပါရဲ့။

mgyoe.com

mgyoe.com


တပ်နားကအဆွေ၊ ကရင်မြေရပ်က၊ သူတို့တွေလည်း၊ မနေပေဘူး၊ ပလွေကို သီကျူးလို့၊ မြူးလို့ရယ်ကခုန်၊ ဒိုးပတ်လည်း စုံသလေး၊ ပပေထုံ အိုးစည်နဲ့၊ ရှမ်းကိန္နရီလည်း တောင်ပံကြော့ကို၊ မော့မော့မိုလို့၊ မောင်းသံ ငယ်ချီသောခါ၊ နဒီသာမွန်း၊ တို့မြစ်ကမ်းကို၊ ဝတီနန်းလို့ ထင်လောက် တယ်။

မောင်မယ်စုံခိုက်၊ သားမောင်လေးကို ဆံထွေးချလို့၊ အမတပြည် နန်း၊ လှမ်းပါစေကြောင်း၊ သကၠန်းတောင်းပရိက္ခရာ၊ ရှင်ဖြစ်သောအခါမှာ၊ လာလာသမျှ၊ ရေစက်ကယ်ချလို့၊ ဝေငှတဲ့အမျှ၊ "ရှင်တို့ကော မရလိုက်ဘူး လား"၊ တပ်ဦးက မျှဝေသံမှာ၊ မိုးလုံးပင် ညံပါရော။

ဆောင်းနှင်းငယ်ပျောက်၊ နွေရောက်လျှင်တော့၊ ခြောက်ခြောက်သွေ့ သွေ့၊ လာသူကို ရွှင်ပျော်မွေ့အောင်လို့၊ ထားနိုင်ပေ့ ထင်ပါရဲ့။ ရွှင်ရွှင်အေး အေး၊ မန္တလေးရင်ကွဲ၊ တစ်ပင်လုံးများ တွဲရရွဲကျအောင်၊ အသီးက ဆောင် ပါသနဲ့၊ မမှည့်ခင်တွင်၊ ယောင်လို့များတော့ မစားချင်နဲ့၊ တငင်ငမ်းငမ်း၊ လက်သရမ်းက၊ "ကွာတာ" စခန်း၊ လှမ်းရလိမ့်မယ်၊ ရွှေရောင်ငယ်ပေါက်၊ မှည့်လောက်လျှင်တော့၊ ဗိုက်ပေါက်အောင်ပင်၊ စားချင်သလောက် စားပါ ရော့။

အေးအေးငြိမ်ငြိမ်၊ စစ်ရပ်နားလို့ မောင်ပြန်ချိန်မှာ၊ တို့အိမ်မိသား၊ ပေါင်းစုလို့စားပုံက၊ လယ်ငါးလတ်လတ်၊ ရေစပ်စပ်နဲ့၊ သုံးဦးထပ် ငါးပိ ထောင်း၊ မိုးမျှော်နဲ့ပေါင်းလို့၊ ကောင်းလိုက်လေလျှာအတွေ့၊ ယောက်မတို့ ကိုပင် မေ့လောက်ပါပေ့၊ ခလေ့အခြေ၊ တို့အနေမှာ၊ လယ်မြေရွာနား၊ တောင်သူများနဲ့ မခြားဘူးကွယ်။ တစ်ဖုံရယ်မှတစ်နန်း၊ တို့တပ်ရှမ်းမှာ၊ တောင် တန်းသူ့အနေ၊ ကိုအိုက်ပန်းတို့ တန်းလျားရှည်မတော့၊ ပဲခြမ်းကို ခြေ၊ အမှုန့်မွှေလို့၊ တစ်ထွေတစ်ထူး၊ တိုဟူးကိုသုပ်၊ ငရုတ်စပ်စပ် ပဲပုပ် ကယ်ဆိမ့်ဆိမ့်၊ ခရမ်းချဉ်နှင့် အငြိမ့်သာ လွေးတဲ့ခါ၊ လျှာရသာ အတွေ့ ထူးကလည်း၊ မူးလောက်ပေငဲ့။

ဉာဏ်ပွင့်ချဉ်ဝါပြေပြေ၊ ငါးပိရေနဲ့၊ ငါးဖယ်တေတေထုလို့၊ ပြုချင် ကျွေးချင်၊ မပြောင်းခင်ကို၊ အလျင်လာခဲ့ပါလားနော်။

မိုးဦးငယ်မှရေဦး၊ တောင်လေမြူးစ၊ နယုန်မှသည်၊ ဝါလလည်လျှင်၊

mgyoe.com

mgyoe.com


မယ်တို့ဆီမှာ၊ ရွှံ့ရည်ကပျစ်ပျစ်၊ ဒူးဆစ်ကိုတိုင်တိုင်၊ မိုးကလည်း ဖြိုင်ဖြိုင်မှာ၊ အပြိုင်ဆုတ်ကြဲ၊ ခြင်တွေခဲသနဲ့၊ တကတဲစိတ်ထ၊ ဒေါပင်ပွသော်လည်း၊ "တို့မှာတစ်ခဏ၊ ရွှံ့ဗွက်ကို ရှန်း၊ ခြင်နဲ့သာ လုံးရသေး၊ အဝေးရပ်မြေ၊ ငယ်ကချစ်တဲ့ မယ့်စစ်ဆွေမှာ၊ အနေဘယ်သို့၊ အစားဘယ်ပုံ၊ ရန်များကော လုံပါစ၊ တို့ဖြစ်ပုံက တော်ရုံတော်သေး" ကိုယ့်စိတ်ကိုယ်မွေးလို့၊ အားပေးရသေးသတော်။

စစ်ထွက်ချိန်မတော့၊ အိမ်သူမလေး၊ မအေးနိုင် မထွေးနိုင်၊ တငူငူတငိုင်ငိုင်၊ မခိုင်စိတ်ဝမ်း၊ အတိုက်ကြမ်းလို့၊ စခန်းတစ်မြေမှာ၊ တစ်ယောက်တလေ၊ ဒဏ်ရာရတယ်လို့၊ ကြားတယ်ဟဲ့ ဆိုလေလျှင် "အလိုဘုရား၊ ငါ့ယောကျ်ားတော့၊ လွဲပါစေ ဖယ်ပါစေ" နှုတ်ကပင် ခြွေမိရဲ့၊ များလိုက်လေအတ္တ၊ နောင်မှပင် သတိရလို့၊ ကိုယ့်ဆုတောင်းကို၊ ပြန်ပြောင်းကာ ပြင်ရရဲ့။ ကမ်းပါးပင်ညွတ်လု၊ သက်ပုရဲ့ သက်နှံ၊ ကိုယ့်ချစ်သူအပြန်မှာ၊ ဒဏ်ရာမရှိ၊ ပကတိသာမော၊ ချောပါစေရန်အပေါင်း၊ မေတ္တာရေလောင်းရသည်မှာ၊ ချောင်းများပင် ပေါက်လုတယ်။

တပ်ရင်းရယ်မှမှူးကြီး၊ ဇနီးရယ်အိမ်သူ၊ သူလည်းလေ ပူရှာထင့်၊ တငင့်ငင့် တချောက်ချောက်၊ စိပ်ပုတီးပင် ကြေလောက်ငဲ့၊ အာများလည်း ပေါက်မတတ်၊ ရွတ်ဖတ်သရဇ္ဈာယ်၊ အန္တရာယ်ကင်းကြောင်း၊ ပရိတ်မေတ္တာ၊ ဘာဝနာနဲ့၊ ဂါထာမန္တန်၊ ရပ်ကြီးသူဟန်ပန်နဲ့ စာပြန်သည့်အနေလို၊ သူ့မှာတော့ ဆိုနိုင်သား၊ ပါဠိလည်း မမှားပေဘူး။

မိညိုမိအေး၊ တို့အုပ်စု တစ်ထွေးမှာတော့၊ စာရေးစာဖတ်၊ မပတ်မလည်၊ စိတ်မကြည်လို့၊ ရင်ဆီမှာပွေ့လျှင်၊ သမ္ဗုဒ္ဓေကို၊ ကပေါက်ချေကပေါက်ချာ၊ ရွတ်လို့များ မရပါရော့။

အေးကလည်း အေးနိုင်ဘူး၊ ရန်ပင် ရန်ကြူး၊ မကူးပလို၊ အချစ်ငယ်ပိုချင်ရဲ့၊ တစ်ဖက်သတ် အမြင်နဲ့၊ အပြစ်လည်း မတင်လိုပါ၊ ရန်မင်သူအပေါင်းကို၊ ဘယ်ကျောင်း ဘယ်ဆရာ၊ မေတ္တာစာ သည်တရားကို၊ ဟောကြားပါ့မယ်။

ကျွန်မတို့အနေ "ငြိမ်းမယ်ဟေ့..." ဆိုပါလေလျှင်၊ သပြေပင်လုံး၊ အမြစ်ပါခြုံးလို့၊ တစ်တောလုံး အပင်တွေ၊ ဘုရားမြတ်စိန္တေမှာ၊ ပင်ခက်ဝေ၊

mgyoe.com

mgyoe.com


စိုက်ထိုးလို့၊ ရှိခိုးလိုက်ချင်ရဲ့။

ပျော်ပျော်ရွှင်ရွှင်၊ လည်ဖက်တွဲလို့၊ ချစ်ပွဲငယ်ဝင်၊ ရန်ပင်မပွား၊ အာဃာတတွေ အသာထားလို့၊ စိုက်လိုက်လေ ပျိုးလိုက်လား၊ အများစုညီညီ၊ တပ်ပေါင်းစု ချီပွဲကို၊ တကတဲ မှီချင်ဓော၊ မလေးတို့တစ်တွေမှာ၊ အားသစ်ခြွေ ဘဝင်စောလို့၊ မောရှာရတယ်။

မပြေရယ်မှမပြစ်၊ သနစ်ကယ်စုံ၊ အကုန်ပြွမ်းရော၊ စာကြမ်းတောကို၊ သဘောညီမျှ၊ ချောချောကျရင်ဖြင့်၊ လာစမ်းပါ့ တို့ဌာနေကို၊ ငယ်နေငယ်ဖော်၊ မတော်စကောင်းသည့်၊ ယောက်မတို့ တစ်တွေလေး... နော်အဝေး။

ရှမ်ဝမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၆၇။

■

mgyoe.com

mgyee.com

# ရှေ့ပုဆိန်

ရှေ့လလွန်လျှင် သခွတ်ပန်းတို့ ပွင့်ကြပေတော့မည်။ သခွတ်ပန်းများ ပွင့်လျှင် အသူရာနှင့် မာဃတို့ စစ်ဆင်ကြမြဲ ဖြစ်၏။ မိုးခြိမ်းသံကြားလျှင် ထိုမိုးခြိမ်းသံကို သူတို့၏ တိုက်ပွဲများမှ လက်နက်သံများ အဖြစ်သော်လည်းကောင်း၊ နတ်စည်အဖြစ်သော်လည်းကောင်း စာဆိုတို့က ကဗျာဖွဲ့ကြ၏။

ထို့ကြောင့်ပင် "သခွတ်ကယ်တဲ့ ပွင့်စချိန်" ကဗျာ ပေါ်ခဲ့ရလေသည်။

အကယ်ပင်လည်း အသူရာနှင့် မာဃတို့သည် သခွတ်ပွင့်ချိန်တွင် စစ်ဖြစ်ကြလေသလား။ သတ်ပုံသံပေါက်တွင်တော့ "သခွတ်ပွင့်ချိန်၊ အသူရိန်၊ ဝတီသာသို့ဆင်း" ဟူ၍ စပ်ဆိုထား၏။

ကျွန်မအဖို့တော့ ဤအသူရာနှင့် မာဃတို့အကြောင်းကို မှီး၍ "သခွတ်ပန်း" အမည်နှင့် ဝတ္ထုတစ်ပုဒ် ရေးသား၍ ပြီးခဲ့ပြီ။ ရုပ်ရှင်လည်း ရိုက်၍ ပြီးခဲ့ပြီ။

ယခု ဖေဖော်ဝါရီလတွင် သခွတ်ပန်းဝတ္ထုကို စတုတ္ထအကြိမ် ပြန်လည်ထုတ်ဝေရပြန်သည်။

တိုက်တိုက်ဆိုင်ဆိုင် သခွတ်ပန်းစာအုပ် ထွက်ချိန်မှာမှ ကောင်းကင်

mgyee.com

mgyoe.com

က မိုးခြိမ်းသံကို ကျွန်မ ကြားနေရ၏။ ကောင်းကင်မှာလည်း အသူရာနှင့် မာဃသည် စစ်ပြင်စပြုနေပြီ ထင်ပါသည်။ မြေပြင်တွင်လည်း စစ်ဆင်နေကြသည်။

ကသစ်ပန်းနှင့် သခွတ်ပန်း နှစ်ပွင့် ခြားနားချက်လေးကြောင့် ကောင်းကင်တွင် စစ်ပွဲကြီး ဖြစ်ရသည်ကို တွေးမိတိုင်း ဘဝတဏှာအကြောင်းကို ကျွန်မ စဉ်းစားမိ၏။

သခွတ်ပန်းကို တော်လှန်ရေးကောင်စီ တက်ပြီးမှ ကျွန်မ ရေး၏။ ထိုဝတ္ထုထွက်ပြီးနောက် မဂ္ဂဇင်းကြီး တစ်စောင်မှ သခွတ်ပန်းဝတ္ထုကို ဝေဖန်လိုက်သည်မှာ ပက်ပက်စက်စက်ပင်တည်း။ နောက်ဆုံး စာကိုတင် မဟုတ်၊ စာရေးသူ ကျွန်မကိုပင် "ချဉ်" လိုက်တာ ဟူ၍ ရေးသားထား၏။ ကျွန်မ အဖို့တော့ ဝေဖန်စာကို ဖတ်ရင်း ရယ်မိ၏။ ဝေဖန်စာကို ထည့်ပေးသူ မဂ္ဂဇင်းကြီးကလည်း အဓိကရ၊ ကျွန်မနှင့် အလွန်ရင်းနှီး၍ ကျွန်မ အလွန်လေးစား၏။

ဝေဖန်သူ စာရေးဆရာကြီးကလည်း ကျွန်မထက် နှစ်ခေတ်ခန့် စော၍ မြန်မာစာပေနယ်တွင် နာမည်ကြီးလာ၍ ကျွန်မ စိတ်ထဲတွင် ဆရာသမားအဖြစ် အမြဲလေးစားခဲ့သူ ဖြစ်၏။ သူနှင့် ကျွန်မ "ချဉ်" ကြရလောက်အောင် မုန်းစရာ အာဃာတဖြစ်စရာ အနာဂတ် မရှိခဲ့ဖူးပါပေ။ "သူ ဘာဖြစ်၍များ ငါ့ကို ချဉ်ပါလိမ့်" ဆိုသည်ကိုတော့ ခဏခဏ တွေးမိ၏။ ဝေဖန်ခြင်းအတွက် သူ့ကိုရော၊ မဂ္ဂဇင်းကိုရော စိတ်မဆိုးပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်မတို့ စာရေးရာတွင် ပင်ရင်း မြန်မာစာပေနှင့် အနောက်နိုင်ငံ စာပေကျမ်းဂန် အရပ်ရပ်တို့ကို ကျွမ်းကျင်၍ စာရေးတတ်သောကြောင့် စာရေးဆရာဖြစ်သူတို့လည်း ရှိ၏။ ရင်ထဲအသည်းထဲမှ စာရေးချင်သော ဆန္ဒ မွေးလာကတည်းက ပါလာ၍ မိမိခံစားရသမျှ ဘဝကိုက ဇာတ်လမ်းစုံသောကြောင့် တင်ပြချင်သော စာရေးသူတို့လည်း ရှိ၏။ သော့(တ်)ခေါ် အတွေးအတောလေးကို တင်ပြချင်ကြခြင်း ဖြစ်သည်။ ကျော်ကြားခြင်း၊ မကျော်ကြားခြင်းတို့မှာ ကံ ကံ၏ အကြောင်းတရားဟု ထင်ပါသည်။ ထို့အတူ အရသာရှိရှိ ဖတ်ရသူ ခံစားချက်ပေါ်အောင် ဖော် နိုင်၊ မနိုင်မှာ တင်ပြနေချိန်တွင် ပေါ်လာသော အာရုံ
mgyoe.com